# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့်အတူနေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့်အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့်အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက် စနေနေ့။ Saturday, 20 May 2017 (၈၉၃၀)


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဆားဘီးယားဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်အား တွေ့ဆုံ

စာမျက်နှာ » ၃

အသက် (၉၀)နှင့်အထက် အဘိုးအဘွားများအား တစ်လလျှင် ငွေကျပ် ၁၀၀၀၀နှုန်း ထောက်ပံ့ပေးရန် စီစဉ်လျက်ရှိ

စာမျက်နှာ » ၅

ရခိုင်ပြည်နယ်၏ စီးပွားရေးအခွင့်အလမ်းများ

အချပ်ပိုစာမျက်နှာ »





(၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပစဉ်။

# တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်သူမြတ် အပါး ၉၀ တို့အား ချီးကျူးပူဇော်ကာ အောင်လက်မှတ်ဆက်ကပ်ပွဲ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပ

**သာသနာတော် ညှိုးမှိန်ကွယ်ပျောက်အောင် ထေရဝါဒ ပိဋကတ်စာပေနှင့် ဆန့်ကျင်သောဟောပြောမှု၊ မိမိ၏ အတွေးအခေါ်သက်သက် အယူအဆများထည့်သွင်း၍ ဟောပြောမှု၊ ရေးသားထုတ်ဝေဖြန့်ချိနေသည့် မိုးပြာဂိုဏ်းသား အဓမ္မဝါဒများမှာလည်း ပြန်လည်သက်ဝင်လှုပ်ရှားလျက်ရှိနေကြသဖြင့် စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များအနေဖြင့် သာသနာတော်သန့်ရှင်းရေးဆောင်ရွက်နိုင်မည်ဟု မျှော်လင့် . . .**

ရန်ကုန် မေ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပခဲ့သော (၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်အပါး ၉၀ တို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုမင်္ဂလာစာရာဘိဝံသထံမှ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေးတို့ အမှူးပြုသော ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သာရဏီယဩဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇမ်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဖတ်ကြားချီးမြှင့်တော်မူရာတွင် (၆၉)ကြိမ်မြောက်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍


KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ပြည်သူနှင့်အတူ

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အာမေးနီးယား ခရစ်ယာန်ဘုန်းတော်ကြီးအား တွေ့ဆုံ

**နေပြည်တော် မေ ၁၉**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ၊ စင်ကာပူနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ အာမေးနီးယား ခရစ်ယာန်ဘုန်းတော်ကြီး Very Rev. Fr. Zaven Sargis Yazichyan အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် လူနည်းစုသာရှိသည့် အာမေးနီးယားအသိုက်အဝန်းနှင့် အာမေးနီးယားဘာသာစကား၊ ယဉ်ကျေးမှုနှင့် အမွေအနှစ်တို့ကို ကြည့်ရှုစောင့်ရှောက်ပေးပါရန် ဆွေးနွေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဘုန်းတော်ကြီးနှင့်အတူ လိုက်ပါလာသော မြန်မာ-အာမေးနီးယားမျိုးနွယ်စုမိသားစုဝင်ဖြစ်သည့် ဦးရစ်ချက်မိုင်းနက်စ်နှင့် ဒေါ်ရေချယ်မိုင်းနက်စ်တို့ကိုလည်း တွေ့ဆုံအားပေးစကားပြောကြားသည်။

**(သတင်းစဉ်)**





## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဆားဘီးယားဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်အား တွေ့ဆုံ

**နေပြည်တော် မေ ၁၉**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဆားဘီးယားနိုင်ငံဝန်ကြီးချုပ် H.E.Mr. Aleksander Vucic ၏ အထူးကိုယ်စားလှယ်၊ ဆားဘီးယားနိုင်ငံ ခေတ္တလက်ထောက်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Goran Aleksic အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး ခေတ္တလက်ထောက်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Goran Aleksic သည် ဆားဘီးယားနိုင်ငံဝန်ကြီးချုပ် H.E.Mr. Aleksander Vucic ထံမှ စာကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ ပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**

## ၂၀၁၇ ခုနှစ် ဧပြီလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၁၀၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၁၁၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် မေ ၁၉**
နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်း ဝင်ငွေတိုးပွားစေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဧပြီလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၁၀၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၁၁၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ၂၀၁၇ ခုနှစ် ဧပြီလအတွင်း ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုမှာ အစိုးရနှင့် ပုဂ္ဂလိကနှစ်ရပ်ပေါင်း ပြည်ထောင်စုနယ်မြေတွင် ၁၈၁ နေရာ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၈၃၂၁ နေရာ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၉၁ နေရာ၊ ပဲခူးတိုင်းဒေသကြီးတွင် ၉၈၅ နေရာ၊ မန္တလေးတိုင်းဒေသကြီးတွင် ၅၉၈ နေရာ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၃၀ နေရာ၊ မကွေးတိုင်းဒေသကြီးတွင် ၅၇၈ နေရာ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၈၀ နေရာ၊ ကချင်ပြည်နယ်တွင် ၆၈ နေရာ၊ ကယားပြည်နယ်တွင် ၁၂ နေရာ၊ ကရင်ပြည်နယ်တွင် ၇၆ နေရာ၊ ချင်းပြည်နယ်တွင် ၈၂ နေရာ၊ မွန်ပြည်နယ်တွင် ၉၅ နေရာ၊ ရခိုင်ပြည်နယ်တွင် ၁၃၆ နေရာ၊ ရှမ်းပြည်နယ်တွင် ၁၆၇ နေရာ စုစုပေါင်း ၁၁၈၀၀ ခန့်ထားနိုင်ခဲ့သည်။

၂၀၁၇ ခုနှစ် ဧပြီလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအခြေအနေမှာ မလေးရှားနိုင်ငံသို့ ၇၄ ဦး၊ စင်ကာပူနိုင်ငံသို့ ၁၈ ဦး၊ ကိုရီးယားနိုင်ငံသို့၆၆၁ ဦး၊ ထိုင်းနိုင်ငံသို့ ၉၄၃၇ ဦး၊ ဂျပန်နိုင်ငံသို့ ၂၆၈ ဦး၊ ယူအေအီးသို့ ၁၄ ဦး၊ ကာတာနိုင်ငံသို့ ၁၈ ဦး၊ မကာအိုနိုင်ငံသို့ တစ်ဦး စုစုပေါင်း ၁၀၄၉၁ ဦးအတွက် ပြည်ပအလုပ်အကိုင် ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

**(နိုင်လင်းကြည်)**

## စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆရာဝန် ၅၀၀ ကျော်နှင့် သူနာပြု ၂၀၀၀ နီးပါး လိုအပ်သော်လည်း ဖြည့်ဆည်းပေးရန် မဖြစ်နိုင်သေးဟုဆို

**မုံရွာ မေ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆရာဝန် ၅၂၉ ဦး၊ သူနာပြု ၁၇၀၇ ဦး လိုအပ်ချက် ဖြစ်ပေါ်နေပြီး လတ်တလော ဖြည့်ဆည်းပေးရန် မဖြစ်နိုင်သေး၍ ရေရှည်စီမံချက်များ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းထံမှ သိရသည်။

ဟုမ္မလင်းမြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအတွက် ဆရာဝန်၊ ဆရာမများလိုအပ်ချက်နှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခက်အခဲကို တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအစိုးရနှင့် ချိတ်ဆက်၍ မည်သို့ကူညီဆောင်ရွက်သွားမည်ကိုသိရှိလိုကြောင်း ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်က မေ ၁၉ ရက်က ကျင်းပသော ဒုတိယအကြိမ် စစ်ကိုင်းတိုင်း ဒေသကြီးလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် မေးမြန်းရာ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ဖြေကြားခဲ့ခြင်းဖြစ်သည်။

"လတ်တလောမှာ ၂၀၁၇ ခုနှစ် မေ ၁၃ ရက် အမိန့်စာအရ ဆေးဘက်ကျွမ်းကျင်-၄ ခွဲစိတ်မှန်တစ်ဦး၊ စိစစ်ရေးမှူး လေးဦး၊ ဆေးမှတ်တမ်းတစ်ဦးနှင့် ဆေးဘက်ကျွမ်းကျင် လေးဦး (ဆေးစပ်)တို့ကို ခန့်ထားခဲ့ပြီးဖြစ်ပါတယ်။ ဟုမ္မလင်းဆေးရုံအတွက် လက်ရှိဝန်ထမ်းများနဲ့သာ လတ်တလော ကျန်းမာရေးစောင့်ရှောက်မှု ပေးနေရမှာဖြစ်ပါတယ်"ဟု ဒေါက်တာဇော်ဝင်းက ပြောသည်။

ဟုမ္မလင်းမြို့ ဆေးရုံတွင် ဆေးပညာ၊ ကလေး၊ ခွဲစိတ်၊ အရိုး၊ သားဖွားမီးယပ်၊ မေ့ဆေး၊ ဓာတ်မှန်၊ မျက်စိအထူးကု စသည့် ပါရဂူရှစ်မျိုးကို ခန့်ထားပြီး အငယ်တန်းဝန်ထမ်း ဦးရေနည်းပါးနေ၍ နေ့စားဝန်ထမ်း ၁၆ ဦး ခန့်ထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဟုမ္မလင်းဆေးရုံကြီး၏ ငါးနှစ်စာဆေးရုံဆောင်ရွက်မှုနှိုင်းယှဉ်ချက်အရ တစ်နေ့လျှင် ပျမ်းမျှဆေးရုံတက်လူနာ ၅၀ ရာခိုင်နှုန်းပင် မပြည့်သည်ကို စိစစ်တွေ့ရသလို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခု၊ မြို့နယ် ၃၇ ခုတွင် ခုတင် (၁၀၀)နှင့်အထက် ဆေးရုံ ၁၀ ရုံရှိပြီး ခုတင်(၁၀၀)ဆံ့ ဆေးရုံအပါအဝင် ဆေးရုံ ၁၀ ရုံ၏ လုပ်ငန်းများကို ခန့်ထားသောဝန်ထမ်းများက ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

မိုးပေါ်ကရေ မြေပေါ်ကတော
မိုးရေကို ငွေလိုစု ရွှေဥတဲ့တော

# အမေရိကန် ဓာတ်ရောင်ခြည်ထောက်လှမ်းရေးလေယာဉ်ကို တရုတ်လေတပ်မှ ဂျက်တိုက်လေယာဉ်များကြားဖြတ်ဟန့်တား





**ဝါရှင်တန် မေ ၁၉**

အရှေ့တရုတ်ပင်လယ်ဝေဟင်အတွင်း နိုင်ငံတကာလေကြောင်းပျံသန်းရေးဇုန်၌ ပျံသန်းနေသည့် အမေရိကန် ဓာတ်ရောင်ခြည်ဖြာထွက်မှု ထောက်လှမ်းရေးလေယာဉ်တစ်စင်းကို တရုတ်လေတပ်မှ အက်စ်ယူ ၃၀ ဂျက်လေယာဉ်နှစ်စင်းက ကြားဖြတ်ဟန့်တားမှု ပြုလုပ်ခဲ့ကြောင်း ယနေ့ရိုက်တာသတင်းတွင်ဖော်ပြသည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ သံတမန်ရေးနှင့်စစ်ဘက်ဆိုင်ရာ လမ်းကြောင်းများမှတစ်ဆင့် ဆွေးနွေးဖြေရှင်းမည်ဖြစ်ကြောင်း အမေရိကန်လေတပ်ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး လော်ရီဟုဒ်ချ်က ပြောကြားသည်။

ယင်းဖြစ်ရပ်နှင့်ပတ်သက်သည့် ရှေးဦးစွာရရှိသောသတင်းများပေါ် အခြေခံပုံဖော်ချက်အရ ဒဗလျူစီ-၁၃၅ အမျိုးအစား ဓာတ်ရောင်ခြည်ထောက်လှမ်းရေးလေယာဉ်သည် တရုတ်စစ်လေယာဉ်နှစ်စင်း၏ ကြားဖြတ်ဟန့်တားမှုနှင့်တွေ့ကြုံခဲ့ရကြောင်း အမေရိကန်လေတပ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

နျူကလီးယားပေါက်ကွဲမှုများကို စုံစမ်းဖော်ထုတ်ရာတွင် အသုံးပြုသော ဒဗလျူစီ-၁၃၅ လေယာဉ်သည် နိုင်ငံတကာ ဥပဒေများနှင့်အညီ ပျံသန်းနေခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ရိုက်တာ။**



# ဂျပန်နိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားခရီးသွားဦးရေ ယခုနှစ်အတွင်း ၁၀ သန်းပြည့်ပြီဖြစ်ကြောင်း တာဝန်ရှိသူများပြောကြား

**ကျိုတို မေ ၁၉**

မေ ၁၃ ရက်တွင် ဂျပန်နိုင်ငံသို့ နိုင်ငံခြားခရီးသွားများ လာရောက်လည်ပတ်သူဦးရေ ၁၀ သန်းပြည့်ခဲ့ပြီဖြစ်ကြောင်း ဂျပန်ခရီးသွားလာရေးအဖွဲ့က ခန့်မှန်းပြောကြားခဲ့သည်ဟု အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ယခုနှစ်တွင် ယမန်နှစ်ကထက် ရက်သတ္တသုံးပတ်စောကာ ခရီးသွားအရေအတွက် ၁၀ သန်းကျော်ပြည့်မီခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ယခုကဲ့သို့ စောစီးစွာ ခရီးသွားအရေအတွက် ၁၀ သန်းပြည့်မီခြင်းသည် တရုတ်အပျော်စီးသင်္ဘောအများအပြား ဂျပန်နိုင်ငံသို့ ဆိုက်ရောက်ခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။

ဧပြီ တစ်လတည်းမှာပင် နိုင်ငံခြားခရီးသွား ၂ ဒသမ ၆ သန်းလာရောက်ခဲ့သည်။

ထိုသို့ နိုင်ငံခြားခရီးသွားဦးရေ မြင့်တက်လာခြင်းမှာ တောင်ကိုရီးယားနိုင်ငံမှ လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းခဲ့ခြင်းကြောင့်လည်းဖြစ်သည်ဟု တာဝန်ရှိသူများက ယူဆကြသည်။

ဂျပန်နိုင်ငံသို့ လာရောက်ခဲ့သည့် တောင်ကိုရီးယားနိုင်ငံမှ ခရီးသွားဦးရေ ၅၅၅၀၀၀ ခန့်ရှိကာ တရုတ်နိုင်ငံမှ ခရီးသွားဦးရေ ၅၂၉၀၀၀ ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# အီရန်သမ္မတရွေးကောက်ပွဲတွင် ပြည်သူများ မဲပေးလျက်ရှိ

**တီဟီရန် မေ ၁၉**

အီရန်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲတွင် ပြည်သူများ မဲပေးလျက်ရှိကြကြောင်း၊ အမေရိကန်အပါအဝင် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် နျူကလီးယားဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ပြီးချိန်နောက်ပိုင်း ပထမဆုံး ကျင်းပသည့် သမ္မတရွေးကောက်ပွဲဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် လက်ရှိသမ္မတ ဟာဆန်ရူဟာနီသည် သဘောထားတင်းမာသည့် အတိုက်အခံတစ်ဦးဖြစ်သူ အီဘရာဟင်ရေစီ၏ စိန်ခေါ်မှုကို ရင်ဆိုင်နေရသည်။ အသက် ၆၈ နှစ်အရွယ်ရှိ ရူဟာနီ၏ သဘောထားအလယ်အလတ်ရှိသော မူဝါဒများအား ပြည်သူတို့က ကြိုက်နှစ်သက်မှု ရှိ၊ မရှိ စမ်းသပ်ချက်တစ်ရပ်အဖြစ် ရွေးကောက်ပွဲကို ရှုမြင်ရကြောင်း သတင်းတွင် ဖော်ပြသည်။

သမ္မတ ရူဟာနီသည် သဘောထားတင်းမာသော ကွန်ဆာဗေးတစ်များ၏ ကန့်ကွက်မှုများရှိနေသည့်ကြားမှ အနောက်အုပ်စု အင်အားကြီးနိုင်ငံများနှင့် နျူကလီးယားသဘောတူညီချက်ရရှိအောင် ကြိုးပမ်းနိုင်ခဲ့သူဖြစ်သည်။

ရူဟာနီသည် သမိုင်းဝင် နျူကလီးယား သဘောတူညီချက်နှင့်အတူ သူ၏နိုင်ငံရေးအနာဂတ်ကို တည်ဆောက်မည်ဟု ယူဆရသည်။ ယင်းသဘောတူညီချက်အရ အီရန်နိုင်ငံအပေါ် ချမှတ်ထားခဲ့သော စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေးနိုင်ခဲ့သည်။

ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ ပြည်သူ ၅၆ သန်းကျော်ရှိကြောင်း၊ ရွေးကောက်ပွဲတွင် စုစုပေါင်း သမ္မတလောင်း လေးဦး ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်းတွင် မဲရုံပေါင်း ၆၃၀၀၀ ကျော် ဖွင့်လှစ်ထားပြီး ရွေးကောက်ပွဲ ရလဒ်ကို မေ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

**ရိုက်တာ။**

# အိုင်အက်စ်တို့၏ တိုက်ခိုက်မှုကြောင့် ဆီးရီးယားတွင် လူ ၅၂ ဦးသေဆုံး

**ဒမတ်စကတ် မေ ၁၉**

အစ္စလာမ့်စ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)က ဆီးရီးယားနိုင်ငံအလယ်ပိုင်းရှိ ကျေးရွာများကို တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၅၂ ဦးသေဆုံးခဲ့ရသည်။

အိုင်အက်စ်တို့က အစိုးရထိန်းချုပ်ထားသည့် ဟာမာမြို့အနီးရှိ ကျေးရွာများကို မေ ၁၈ ရက်က တိုက်ခိုက်ခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင်သတင်းအေဂျင်စီက ထုတ်ပြန်ကြေညာသည်။

သေဆုံးသူများအနက် ၁၅ ဦးမှာ ကလေးငယ်များဖြစ်ပြီး သေဆုံးသူအချို့၏ ရုပ်အလောင်းများမှာ အပိုင်းပိုင်းအစိတ်စိတ် ပိုင်းဖြတ်ခံထားရသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုတိုက်ခိုက်ခံရမှုသည် အဆိုပါဒေသ၌ နှစ်နှစ်အတွင်း အိုင်အက်စ်တို့၏ အရက်စက်ဆုံးတိုက်ခိုက်မှုဖြစ်ပြီး သေဆုံးသူအရေအတွက် တိုးလာနိုင်သည်ဟု ဆီးရီးယားပြည်တွင်းစစ်ကို လေ့လာစောင့်ကြည့်နေသည့် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့က ပြောကြားသည်။

အိုင်အက်စ်တို့သည် ပထမတွင် ရွာတစ်ရွာကိုတိုက်ခိုက်သိမ်းယူပြီး နောက်ထပ်ရွာတစ်ရွာကို ထပ်မံတိုက်ခိုက်ခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။ ဆီးရီးယားအစိုးရတပ်များက အဆိုပါကျေးရွာများ ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် တိုက်ခိုက်မှုများအရှိန်မြှင့် လုပ်ဆောင်လျက်ရှိသည်။ အိုင်အက်စ်တို့က ရုတ်တရက်အလစ်ဝင်ရောက်တိုက်ခိုက်ခြင်း၊ အသေခံဗုံးခွဲတိုက်ခိုက်ခြင်းများဖြင့် ခုခံတိုက်ခိုက်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

# စုံစမ်းစစ်ဆေးမှုနှင့် ရင်ဆိုင်နေရသော ဘရာဇီးသမ္မတ ရာထူးမှနုတ်ထွက်ပေးရန် ငြင်းဆို

**ဘရာဇီးလီးယား မေ ၁၉**

လာဘ်ပေးလာဘ်ယူ အရှုပ်တော်ပုံတစ်ရပ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် တရားရုံးချုပ်က ဆုံးဖြတ်ချက်ချမှတ်ခဲ့သော်လည်း မိမိသည် ရာထူးမှဆင်းပေးမည်မဟုတ်ဟု ဘရာဇီးသမ္မတ မိုက်ကယ်တီးမားက မေ ၁၉ ရက်တွင် ပြောကြားလိုက်သည်။

မိမိသည် အမှားအယွင်း ပြုလုပ်ခဲ့ခြင်း မရှိသဖြင့် သမ္မတရာထူးမှ နုတ်ထွက်ပေးမည်မဟုတ်ကြောင်း တီးမားက နိုင်ငံတစ်ဝန်းသို့ ရုပ်မြင်သံကြားမှတစ်ဆင့် ငါးမိနစ်ကြာ မိန့်ခွန်းပြောကြားရာတွင် အတိအလင်း ဖော်ပြလိုက်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ရာတွင် သက်သေထွက်ဆိုရန် အလားအလာရှိသူတစ်ဦးအား လာဘ်ထိုးရန် ခွင့်ပြုပေးခဲ့မှုဖြင့် သမ္မတ တီးမားအား စုံစမ်းစစ်ဆေးရန် တရားရုံးချုပ်က ဆုံးဖြတ်ခဲ့သည်။

လူတစ်ဦးတစ်ယောက် နှုတ်ပိတ်သွားစေရန် လာဘ်ထိုးကာ မိမိ လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း သမ္မတ တီးမားက ပြောကြားသည်။

လက်ရှိ သမ္မတတစ်ဦးအား စုံစမ်းစစ်ဆေးရန် တရားရုံးချုပ်က ညွှန်ကြားလိုက်ခြင်းကြောင့် ဘရာဇီးနိုင်ငံ၏ ဘဏ္ဍာရေးဈေးကွက်များ လှုပ်ခတ်သွားခဲ့ရပြီး တီးမား၏ ခြိုးခြံချွေတာရေး အစီအစဉ်ကို လွှတ်တော်က အတည်ပြုပေးမည့်အရေး သံသယများ ဖြစ်ပေါ်ခဲ့ရသည်။

**ရိုက်တာ။**



# နိုင်ငံနှင့်အဝန်း သစ်တောစောင့်ရှောက်မှုနှုန်းတိုးမြှင့်ပြီး စီမံကိန်းများအကောင်အထည်ဖော်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်း

**နေပြည်တော် မေ ၁၉**
နိုင်ငံနှင့်အဝန်း သစ်တောစောင့်ရှောက်မှုနှုန်း တိုးမြှင့်ပြီး Green Land စီမံကိန်းများ အကောင်အထည်ဖော်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် အတည်ပြုလိုက်သည်။

ယင်းအဆိုကို ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်ခင်က တင်သွင်းခဲ့ခြင်းဖြစ်ပြီး တောတောင်ထူထပ်သော ဒေသများ၌ သစ်တောပြုန်းတီးမှုများခြင်းကြောင့် ၂၀၁၅၊ ၂၀၁၆ ခုနှစ်များတွင် မြန်မာနိုင်ငံ၌ အပြင်းထန်ဆုံးသော ရာသီဥတုနှင့်ရင်ဆိုင်ခဲ့ကြရပြီး နိုင်ငံတကာရာသီဥတုဘေးအန္တရာယ်အညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၈၇ နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့်(၂)တွင်ရှိသည့်အတွက် နိုင်ငံနှင့်အဝန်း သစ်တောစောင့်ရှောက်မှုနှုန်း တိုးမြှင့်ဆောင်ရွက်လျက် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များတွင် Green Land စီမံကိန်းများ အမြန်ဆုံးစနစ်တကျ အကောင်အထည်ဖော်ဆောင်ပါရန်နှင့် အခြားဒေသများတွင်လည်း နှစ်အလိုက်စီမံကိန်းများ တိုးချဲ့ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း တင်သွင်းခဲ့သည်။

အဆိုရှင်က မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၁၉၉၀ ပြည့်နှစ်တွင် ၆၀ ရာခိုင်နှုန်းရှိရာမှ ၂၀၁၅ ခုနှစ်တွင် ၄၃ ရာခိုင်နှုန်းအထိ လျော့ကျခဲ့သည်ကို တွေ့ရပါကြောင်း၊ တရားဝင်နှင့် တရားမဝင်သစ်ထုတ်လုပ်မှု အလွန်အကျွံများခြင်း၊ တောင်ယာမီးရှို့ခြင်း၊ စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ တောမီးလောင်ခြင်း၊ ပိုးမွှားကျခြင်း၊ မြေအောက်သယံဇာတတူးဖော်ခြင်း၊ ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်း၊ မြို့ပြတိုးချဲ့ခြင်းနှင့် သဘာဝဘေးအန္တရာယ်များကြောင့် သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်နေပါကြောင်း။

သစ်တောပြုန်းတီးမှုဖြစ်ပေါ်ရခြင်း အကြောင်းအရင်းများကို ဆန်းစစ်မည်ဆိုပါက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သစ်တောဆိုင်ရာစီမံခန့်ခွဲမှု အလွဲများ၊ အဂတိလိုက်စားမှုများနှင့် သစ်တောအမှီပြုနေထိုင်သည့်



ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပနေစဉ်။

လူဦးရေတိုးတက်မှုများကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ သစ်တောဝန်ထမ်းများကိုလည်း တိုးချဲ့ခန့်ထားရန်လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ၏ **ကျောက်ကြီးမြို့ ပဲခူးရပ်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ဘုရင့်နောင်တစ်ထပ်ကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပေ(၃၀ × ၉၀) နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျောင်းသားတစ်ဦး စာသင်ကြားနိုင်ရန်အတွက် မူလတန်းအဆင့်တွင် ၁၂ စတုရန်းပေ၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တွင် ၁၈ စတုရန်းပေ သတ်မှတ်ထားပါကြောင်း၊ အဆိုပါကျောင်းရှိ စာသင်ခန်းနှင့် ကျောင်းသားအချိုးမှာ လုံလောက်မှုတမှုရှိနေပါကြောင်း၊ အဆိုပါကျောင်းကို အန္တရာယ်ရှိကျောင်းဆောင် သို့မဟုတ် ဥပဓိရုပ်မကောင်းသောကျောင်းဆောင် ဖြစ်၊ မဖြစ် သတ်မှတ်မှုများနှင့်အညီ စိစစ်ပြီး လုပ်ထုံးလုပ်နည်းများအတိုင်း အဆင့်ဆင့် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ **၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မူလွန်ကျောင်းများ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များ၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)များ၌ ကျောင်းဆရာ၊ ဆရာမဝန်ထမ်းများအား အလုံအလောက်ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လက်ရှိခန့်ထားသည့် ဆရာနှင့် ကျောင်းသားအချိုးမှာ အထက်တန်းအဆင့်တွင် ၁ အချိုး ၂၂၊ အလယ်တန်းအဆင့်တွင် ၁ အချိုး ၂၈၊ မူလတန်းအဆင့်တွင် ၁ အချိုး ၂၄ ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးခန့်ထားသည့် ဆရာနှင့် ကျောင်းသားအချိုး ပျမ်းမျှကိုကြည့်မည်ဆိုပါက (၁ အချိုး ၂၅)ဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာကို ပိုမိုသင်ယူခွင့်ရရှိစေရန် ရည်ရွယ်ပြီး အခြေခံပညာမူလတန်းလွန်ကျောင်းများတွင် အလယ်တန်းပြသုံးဦးနှုန်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များတွင် အလယ်တန်းပြငါးဦးနှုန်း၊ အခြေခံပညာအထက်တန်းကျောင်းနှင့် ကျောင်း(ခွဲ)များတွင် အထက်တန်းပြခုနစ်ဦးနှုန်းဖြင့် ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်ရရှိရန်ဆောင်ရွက်နေပါကြောင်း၊ ခွင့်ပြုချက်ရရှိပါက အရည်အချင်းပြည့်မီသည့် ဆရာ၊ ဆရာမများကို စိစစ်ရွေးချယ်၍ ဖြည့်စွက်ခန့်ထားပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး၏ **ယင်းမာပင်မြို့နယ် ညောင်တန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ( ပေ ၁၂၀ × ပေ ၃၀ × ၁၅ ပေ) တစ်ထပ်အုတ်ညှပ်ကျောင်းဆောင် ဆောက်လုပ်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဆိုပါကျောင်းဆောင် ပေ (၁၂၀×၃၀)တစ်ထပ်ဆောင် အပြီးသတ်ဆောက်လုပ်ရန်အတွက် ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေကို ပြန်လည်စိစစ်ကာ အတတ်နိုင်ဆုံး စဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း၊ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံးနှင့် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေတို့၏ အခြေခံပညာအထက်တန်းတွင် ဝိဇ္ဇာဘာသာရပ်သင်ယူမှုနည်းပါးမှုအား ပြန်လည်သုံးသပ်ရေး၊ စာသင်ကျောင်းဆောင်များ ဆောက်လုပ်ပေးရေးနှင့် ကျောင်းအဆင့်တိုးမြှင့်ပေးရေးဆိုင်ရာ မေးခွန်းများနှင့်ပတ်သက်၍လည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် ယနေ့အစည်းအဝေး၌ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ သက်တမ်းတိုးမြှင့်ခြင်းအား လွှတ်တော်သို့အသိပေးတင်ပြခြင်း၊ ဥပဒေကြမ်းကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာဖတ်ကြားခြင်း၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

# အသက်(၉၀)နှင့်အထက် အဘိုးအဘွားများအား တစ်လလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း ထောက်ပံ့ပေးရန် စီစဉ်လျက်ရှိ

**နေပြည်တော် မေ ၁၉**
ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအတွက် ငွေကြေးထောက်ပံ့ရေး အစီအစဉ်ကို ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၏ **ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အပါအဝင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဆောင်ရွက်သွားမည့် ကိုယ်ဝန်ဆောင် မိခင်များ၊ အသက်(၂)နှစ်အောက် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ ၎င်းဒေသများရှိ ကလေးသူငယ်များ ဖွံ့ဖြိုးကြီးထွားရေးအတွက် အာဟာရပြည့်ဝစေရေး၊ တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် သားဆက်ခြားနည်းလမ်းများ စနစ်တကျသုံးစွဲရေးအပါအဝင် ကျန်းမာရေးနှင့် ညီညွတ်သော အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရေးကို ရည်ရွယ်သဖြင့် ငွေကြေးထောက်ပံ့မှုအပိုင်းသာမက အသိပညာပေးအပိုင်းပါ ပါဝင်မည်ဖြစ်ပါကြောင်း၊ ယေဘုယျအားဖြင့် ရပ်ရွာလူထုအား ကျယ်ကျယ်ပြန့်ပြန့် အသိပေးခြင်းအဆင့်၊ အကျိုးခံစားခွင့်ရှိသူများအား စာရင်းသွင်းခြင်းအဆင့်၊ အတည်ပြုခြင်းအဆင့်၊ ထောက်ပံ့ကြေးပေးအပ်ခြင်းအဆင့်နှင့် ကျန်းမာရေးအသိပညာပေးခြင်းအဆင့်ဟူ၍ ၅ ပိုင်း ပါရှိမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာန၏ အမျိုးသားအဆင့်လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်ပါ အစီအစဉ်တစ်ခုဖြစ်သည့် သက်ကြီးပင်စင်ထောက်ပံ့ရေးအစီအစဉ်ကိုလည်း ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၃၀)ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သည့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အဘိုးအဘွားများအတွက် သက်ကြီးပင်စင်ထောက်ပံ့ပေးရန် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ တင်ပြထောင်းခံထားပါကြောင်း၊ ၂၀၁၇-၂၀၁၈ခုနှစ် ဘဏ္ဍာနှစ်အတွက် အသက်(၉၀)နှင့်အထက် အဘိုးအဘွားများအား တစ်လလျှင် ငွေကျပ် ၁၀၀၀၀နှုန်း ထောက်ပံ့ပေးရန် စီစဉ်လျက်ရှိပြီး ဘိုးဘွားများအတွက် သက်ကြီးပင်စင်ထောက်ပံ့ပေးနိုင်ရန်အတွက်လည်း လုပ်ငန်းလမ်းညွှန်ရေးဆွဲခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း၊ ရပ်ရွာနှင့် အကျိုးခံစားခွင့်ရှိသူဖြစ်လာမည့်သူများအား သတင်းပေးခြင်း၊ စာရင်းသွင်းမှတ်ပုံတင်ခြင်း၊ စိစစ်ခြင်း၊ ထောက်ပံ့ငွေကြေးထုတ်ပေးခြင်း၊ စာရင်းဇယားများ ပြန်လည်ညှိနှိုင်းခြင်းနှင့် အကောင်အထည်ဖော်မှုများ စောင့်ကြည့်ကြီးကြပ်ခြင်း အဆင့်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အစိုးရက ဝန်ကြီးဌာနအလိုက် ခွင့်ပြုခဲ့သောတည်ဆောက်ပြုပြင်လုပ်ငန်းများအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်အစိုးရများ၊ ဌာနဆိုင်ရာများအနေဖြင့် လုပ်ငန်းတစ်ခုချင်းအလိုက် ဒေသ၏အမှန်ဈေးနှုန်းများဖြင့် ပြန်လည်တွက်ချက်၍ တင်ဒါချပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအား ရန်ပုံငွေတောင်းခံသည့်အခါ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်း ကြိုတင်ပြုစုရေးဆွဲ တင်ပြရသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တင်ဒါအောင်မြင်ခဲ့သည့် ပစ္စည်းသယ်ယူပို့ဆောင်ရေး ဈေးနှုန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးသည့် ဈေးနှုန်းကြီးကြပ်ရေးကော်မတီမှ စိစစ်အတည်ပြုထားသော ဒေသပေါက်ဈေးနှုန်းများကို အခြေခံ၍ တည်ဆောက်ရေးလုပ်ငန်းများအလိုက် သတ်မှတ်ထားကာ



အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

ဒီဇိုင်း၊ စံချိန်စံညွှန်းများနှင့်အညီ ခန့်မှန်းခြေစာရင်းများ ရေးဆွဲတွက်ချက်၍ တင်ပြတောင်းခံရပါကြောင်း။

ဌာနအဖွဲ့အစည်းမှ လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းသုံးပစ္စည်းများအား နှစ်အလိုက်သတ်မှတ်ထားသော တိုင်းဒေသကြီး/ပြည်နယ်အစိုးရ ခွင့်ပြုဈေးနှုန်းများကို အခြေခံ၍ Open Tender စနစ်ဖြင့် ဆောင်ရွက်ပါကြောင်း၊ နှစ်အလိုက်ပစ္စည်းတင်ဒါ ဈေးနှုန်းများ မတူညီသကဲ့သို့ လက်ရှိဘဏ္ဍာနှစ်အတွင်း တင်ဒါခေါ်ယူသည့် အကြိမ်အလိုက် တင်ဒါအောင်မြင်ဈေးနှုန်းများမှာလည်း တူညီမှုမရှိပါကြောင်း၊ ယခင်နှစ်ထက် ဈေးနှုန်းနည်းသည့် ပစ္စည်းများရှိသကဲ့သို့ ဈေးနှုန်းမြင့်မားလာသည့် ပစ္စည်းများလည်းရှိပါကြောင်း၊ မူလတင်ဒါခေါ်ယူစဉ်ကပင် ခွင့်ပြုဒေသပေါက်ဈေးအား အခြေခံစိစစ်ပြီး ခေါ်ယူခြင်းဖြစ်သည့်အတွက် တင်ဒါပိုလျှံငွေများ ဖြစ်ပေါ်လာပါက သတ်မှတ်ဘဏ္ဍာနှစ်အတွင်း သက်ဆိုင်ရာအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ထပ်မံဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းများကို ဦးစားပေးအစီအစဉ်ဖြင့် စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်တို့၏ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီမှ ဖတ်ကြားရှင်းလင်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်က မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးသော်လည်း ပြည်သူများ လိုက်နာကျင့်သုံးမှုနှင့် အာဏာပိုင်များဘက်မှ ကြီးကြပ်အရေးယူမှု မရှိသလောက် အားနည်းနေခြင်းအပေါ် ပြည်ထောင်စုအစိုးရမှ ကိုင်တွယ်ဖြေရှင်းပေးပါရန် တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ဆန္ဒရယူ၍ လက်ခံဆွေးနွေးရန် သဘောတူကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# မေ့လျော့ခံထားရတဲ့ ပြည်တွင်းရွှေ့ပြောင်းအလုပ်သမတွေ

**ပစ်တိုင်းထောင်မ**

မလွင်မာအောင်ဟာ အသက် (၃၃)နှစ် ရှိပါပြီ။ မန္တလေးမှာ အိမ်အကူအလုပ်လုပ်ဖူးပါတယ်။ မြေခြားနယ်ခြားမှာ အလုပ်လုပ်ရတဲ့ဘဝမှာ အိမ်ရှင်တွေက သူ့ကိုနှိမ်တယ် (ခွဲခြားဆက်ဆံတယ်)လို့ ပြောပြပါတယ်။

“နောက်ဆုံး ရှင်းရှင်းပြောရရင် အိမ်ထဲမှာရှိတဲ့ အိမ်သာတောင်တက်ခွင့်မရှိဘူး”

မလွင်မာအောင်က သူ့အဝေးမှာ အလုပ်သွားလုပ်ရတဲ့ အခြေအနေတွေကို ပြန်ပြောပြတာပါ။

“မန္တလေးမှာ အလုပ်သွားလုပ်တယ်။ (၂၇)လမ်း (၂၈)လမ်းကြားမှာ လေးလလောက်လုပ်ခဲ့တယ်။ အလုပ်လုပ်တဲ့အချိန်မှာ အိမ်ရှင်နဲ့အဆင်မပြေတာပေါ့။ အိမ်ရှင်က ခွဲခြားဆက်ဆံတယ်။ အစစအရာရာ ခွဲခြားတယ်. .”

အပြင်ထွက်ရင် ကလေးထိန်းဖို့ လိုက်သွားရပြီး အပြင်ဆိုင်တွေမှာ စားသောက်ရင်လည်း လူတကာထိုင်ကြတဲ့ဆိုင်ဖြစ်ပေမယ့် သူကတော့ ဆိုင်အပြင်မှာပဲ စားခွင့်ရတယ်လို့ ဆိုပါတယ်။

“ဆိုင်မှာ အစားအသောက်သွားစားကြရင် သူတို့က ဆိုင်ထဲမှာစားတယ်။ ကိုယ့်ကို ဆိုင်ရဲ့အပြင်မှာ ထိုင်စားခိုင်းတယ်”

ကလေးထိန်း၊ အိမ်မှုကိစ္စတွေ အကုန်လုပ်ရပြီး ထိုင်နေရင်မကြိုက်ဘူး။ တစ်ခုခုလုပ်နေမှ အိမ်ရှင်က ကြိုက်တယ်လို့ ဆက်ပြောပြပါတယ်။

“ညဆိုရင်လည်း ၁၁ နာရီ ၁၂ နာရီအထိ၊ သူ့ကလေးအိပ်နေရင် ခြင်ဆေးထွန်းထားရင်တောင်မှ ကိုယ်က ယပ်ခတ်ပေးနေရတယ်။ နောက်ပြီးတော့ အဝတ်ဆိုရင်လည်း တစ်ထည်ချွတ်တာနဲ့ တစ်ထည်လျှော်ခိုင်းတာ။ ထိုင်နေရင် လုံးဝမကြိုက်ဘူး။ တစ်ခုခုကို လုပ်နေမှရတာ”

အလုပ်လုပ်ရတာ အဆင်မပြေတဲ့အဆုံး အလုပ်ထွက်ပြီး ရန်ကုန်ပြန်မယ့်အချိန်မှာ အရင်ခေါ်လာတုန်းက လစာ ငါးသောင်းပေးမယ်လို့သာ ပြောထားတာ။ ခေါ်ဆောင်ခတွေ ပြန်ဖြတ်ဖို့ ဘာမှမပြောထားဘူး။ ဒါပေမယ့် ပြန်မယ့်အချိန်မှာတော့ အားလုံးဖြတ်တယ်။ ဆင်ထားတဲ့အဝတ်တောင် ပြန်ယူထားတယ်လို့ ရှင်းပြပါတယ်။

“လခကိုလည်း ပထမက ငါးသောင်းပေးမယ်ပေါ့။ စပြီးခေါ်သွားတုန်းက ငါတို့ပို့တဲ့ စရိတ်တွေ၊ လမ်းမှာစားသောက်ထားတဲ့စရိတ်တွေ ဖြတ်မယ်ဆိုတဲ့ သဘောတူညီချက်မရှိဘူးပေါ့နော်။ ကိုယ်ကအဆင်မပြေလို့ မလုပ်နိုင်တော့ဘူး။ ပြန်မယ်ဆိုတော့ ရန်ကုန်ကနေ ခေါ်လာတဲ့ စရိတ်၊ လမ်းမှာစားတဲ့စရိတ်တွေ အကုန်ဖြတ်တယ်။ သူတို့ဆင်ထားတဲ့ အဝတ်တွေကိုလည်း ပြန်ယူထားတဲ့အပြင်ကို ပိုက်ဆံရမှာက ရှစ်သောင်းကျော်ကျော် ကိုးသောင်းလောက်ရမှာကို ကျပ် ၁၂၀၀၀ ပဲ ပေးလိုက်တယ်။ နေမကောင်းလို့ ဆေးသွားထိုးတာကအစ အားလုံးဖြတ်တယ်”

သူ့ထက်အသက်ငယ်တဲ့ အိမ်ရှင်ဖြစ်ပေမယ့် တစ်ခါတစ်ရံ ကိုယ်ထိလက်ရောက် နာကျင်အောင်လုပ်တာမျိုးတွေ ရှိတယ်လို့ ပြောပါတယ်။

“တစ်ခါတလေကျရင် သူက ကိုယ့်ထက်ငယ်ပေမယ့် လက်တွေဘာတွေပါတာ”

အခုတော့ ရန်ကုန်မှာ ပြန်နေပါတယ်။ သန်လျင် ကျူးကျော်ရပ်ကွက်တစ်ခုမှာ နေပါတယ်။ လောလောဆယ် ရန်ကုန်မှာနေပေမယ့် ဇာတိကတော့ ကရင်ပြည်နယ်က ဖြစ်ပါတယ်။ တစ်နည်းပြောမယ်ဆိုရင်တော့ မလွင်မာအောင်ဟာ ပြည်တွင်း ရွှေ့ပြောင်းအလုပ်သမား တစ်ယောက်ပဲဖြစ်ပါတယ်။

နိုင်ငံတကာ အလုပ်သမားများအဖွဲ့ချုပ် (International Labour Organization- ILO) ရဲ့ အမျိုးသားစီမံကိန်းညှိနှိုင်းရေးမှူး မဝေနှင်းပိုကတော့ ရွှေ့ပြောင်းအလုပ်သမားဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အခုလို ရှင်းပြပါတယ်။

“ရွှေ့ပြောင်းအလုပ်သမားဆိုတာ ကိုယ့်ရဲ့ နယ်မြေဒေသကနေ အခြားနယ်မြေဒေသကို သွားရောက်အလုပ်လုပ်ကိုင်နေရသူကို ရွှေ့ပြောင်းအလုပ်သမားလို့ခေါ်တယ်။ ကိုယ့်နိုင်ငံကနေ အခြားနိုင်ငံကို သွားရောက်အလုပ်လုပ်ကိုင်တာလည်းပါသလို ပြည်တွင်းမှာပဲ ကိုယ့်ဒေသကနေ အခြားဒေသတစ်ခုကို သွားရောက်လုပ်ကိုင်သူတွေလည်း အကျုံးဝင်တယ်. .”

အသက် (၁၂)နှစ်သာရှိသေးတဲ့ (၆)တန်းကျောင်းသူ ခင်မြတ်နိုးဟာလည်း လွင်မာအောင်လိုပဲ ကရင်ပြည်နယ်ကပါ။ လောလောဆယ် ရန်ကုန်မှာနေပါတယ်။

ခင်မြတ်နိုးက အိမ်မှာ ငွေကြေးအဆင်မပြေလို့ ကျောင်းပိတ်ရက်တွေမှာ အပြင်အလုပ်လုပ်ရတယ်လို့ ပြောပြပါတယ်။

“အမေက နောက်ယောကျ်ားနဲ့၊ အစ်မကလည်း မုဆိုးမ၊ ကလေး နှစ်ယောက်နဲ့ ရောဂါသည်။ အဲဒါကြောင့် သမီးအလုပ်လုပ်ရတယ်။ ကျောင်းပိတ်ရက်မှာ သွားလုပ်တယ်၊ တစ်နေ့ကို ကျပ် ၂၅၀၀ ရတယ်။ အလုပ်က အလှကုန်ဆိုင်မှာ၊ ညနေ ၆ နာရီအထိ မထိုင်ရဘူး၊ မတ်တတ်ပဲ ရပ်နေရတယ်။ လပြည့်နေ့ဆိုရင်တော့ ည ၁၁ နာရီလောက်အထိ လုပ်ရတယ်”

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) ရဲ့ ၂၀၁၅ ခုနှစ်အတွင်းက ကောက်ယူခဲ့တဲ့ စစ်တမ်းအရ ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားတွေထဲမှာ အမျိုးသားတွေက ပျမ်းမျှအားဖြင့် တစ်လကို ကျပ် တစ်သိန်းနှစ်သောင်းကျော်ရပြီး အမျိုးသမီးတွေက ပျမ်းမျှကျပ် ရှစ်သောင်းကျော်ရကာ ကလေးတွေကတော့ ကျပ် ရှစ်သောင်းအောက်သာ ရပါတယ်။

ခင်မြတ်နိုးကို ကလေးအလုပ်သမားအဖြစ် တွန်းပို့ခဲ့တာကတော့ ဆင်းရဲမှုပါ။

“ကျောင်းမှာဆိုလည်း သူငယ်ချင်းတွေက ဝိုင်းစတယ်။ ကိုယ်ကအဆင်မပြေတော့ တစ်ခါတလေ ကျောင်းသွားရင် ထမင်းချိုင့်မပါဘူး။ အဲဒီလိုဆို နင်ထမင်းချိုင့်မပါဘူးမို့လား သွား. . သွားဆိုပြီးပြောတယ်”

အိုင်အယ်လ်အိုရဲ့ စစ်တမ်းအရဆိုရင်တော့ အလုပ်ရှင်က နေရာမပေးထားတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေဟာ အလုပ်လုပ်တဲ့နေရာအနီးမှာပဲ အာဏာပိုင်တွေကို လာဘ်ငွေပေးပြီး ကျူးကျော်တွေအဖြစ် ဖြစ်သလို တဲထိုးနေထိုင်ကြရတယ်လို့ ဆိုပါတယ်။ အဲဒီလိုမဟုတ်ခဲ့ရင်လည်း သူတို့တဲအိမ်တွေကို အာဏာပိုင်တွေက လာရောက်ဖျက်ဆီးမှာ အမြဲကြောက်လန့်နေကြရတယ်လို့ ဆိုပါတယ်။

ခင်မြတ်နိုးကတော့ သူ့မိဘတွေနဲ့အတူ ရန်ကုန်က ကျူးကျော်ရပ်ကွက်တစ်ခုမှာနေပြီး အလုပ်လုပ်၊ ကျောင်းတက်ရတာပါ။

“နေတာက ကျူးကျော်ထဲမှာ နေတယ်။ ကျောက်တန်း၊ ပဲလှော်ကုန်း၊ မြိုင်သာယာ (၂)လို့ခေါ်တယ်။ ကျူးကျော်မှာ နေတဲ့အချိန်ဆိုလည်း အေးဆေးမနေရဘူး။ ဖျက်. . ဖျက်ဆို ဖျက်ရတယ်။ ဘာကားတွေနဲ့လည်း မသိဘူး၊ လာပြီး ဖျက်တာ. . မဖျက်ဘူးဆိုရင် ထောင်ဒဏ် သုံးနှစ်ဆိုလား ချမယ်တဲ့”

အသက် (၃၆)နှစ်အရွယ်ရှိ မဝင်းသီတာမိုးဆိုသူကတော့ ရပ်ကွက်ထဲမှာ အဝတ်လှည့်လျှော်သလို ကုမ္ပဏီသန့်ရှင်းရေးလည်း လုပ်တယ်လို့ ဆိုပါတယ်။ သူကလည်း ကရင်ပြည်နယ်ကနေ ရန်ကုန်ကို ရောက်ရှိနေထိုင်သူတစ်ဦးပါ။

“အဝတ်လိုက်လျှော်တဲ့အလုပ်ကို ရှက်မိတယ်။ အဝတ်သွားလျှော်ပြီးပြန်လာလို့ အိမ်ဘေးကလူတွေမေးရင် ဖြေရမှာလည်းရှက်တယ်။ အဝတ်လိုက်လျှော်တဲ့ အိမ်တွေမှာ တချို့က ဘယ်လိုပြောမလဲ၊ ကိုယ်လျှော်နေတုန်း လှမ်းပစ်ပေးတာတို့ ပစ်ချပေးတာတို့ဆို ကိုယ့်ရင်ထဲ တကယ်မကောင်းဘူး”

“အဲဒီလိုအချိန်ဆို မလုပ်ချင်ဘူး။ ဒါပေမယ့် ဩော်-ငါဒါလုပ်မှ ငါ့သားသမီးတွေ စားရမှာပါလားဆိုပြီး အဲဒီအတွေးနဲ့ပေါ့၊ ကိုယ့်ရပ်ကွက်မှာ အဝတ်လျှော်စားတယ်ပေါ့၊ ကလေးတွေကိုဆိုလည်း သူများကပြောတယ်တဲ့။ နင့်အမေက အဝတ်လျှော်ကျွေးတာ ဘာအဆင့်အတန်းရှိလဲပေါ့”

ရပ်ကွက်ထဲလှည့် အဝတ်လျှော် အလုပ်လုပ်နေရသော်လည်း သမီးဖြစ်သူကို စိတ်မချလို့ စိတ်ချရတဲ့အိမ်မှာ အပ်ထားရတယ်လို့ ရှင်းပြတယ်။

“သမီးအကြီးမလေးက (၁၇)နှစ်ပြည့်ပြီ၊ သူကဉာဏ်ရည်သိပ်မပြည့်ဘူး။ ကျောင်းတွေ ဘာတွေလည်း ထားလို့မရဘူး။ မနက်မိုးလင်းပြီဆိုတာနဲ့ ကျွန်မက အိမ်တကာလိုက်လှည့်ရတာ။ လှည့်ရတဲ့အခါကျတော့ ကိုယ့်သမီးလေးကို အိမ်မှာ တစ်ယောက်ထဲ ထားခဲ့ရတာ စိတ်မချဘူး။ ရှင်းရှင်းပြောရရင် ကျွန်မက နောက်အိမ်ထောင်နဲ့၊ သမီးလေးက ပထမအိမ်ထောင်နဲ့ရတာ။ ဒီကလေး သုံးနှစ်သမီးမှာ နောက်အိမ်ထောင်ပြုတာ အခု (၁၇)နှစ်ရောက်ပြီပေါ့။ ဘာပြဿနာမှ မရှိခဲ့ဖူးပေမယ့် စိတ်မချဘူး။ ယောကျ်ားကညောင်းလို့ နှိပ်ခိုင်းရင်တောင် သမီးကိုမလုပ်ခိုင်းဘူး။ လူဆိုတာပြောမရဘူး၊ အခုဆိုရင် သက်ငယ်မုဒိမ်းမှုတွေ ပေါ်နေတဲ့အချိန်မို့ တော်တော်ကိုစိုးရိမ်တယ်။ အိမ်မှာသူရှိရှိ၊ မရှိရှိ၊ သူတင်မဟုတ်ဘူး၊ ပတ်ဝန်းကျင်ကိုလည်း တကယ်စိတ်မချဘူး။ စိတ်မချတော့ စိတ်ချရတဲ့ ကိုယ့်သူငယ်ချင်းအိမ်မှာ သွား. . သွားထားတယ်-

သူတို့လို အခက်အခဲတစ်ပွေ့တစ်ပိုက်နဲ့ ရုန်းကန်နေကြရတဲ့ ပြည်တွင်း ရွှေ့ပြောင်းအလုပ်သမားတွေအတွက် အထူးသီးသန့်အလုပ်လုပ်ပေးနေတဲ့ အဖွဲ့အစည်းတွေက မရှိသလောက်ပါပဲ။ ဒါပေမယ့် အခုတော့ ရောင်ခြည်လေး သန်းလာပါတယ်။ ဒါကတော့ နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်(အိုင်အယ်လ်အို) က ၂၀၁၇ ခုနှစ်မှာ ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားတွေအတွက် လုပ်ငန်းစဉ်တွေ စတင်လုပ်ကိုင်နေပြီလို့ ပြောလာလို့ပါ။

“ILO က အရင်လုပ်ဆောင်ခဲ့တာက ပြည်ပရွှေ့ပြောင်းအလုပ်သမားတွေနဲ့ ပတ်သက်တာကို ပိုပြီး ဦးစားပေးလုပ်တယ်။ ဒါပေမယ့် ဒီလာမယ့် ၂၀၁၇ မှာ ပြည်တွင်းရွှေ့ပြောင်းသွားလာနေတဲ့ အလုပ်သမားတွေအတွက်ပါလုပ်မယ်။ ပြည်တွင်းမှာလည်း ရွှေ့ပြောင်းသွားလာတဲ့လုပ်ငန်းတွေက အများကြီးရှိတယ်ဆိုတော့ အဲဒီထဲကမှ အိမ်အကူအလုပ်သမားတွေအတွက် အရင်ဆုံးလုပ်ဆောင်ပေးဖို့ ရွေးချယ်ထားတယ်”လို့ အိုင်အယ်လ်အိုရဲ့ အမျိုးသားစီမံကိန်းညှိနှိုင်းရေးမှူး မဝေနှင်းပိုက ပြောပါတယ်။

ILO အနေနဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကို ဘယ်လိုကူညီမှုတွေ ပေးနေသလဲဆိုတာကိုလည်း ဆက်ရှင်းပြပါတယ်။

“ILO မှာလုပ်တဲ့ ပထမအပိုင်းကတော့ ကောင်းမွန်တဲ့ ဥပဒေတွေ ပေါ်ထွက်လာဖို့၊ နည်းပညာပံ့ပိုးမှုတွေကို အစိုးရ၊ အလုပ်သမားအဖွဲ့အစည်း၊ အလုပ်ရှင်အဖွဲ့၊ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးတော့ လုပ်နေတာရှိတယ်”

> **ILO က အရင်လုပ်ဆောင်ခဲ့တာက ပြည်ပရွှေ့ပြောင်းအလုပ်သမားတွေနဲ့ ပတ်သက်တာကို ပိုပြီး ဦးစားပေးလုပ်တယ်။ ဒါပေမယ့် ဒီလာမယ့် ၂၀၁၇ မှာ ပြည်တွင်းရွှေ့ပြောင်းသွားလာနေတဲ့ အလုပ်သမားတွေအတွက်ပါလုပ်မယ်။ ပြည်တွင်းမှာလည်း ရွှေ့ပြောင်းသွားလာတဲ့လုပ်ငန်းတွေက အများကြီးရှိတယ်ဆိုတော့ အဲဒီထဲကမှ အိမ်အကူအလုပ်သမားတွေအတွက် အရင်ဆုံးလုပ်ဆောင်ပေးဖို့ ရွေးချယ်ထားတယ်။**

ဥပဒေပေါ်ပေါက်ရေးသာမက လက်တွေ့အထောက်အကူပေးနိုင်မယ့် အစီအစဉ်တွေကိုလည်း အာရုံစိုက်နေပါတယ်လို့ ပြောပြပါတယ်။

“ဒုတိယအပိုင်းက ဝန်ဆောင်မှုပေါ့။ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် ဝန်ဆောင်မှုတွေ ဖြစ်ပေါ်လာဖို့ အဲဒါကိုလည်း အစိုးရနဲ့ပေါင်းပြီး ရွှေ့ပြောင်းအလုပ်သမားထောက်ပံ့ရေးဌာနလိုမျိုး ဖွင့်လှစ်ပေးထားတယ်။ အခုအချိန်မှာ ရုံးပေါင်း ငါးရုံးရှိလာပြီး မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာ၊ ကျောက်ဆည်နဲ့ ထားဝယ်တွေမှာ စလုပ်နေတယ်”

“အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ လေ့ကျင့်ပညာပေးရေးသင်တန်းတွေ လုပ်ပေးတာရှိတယ်။ ဒ့ါအပြင် အစိုးရဌာနမှာရှိတဲ့ ဝန်ထမ်းတွေနဲ့ ရွှေ့ပြောင်းသွားလာခွင့်အကြောင်းတွေကို လေ့ကျင့်ပညာပေးရေးသင်တန်းတွေ လုပ်နေတာလည်းရှိတယ်။ ပြီးတော့ ILO အနေနဲ့က ဥပဒေပိုမိုကောင်းမွန်အောင် လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ (conservation) စကားပြောတာတွေ လုပ်တာလည်းရှိတယ်”ဟု မဝေနှင်းပိုက ဆက်ပြောပါတယ်။

ILO အနေနဲ့ ပြည်ပထွက်ခွာ အလုပ်လုပ်ကိုင်သူတွေကိုပဲ ကူညီခဲ့တဲ့အလုပ်တွေ လုပ်ဆောင်ခဲ့ပေမယ့် ၂၀၁၇ မှာတော့ ပြည်တွင်း ရွှေ့ပြောင်းအလုပ်သမားတွေကိုပါ ကူညီသွားမှာဖြစ်သလို အထူးသဖြင့် အိမ်အကူအလုပ်သမားတွေကို ဦးစားပေးရွေးချယ်ထားတယ်လို့ ပြောပြပါတယ်။

***မူရင်း Link:http://hiburma.net/2017/05/မေ့လျော့ခံထားရတဲ့-ပြည်တ/***

## ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းပြည်သူများအတွက် ကာလတိုသက်မွေးပညာသင်တန်းများ ပူတာအိုၡ်ဖွင့်

**ပူတာအို မေ ၁၉**

ပညာရေးဝန်ကြီးဌာန နည်းပညာအသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရနည်းပညာအထက်တန်းကျောင်းနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ IDP စခန်းရှိ ပြည်သူများ ကျွမ်းကျင်မှုအခြေပြု အလုပ်အကိုင်တစ်ခုခု ဝင်ရောက်လုပ်ကိုင်ရင်း မိသားစုဝင်ငွေဖန်တီးနိုင်ရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရာနှုန်းပြည့်ဖော်ဆောင်နိုင်ပြီး စခန်းများဖျက်သိမ်းကာ မိမိနေရပ်သို့ ပြန်လည်ရောက်ရှိပါက အလုပ်လုပ်ကိုင်ပြီး ဝင်ငွေရ အခြေတကျရှိလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်သော ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းပြည်သူများအတွက် ကာလတိုသက်မွေးပညာသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကချင်ပြည်နယ် ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာမြတ်သူက သင်တန်းသားများသို့ အားပေးစကားပြောကြားကာ အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဝင်းမင်းဆန်းက ဝန်ကြီးဌာန၏ မူဝါဒများနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သင်တန်းသားများကိုယ်စား လုံးစွတ်စခန်း တာဝန်ခံ ဆရာဦးဖုန်ထိန်က သင်တန်းဖွင့်လှစ်ပေးခြင်းအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပူတာအိုတွင် လုံးစွတ်စခန်းနှင့်ဒုတ္တန်စခန်း IDP Camp နှစ်ခုရှိပြီး Camp နှစ်ခုစလုံးမှ သင်တန်းသားများပါဝင်ကြောင်း၊ အခြေခံလက်သမား သင်တန်း (အပတ်စဉ်-၁) သင်တန်းသား ၁၅ ဦး၊ ဆက်လက်၍ အခြေခံလက်သမားသင်တန်း(အပတ်စဉ်-၂)သင်တန်းသား ရှစ်ဦး၊ အိမ်တွင်းလျှပ်စစ်ပစ္စည်းပြုပြင်ထိန်းသိမ်းခြင်းသင်တန်းတွင် ခြောက်ဦး၊ ပန်းရန်(အုတ်စီ)သင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ သင်တန်းကို နာရီပေါင်း ၆၀ သင်ကြားပေးသွားမည်ဖြစ်ကြောင်း အစိုးရနည်းပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အရှုံးခံနေရသော လျှပ်စစ်ဓာတ်အားခ

## ကျော်ကျော်လှိုင်(SMART)

၂၀၁၇ ခုနှစ် မေလ ၁၁ ရက်နေ့က ပြုလုပ်သည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ လစဉ်ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဌေးအောင်က လျှပ်စစ်တစ်ယူနစ်လျှင် နိုင်ငံတော်အစိုးရက ကျပ် ၂၃ ဒသမ ၀၅ အရှုံးခံ၍ ဖြန့်ဖြူးနေရကြောင်းနှင့် ၂၀၁၆-၂၀၁၇ အတွက် ကျပ် ၃၈၂ ဘီလီယံ စိုက်ထုတ်အရှုံးခံရကြောင်း ပြောကြားခဲ့ပါသည်။

ကျပ် ၃၈၂ ဘီလီယံသည် ယနေ့ပေါက်ဈေးအရ အမေရိကန်ဒေါ်လာ ၂၈၂ သန်းနှင့် ညီမျှပါသည်။ အစိုးရကသာ အရှုံးခံစရာမလိုလျှင် အမေရိကန်ဒေါ်လာ ၂၈၂ သန်းဖြင့် ၂၈၂ မီဂါဝပ် ဓာတ်အားပေးစက်ရုံတစ်ရုံတည်ဆောက်နိုင်ပါသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း နိုင်ငံတော်အစိုးရက အမေရိကန်ဒေါ်လာ ၃၁၆ သန်းအရှုံးခံ၍ လျှပ်စစ်ဖြန့်ဖြူးခဲ့ပါသည်။

အကြမ်းဖျင်းအားဖြင့် အမေရိကန်ဒေါ်လာ ၃၁၆ သန်းသုံးလျှင် ၃၁၆ မီဂါဝပ် ဓာတ်အားပေးစက်ရုံတစ်ရုံတည်ဆောက်နိုင်ပါသည်။ နိုင်ငံတော်အစိုးရက နှစ်စဉ်အရှုံးခံ၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနေရသည့်အတွက် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ လျှပ်စစ်ပို့လွှတ်သည့် ဓာတ်အားလိုင်းများ၊ လျှပ်စစ်ဖြန့်ဖြူးရေးကွန်ရက်များ အသစ်တည်ဆောက်ရန် အခက်အခဲများနှင့် ရင်ဆိုင်လာရပါသည်။

နိုင်ငံတော်အစိုးရက အရှုံးခံ၍ ဖြန့်ဖြူးနေသော လျှပ်စစ်ကို သုံးစွဲနေသည့်လူဦးရေမှာ တစ်နိုင်ငံလုံးလူဦးရေ၏ ၃၇ ရာခိုင်နှုန်းသာဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပါသည်။ ၃၇ ရာခိုင်နှုန်းသည် ၁၈ သန်းကျော်ဖြစ်ပါသည်။ ကျန်လူဦးရေ ၃၂ သန်းကျော်သည် အစိုးရထံမှ လျှပ်စစ်မီးမရရှိပါ။ အချို့က အမှောင်ထဲတွင်နေရပြီး လျှပ်စစ်ရရှိသူများကလည်း တစ်ယူနစ်ကို ငွေကျပ် ၁၅၀ မှ ငွေကျပ် ၃၀၀ အထိ ပေးနေကြရပါသည်။ နိုင်ငံတော်အစိုးရက ထုတ်လုပ်သော ဓာတ်အား ၅၀ ရာခိုင်နှုန်းကို ရန်ကုန်မြို့အတွက် သုံးရပါသည်။ ရန်ကုန်မှာနေသူများက လျှပ်စစ်တစ်ယူနစ်သုံးစွဲတိုင်း အစိုးရထံမှထောက်ပံ့ကြေး ၂၃ ကျပ်ရရှိနေသည်ဟု ပြော၍ရပါသည်။ ရန်ကုန်မြို့နေ လူလတ်တန်းစားအိမ်ထောင်စုတစ်စု၏အိမ်တွင် လေအေးပေးစက် တစ်လုံးမှ နှစ်လုံးတပ်ဆင်ထားလေ့ရှိပါသည်။ တစ်လလျှင် လျှပ်စစ်ယူနစ် ၂၈၀ မှ ၃၀၀ ကီလိုဝပ်နာရီ သုံးစွဲပါလိမ့်မည်။ အစိုးရကတစ်လလျှင် ၃၀၀×၂၃ = ၆၉၀၀ ကျပ် စိုက်ထုတ်ပေးသည့်သဘောဖြစ်ပါသည်။ ချမ်းသာသည့် အိမ်ထောင်စုတစ်ခု၏အိမ်တွင် အနည်းဆုံးလေအေးပေးစက် လေးလုံးမှ ငါးလုံးရှိပါလိမ့်မည်။ တစ်လလျှင် ယူနစ် ၁၄၀၀ မှ ၁၆၀၀ ကီလိုဝပ်နာရီခန့် သုံးစွဲပါလိမ့်မည်။ အစိုးရက တစ်လလျှင် ၁၆၀၀×၂၃ = ၃၆၈၀၀ ကျပ် စိုက်ထုတ်ပေးသည့်သဘောဖြစ်ပါသည်။

အစိုးရဖြန့်ဖြူးသော လျှပ်စစ်များများသုံးသူကို အစိုးရက များများစိုက်ထုတ်ပေးနေသည့်စနစ်ကို ပြင်ရပါလိမ့်မည်။ အစိုးရက နှစ်စဉ် ကျပ်ဘီလီယံပေါင်းများစွာ အရှုံးခံ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချနေသည့်စနစ်ကို ပြင်ရပါလိမ့်မည်။ အခြေခံလူတန်းစားကို မထိခိုက်စေဘဲ လျှပ်စစ်ဓာတ်အားခနှုန်းထားများကို တိုးမြှင့်ကောက်ခံရပါမည်။ လျှပ်စစ်ဓာတ်အားခတိုးမှသာ ယနေ့ကြုံတွေ့နေရသော လျှပ်စစ်အခက်အခဲများကို ဖြေရှင်းနိုင်မည်ဆိုသည်ကို တာဝန်ရှိသူတို့သိသော်လည်း လျှပ်စစ်ဓာတ်အားခတိုးရန်အကြောင်းကို ပြည်သူကိုပြောရန် ဝန်လေးနေကြသည်။ ဆုံးဖြတ်ချက်ချရန် ချင့်ချိန်နေကြသည်။ ချင့်ချိန်လွန်း၍ နှောင့်နှေးကုန်သည်။ ဝန်လေးရသည့်အကြောင်း၊ ချင့်ချိန်ရသည့်အကြောင်းကိုလည်း အပြစ်မဆိုသာပါ။ လျှပ်စစ်ဓာတ်အားခ တိုးမည့်အကြောင်း သတင်းအစအနကြားသည်နှင့် မီဒီယာများက အော်ကြသည်။ ဖေ့စ်ဘွတ်တွင် ပြစ်တင်ဝေဖန်သည်။ လျှပ်စစ်ဓာတ်အားခနှုန်းထားတိုးချင်လျှင် လျှပ်စစ်ဓာတ်အား အရည်အသွေးကို အရင်ကောင်းအောင်လုပ်ပါဟု ဆိုသူက ဆိုကြသည်။ အရှုံးခံ၍ ရောင်းနေရလျှင် လျှပ်စစ်ဓာတ်အား အရည်အသွေးကောင်းရန် မဖြစ်နိုင်ပါ။ လျှပ်စစ်သုံးစွဲနေသူများက မိမိသုံးစွဲနေသော လျှပ်စစ်ကို ကျသင့်သည့်တန်ဖိုးပေး၍ သုံးစွဲမည်ဆိုသည့် မြင့်မြတ်သည့်စိတ်ဓာတ်မွေးမြူရန်လိုပါသည်။

လျှပ်စစ်ကို ကျသင့်သည့်တန်ဖိုးပေး၍ သုံးစွဲခြင်းသည် လျှပ်စစ်မရရှိသူများကို ကူညီရာရောက်ပါသည်။ လျှပ်စစ်သုံးစွဲနေသူများက မိမိသုံးစွဲနေသော လျှပ်စစ်ကို ကျသင့်သည့် တန်ဖိုးပေး၍ သုံးစွဲမှသာ နိုင်ငံတော်အစိုးရက ယနေ့ လျှပ်စစ်ဓာတ်အားမရရှိသေးသော မြန်မာပြည်လူဦးရေ ၃၂ သန်းကျော်ကို လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးနိုင်ပါမည်။ မီဒီယာများကလည်း လျှပ်စစ်ဓာတ်အားခနှုန်းထား တိုးမည့်အကြောင်းကို ဆန့်ကျင်ရေးသားမည်ဆိုတိုင်း အမှောင်ထဲတွင် စာကျက်နေရသည့် ကလေးသူငယ်များကို ဦးစွာကိုယ်ချင်းစာစိတ် ထားစေချင်ပါသည်။ လျှပ်စစ်ဓာတ်အားခတိုးမည်ဆို၍ ဆန္ဒပြမည်ဟုဆိုလျှင် လျှပ်စစ်မရရှိသေးသူတွေအတွက် ရှက်သည့်စိတ်၊ စာနာသည့်စိတ် ထားတတ်ရန်လိုသည်။


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း ၂၀၁၇ ခုနှစ် ဧပြီလ ၂၅ ရက်နေ့က နေပြည်တော်၌ ကျင်းပသော စွမ်းအင်မူဝါဒရေးဆွဲရေးအစည်းအဝေးတွင် လမ်းပန်းဆက်သွယ်ရေးကောင်းအောင်၊ လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်နိုင်မှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်လာမည်ဖြစ်ပြီး ပြည်သူတို့၏ဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဟု လမ်းညွှန်ပြောကြားခဲ့ပါသည်။ အရည်အသွေးပြည့်သော လျှပ်စစ်ဓာတ်အားကို အလုံအလောက်ရရှိမှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အလုံးအရင်းနှင့် ဝင်လာပါလိမ့်မည်။ လျှပ်စစ်ဓာတ်အားခကို ထိုက်သင့်သည့်နှုန်းကောက်ခံမှသာလည်း နိုင်ငံတော်အစိုးရက အရည်အသွေးပြည့်သော လျှပ်စစ်ဓာတ်အားကို အလုံအလောက်ရရှိအောင် စီစဉ်ဆောင်ရွက်နိုင်ပါလိမ့်မည်။

အာဆီယံနိုင်ငံများ၏ လျှပ်စစ်တစ်ယူနစ် နှုန်းထားများ ပုံတွင် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံတွင် အိမ်သုံးအတွက် အောက်ပါအတိုင်း ကောက်ခံပါသည်-

| | | |
|---|---|---|
| **၁** | **ယူနစ် မှ ၁၀၀ ယူနစ် အထိ** | **၃၅ ကျပ်** |
| **၁၀၁** | **ယူနစ် မှ ၂၀၀ ယူနစ် အထိ** | **၄၀ ကျပ်** |
| **၂၀၁** | **ယူနစ်နှင့်အထက်** | **၅၀ ကျပ်** |

မြန်မာနိုင်ငံ၏ လျှပ်စစ်နှုန်းထားသည် အာဆီယံနိုင်ငံများတွင် ပေးရသောလျှပ်စစ်နှုန်းထား၏ တစ်ဝက်ပင်မရှိသည်ကို တွေ့ရပါမည်။ စင်ကာပူနိုင်ငံ၏ လျှပ်စစ်နှုန်းထားသည် ကျွန်တော်တို့ထက် ငါးဆများသည်။ အိမ်သုံးလျှပ်စစ်နှုန်းထားများကို အခြေခံလူတန်းစားအတွက် ယူနစ် ၁၀၀ အထိ ယခုလက်ရှိနှုန်းထားအတိုင်းထားပြီး ယူနစ် ၁၀၀ ကျော်လျှင် အချိုးကျတိုးမြှင့်ကောက်ခံသင့်ပါသည်။

**အာဆီယံနိုင်ငံများ၏ ဓာတ်အားခနှုန်းထား ကျပ်ဖြင့် ဖော်ပြထားသော ၁ ကီလိုဝပ်နာရီတန်ဖိုး**




စက်မှုနှင့် စီးပွားရေးသုံး လျှပ်စစ်နှုန်းထားများသည် ကျွန်တော်တို့နိုင်ငံတွင် ဈေးနှုန်းတူနေပါသည်။ နိုင်ငံတော်တော်များများတွင် စက်မှုနှင့် စီးပွားရေးသုံး လျှပ်စစ်နှုန်းထားများမတူပါ။ စီးပွားရေးသုံး လျှပ်စစ်နှုန်းထားသည် စက်မှုသုံးထက်များပါသည်။ ကျွန်တော်တို့ နိုင်ငံတွင်လည်း ဟိုတယ်များ၊ ဈေးဝယ်စင်တာကြီးများ၊ ဘဏ်များ၊ ရုံးများ၊ စားသောက်ဆိုင်ကြီးများ၊ ကာရာအိုကေဆိုင်များစသည်တို့ကို စီးပွားရေးလုပ်ငန်းသုံးအဖြစ် နှုန်းထားသီးခြားသတ်မှတ်ကာ စက်မှုသုံးထက် ပိုမိုကောက်ခံသင့်ပါသည်။ စက်မှုသုံးလျှပ်စစ်နှုန်းထားများကိုလည်း အမြတ်မယူသည့်တိုင် အရှုံးခံစိုက်ထုတ်ခြင်းမဖြစ်အောင် ချိန်ညှိ၍ တိုးမြှင့်ကောက်ခံသင့်ပါသည်။

တာဝန်ရှိသူများက ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ချက်ချ၍ လျှပ်စစ်ဓာတ်အားခကို အမြန်ဆုံး တိုးမြှင့်ကောက်ခံမှသာ နိုင်ငံတော်အစိုးရက လျှပ်စစ်မရရှိသေးသည့် ပြည်သူများအတွက် လျှပ်စစ်များ ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ပြီး ပြည်သူတို့၏ လူနေမှုဘဝများ တိုးတက်ပြောင်းလဲလာပါမည်။ လျှပ်စစ်ဓာတ်အားခကို တိုးမြှင့်ကောက်ခံလိုက်သည်နှင့် လျှပ်စစ်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း တိုးလာပါမည်။ အရည်အသွေးပြည့်သော လျှပ်စစ်ဓာတ်အားကို အလုံအလောက်ပေးနိုင်လာပြီး ကဏ္ဍအသီးသီးတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာပါမည်။ လျှပ်စစ်ဓာတ်အားခကို တိုးမြှင့်ကောက်ခံလိုက်ခြင်းဖြင့် ဒိုမီနိုသက်ရောက်မှုကဲ့သို့ နိုင်ငံနှင့် ပြည်သူများအတွက် ရရှိလာမည့်ကောင်းကျိုးများသည် တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်လာမည်ကို ယုံကြည်ပါသည်။ ။

# ထီးချိုင့်မြို့နယ်၌ သောက်သုံးရေပြတ်လပ်နေသဖြင့် ရေလှူဒါန်းမှုများပြုလုပ်

**ထီးချိုင့် မေ ၁၉**

စိမ့်စမ်းရေသွယ်တစ်ခုတည်းသာ အားထားအသုံးပြုနေရသော ထီးချိုင့်မြို့နယ် ပေါက်ကုန်းကျေးရွာသည် နွေရာသီပူပြင်းခြောက်သွေ့မှုကြောင့် ရေများခန်းခြောက်၍ သောက်သုံးရေရှားပါးပြတ်လပ်မှု ကြုံတွေ့နေရကြောင်း ပေါက်ကုန်းရွာဒေသခံများထံမှ သိရသည်။



ထီးချိုင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ကြီးကြပ်မှု၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မေ ၁၇ ရက်က ကွင်းကြီးအုပ်စု ပေါက်ကုန်းကျေးရွာသို့ သောက်သုံးရေ ဂါလန် ၆၅၀၀ ခန့် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ရွာမှာ စိမ့်စမ်းရေသွယ်စနစ်နဲ့ပဲ ရေကိုသုံးနေရပါတယ်။ ဒီစိမ့်စမ်းရေသွယ်ဆိုတာကလည်း ကွင်းကြီးရွာ ရေထွက်ပေါက်မှတစ်ဆင့် ယူရတာဖြစ်ပါတယ်။ ခုလိုရေရှားတဲ့အချိန်မှာ နှစ်ရွာ မျှသုံးနေရတာဖြစ်လို့ ကျွန်တော်တို့ရွာကို ရေမရောက်နိုင်တော့တာပါ။ ရေတွင်းတူးလို့လည်း အဆင်မပြေဘူး။ အဆင်ပြေအောင် လုပ်ပေးမယ်ဆိုရင်တော့ ရေကောင်းရေသန့်ရတဲ့အထိ တူးတဲ့စက်ကြီးတွေနဲ့ တူးဖော်ပေးမယ်ဆိုရင်တော့ အဆင်ပြေမှာပါ"ဟု ပေါက်ကုန်းရွာ ဒေသခံတစ်ဦးက ပြောသည်။

ပေါက်ကုန်းကျေးရွာသည် ထီးချိုင့်မြို့၏ မြောက်ဘက်

(ကျောင်းကုန်း-ထီးချိုင့်)

အဝေးပြေးကားလမ်းမကြီးပေါ်တွင် တည်ရှိပြီး ထီးချိုင့်မြို့နှင့် ငါးမိုင်ဝေးပြီး တခြားရွာများထက် သောက်သုံးရေခက်ခဲသောရွာဖြစ်သည်။ အိမ်ခြေ ၁၇၆ အိမ် လူဦးရေ ၈၀၀ ကျော်နေထိုင်သော ကျေးရွာဖြစ်ပြီး မိုးကိုသာမျှော်စိုက်ရသော စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုရသော ရွာတစ်ရွာဖြစ်သည်။

"ပေါက်ကုန်းရွာမှာ မေလဆန်းလောက်ကတည်းက ရေအခက်အခဲကြုံတွေ့နေရပါတယ်။ ရေအရင်းအမြစ်လည်းကောင်းတယ်။ ကျွန်တော်တို့ရွာနဲ့ နှစ်မိုင်လောက်ဝေးတဲ့ ကွင်းကြီးရွာ-ဘီလူးမြို့ဟောင်းရေထွက်ကနေ စိမ့်စမ်းရေသွယ် လုပ်ပေးရင်တော့ ရာသီမရွေး သောက်သုံးရေအဆင်ပြေသွားမှာပါ။ အခုလိုလာရောက်ပြီး လှူဒါန်းပေးခဲ့တဲ့ ကျေးလက်ဦးစီးမှူးနဲ့ ဝန်ထမ်းတွေ၊ မီးသတ်ဦးစီးမှူးနဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေကို ကျေးရွာသူကျေးရွာသားတွေကိုယ်စား ကျေးဇူးတင်ပါတယ်"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မြင့်က ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေး

**မြစ်ကြီးနား မေ ၁၉**

မိုးရာသီတွင် အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါနှိမ်နင်းရေးအနေဖြင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာမ ဒေါ်လလာလွမ်းနော်နှင့် ကျန်းမာရေးဝန်ထမ်းများပါဝင်သောပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်အတွင်း နေအိမ်များရှိ သောက်သုံးရေများအား ပိုးလောက်လမ်း မပေါက်ပွားနိုင်အောင် အဘိတ်ဆေးများခတ်ပေး၍ ကျန်းမာရေးအသိပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ပြီး မေ ၁၈ ရက်မှ ၂၀ ရက်အထိ အဘိတ်ဆေးခတ်ခြင်း၊ ရေဆိုးများမရှိစေရေး၊ ချုံနွယ်များမရှိစေရေး၊ ဖုံး၊ သွန်၊ လဲ၊ စစ်စသည့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများကို မေ ၁၈ ရက်မှ ၂၀ ရက်အထိ နယ်မြေ ၂၄ ခုတွင် အဖွဲ့များခွဲ၍ ဆောင်ရွက်ခဲ့ကြသည်။

**မင်းမင်းဦး**

## ပြည်တွင်းရေးရာ



**တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ အရှင်ဝီရိယာနန္ဒအား ဒုတိယသမ္မတ ဦးမြင့်ဆွေ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်နှင့် အဆောင်အယောင် ဆက်ကပ်လှူဒါန်းစဉ်။**

**○ရွှေဖုံးမှ**

တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသို့ ဝင်ရောက်ပြန်ဆိုဖြေဆိုအောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်မြတ်တို့သည် ထူးကဲသော ဆန္ဒ၊ ပြင်းထန်သော ဝီရိယ၊ ထက်သန်တက်ကြွသော စိတ်ဓာတ်၊ တောက်ပရဲရင့်သောပညာ ဤလေးဖြာသော အဓိပတိတို့ကို ကိုယ်စီကိုယ်င အပြည့်အဝထားရှိကြလျက် ဝင်ရောက်ဖြေဆိုအောင်မြင်တော်မူကြသကဲ့သို့ နိုင်ငံတော်အစိုးရနှင့်တကွ တိုင်းသူပြည်သား ဒါယကာ ဒါယိကာမတို့ဘက်ကလည်း ဓမ္မအရာ၌ အဆင့်အတန်းမြင့်မားသော အရှင်မြတ်တို့ကို ပစ္စယာနုဂ္ဂဟဖြင့် အားပေးချီးမြှောက်ကြသဖြင့် ပရိယတ္တိသာသနာတော်ကြီး ယခုကဲ့သို့ စည်ပင်ပြန့်ပွားလျက်ရှိသည်ကို တွေ့မြင်နေကြရပါကြောင်း၊ သာသနာတော် သုံးရပ် သန့်ရှင်းတည်တံ့ ပြန့်ပွားနိုင်ရေးအတွက် အရေးအကြီးဆုံးမှာ ပရိယတ္တိသာသနာဖြစ်ပါကြောင်း။

ပရိယတ္တိသာသနာ မခိုင်ခံ့ဘဲ အားနည်းလာသည့်အခါ အဓမ္မဝါဒ၊ မိစ္ဆာဝါဒ ရောဂါဆိုးများ ဝင်လာတတ်သကဲ့သို့ အဓိကရုဏ်းမှုခင်းစသည်များ ဖြေရှင်းရန်နှင့် သာသနာတော် တည်တံ့ပြန့်ပွားရန်မှာလည်း စာပေကျမ်းဂန် ပိဋကတ်တော်ဟူသော ပရိယတ်သာလျှင် အဓိကဖြစ်ပါကြောင်း၊ ပရိယတ်ကို အခြေခံ၍ အားလုံးဖြစ်ပေါ်ရသည်ဖြစ်ရာ ပရိယတ်ကို ထိပါးပုတ်ခတ်စော်ကားလာလျှင် သာသနာကွယ်ပျောက်ဖို့ အကြောင်းဖြစ်သဖြင့် သာသနာတော် တစ်ရပ်လုံးကို ထိပါးပုတ်ခတ်စော်ကားသည် မည်ပါကြောင်း၊ ပရိယတ်မခိုင်မာ အားပျော့လျော့နည်းသောနေရာများ၌ အဓမ္မဝါဒ၊ မိစ္ဆာဝါဒတို့ အစုလိုက်အပြုံလိုက် ဝင်လာတတ်ရာ ပရိယတ်မပါဘဲ ပဋိပတ်ကိုအားထုတ်သူသည် မျက်စိမပါဘဲ(အကန်း)လမ်းသွားသည်နှင့် တူနေပါကြောင်း၊ ပရိယတ်မရှိပါက ပဋိဝေဓ ဟူသော သာသနာတော်နှစ်ရပ်လည်း မရှိနိုင်ပါကြောင်း။

မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီးအတွင်းဝယ် ပရိယတ်၊ ပဋိပတ် သာသနာ့ဝန်ဆောင် ဆရာတော်ကြီးများက ခုရနှစ်ဖြာကို ဦးဆောင်ကြိုးပမ်းဆောင်ရွက်နေကြသော ယနေ့အချိန်အခါတွင် သာသနာတော်ညှိုးမှိန်ကွယ်ပျောက်အောင် နှောင့်ယှက်ဖျက်ဆီးနေကြသည့် သာသနာ့အတွင်းရန် သာသနာ့အန္တရာယ်များလည်း ရှိနေကြပါကြောင်း၊ ထေရဝါဒ ပိဋကတ်စာပေနှင့် ဆန့်ကျင်သော ဟောပြောမှု၊ မိမိ၏အတွေးအခေါ် သက်သက် အယူအဆများ ထည့်သွင်း၍ ဟောပြောမှု ရေးသားထုတ်ဝေဖြန့်ချိနေသည့် မိုးပြာဂိုဏ်းသား အဓမ္မဝါဒများမှာလည်း ပြန်လည်သက်ဝင် လှုပ်ရှားလျက်ရှိနေကြခြင်းများလည်း တွေ့ရှိနေရပါကြောင်း၊ ထိုကဲ့သို့သော သာသနာ့အန္တရာယ်များကို အချိန်မီပူးပေါင်းကာကွယ် ထိန်းသိမ်းနိုင်ရေးအတွက်လည်း ပရိယတ်စာပေကျွမ်းကျင်တော်မူကြသည့် သံဃာတော်များ စဉ်ဆက်မပြတ်ရှိနေရန် လိုအပ်ပါကြောင်း၊ စဉ်ဆက်မပြတ်ရှိနေမှသာ အဓမ္မဝါဒများ မပြန့်ပွားအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း၊ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များ အနေဖြင့်လည်း သာသနာတော်သန့်ရှင်းရေးအတွက် ဆောင်ရွက်နိုင်ကြလိမ့်မည်ဟု မျှော်လင့်တောင့်တပါကြောင်း။

ရှင်မဟာကဿပ မိန့်တော်မူခဲ့သော စကားတော်သည် အလွန်လေးနက်၍ သာသနာ့ဝန်ထမ်း ရဟန်းတော်များ အမြဲမပြတ် လိုက်နာအပ်သော စကားများ ဖြစ်ပါကြောင်း။

"ငါ့ရှင်တို့ ဓမ္မဝါဒဖြစ်စေ၊ အဓမ္မဝါဒဖြစ်စေ အကြောင်းအားလျော်စွာ အားကောင်းလာတတ်ပါတယ်။ အကယ်၍ အဓမ္မဝါဒတွေသာ အားကောင်းလာမည်ဆိုလျှင် သာသနာတော်တစ်ရပ်လုံး ပျက်စီးဆုံးရှုံးကြလိမ့်မယ်။ ဒါကြောင့် အဓမ္မဝါဒတွေ အားမကောင်းမီဖြိုဖျက်ရန် ငါတို့မှာ တာဝန်ရှိတယ်။ ဒါကြောင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတွေကို သင်္ဂါယနာတင်ကြကုန်စို့"ဟု မိန့်ဆိုတော်မူခဲ့သောစကားကို လေးစားသောအားဖြင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတရားဓမ္မများ မပျောက်မပျက်ကြလေအောင် အမြဲမပြတ် ထိန်းသိမ်းစောင့်ရှောက်ကြလျက် သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ယခုနှစ် (၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီး၌ အဘိဓမ္မ ပိဋက အဘိဓမ္မာနောက်ပိုင်း နှစ်ကျမ်းရေးဖြေအောင် အဘိဓမ္မကောဝိဒ၊ တိပိဋက ကောဝိဒ အရှင်မြတ် တစ်ပါး၊ ပိဋကတ်နှစ်ပုံ ရေးဖြေအောင် ဒီဃနိကာယ ကောဝိဒ အရှင်မြတ် တစ်ပါး၊ ပိဋကတ်နှစ်ပုံ အာဂုံဆောင် ဒီဃဘာဏက အရှင်မြတ် ရှစ်ပါး၊ ပိဋကတ်တစ်ပုံ ရေးဖြေအောင် ဝိနယကောဝိဒ အရှင်မြတ် ငါးပါး၊ ပိဋကတ်တစ်ပုံ အာဂုံဆောင် ဝိနယဓရ အရှင်မြတ် ၁၇ ပါး၊ ဝိနယ ပိဋကတ် ဝိနည်းရွှေပိုင်း နှစ်ကျမ်းရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ အရှင်မြတ် ၁၁ ပါး၊ ဝိနယပိဋကတ် ဝိနည်းရွှေပိုင်း နှစ်ကျမ်းအာဂုံဆောင် ဥဘတောဝိဘင်္ဂဓရ အရှင်မြတ် ၄၇ ပါး စုစုပေါင်း အာဂုံရေးဖြေအောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်မြတ် အပါး ၉၀ ပေါ်ထွန်းခဲ့ပါကြောင်း။

(၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒတစ်ပါး ပေါ်ထွန်းခဲ့ပြီးနောက် ယခုနှစ်ကျင်းပပြီးစီးခဲ့သော (၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး၌ အဘိဓမ္မပိဋက အဘိဓမ္မာနောက်ပိုင်းနှစ်ကျမ်းကို ရေးဖြေအောင်မြင်တော်မူခဲ့သော အဘိဓမ္မကောဝိဒ၊ တိပိဋကကောဝိဒ ဘွဲ့လက်မှတ်ခံယူမည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋက နိကာယကျောင်းတိုက်မှ အရှင်ဝီရိယာနန္ဒသည် ငါးနှစ်ကြာမှ **"တိပိဋကကောဝိဒ"** ဘွဲ့တံဆိပ်အောင်ပန်းကို အရလှမ်းယူနိုင်ခဲ့သော သာသနာ့အာဇာနည်တစ်ပါး ထူးထူးခြားခြား ပေါ်ထွန်းလာခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရနှင့် တိုင်းသူပြည်သား ဒါယကာ ဒါယိကာမများအဖို့ ပြည်တန် ပတ္တမြားရတနာတစ်လုံးကို လက်ဝယ်ရရှိကြသည့်ပမာ အလွန်တရာဝမ်းမြောက်မဆုံး၊ ဂုဏ်ယူလို့မဆုံး ဖြစ်ကြရပါကြောင်း၊ သိပ္ပံပညာထွန်းကားသောယနေ့ခေတ်ကာလတွင် ပုံနှိပ်စာအုပ်များကို ကွန်ပျူတာစက်များအတွင်း ထည့်သွင်းမှတ်သားထားခြင်း၊ ပြန်လည်၍ ကြည့်ရှုနိုင်ခြင်းများ ပြုလုပ်နေကြသော်လည်း ဆရာတော် သံဃာတော်များသည် ရှေးရှေးသော ရဟန္တာမထေရ်မြတ်ကြီးတို့၏ အစဉ်အလာကိုမဖျက်ဘဲ တစ်စုံတစ်ရာ နုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်း အလျဉ်းမရှိ ပိဋကတ်သုံးပုံကို မူရင်းအတိုင်း အတိအကျနှုတ်ငုံဆောင်ကြသည့် အရှင်မြတ်များနှင့် သဘောရေးဖြေ အောင်မြင်တော်မူကြသော အရှင်မြတ်များကို စာမေးပွဲများကျင်းပပြီး ဖော်ထုတ်ရွေးချယ်၍ ပူဇော်မှုများ ပြုလုပ်လျက်ရှိပါကြောင်း။

စာချစာသင်ဂဏ္ဌဓုရကို ကြိုးစားအားထုတ်၍ (၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသို့ ဝင်ရောက်ပြန်ဆို ရေးဖြေခဲ့ကြသည့် စာအောင်အရှင်မြတ်များသည် **"ပုဂ္ဂလဝိသေသော ဇနိတဗ္ဗော"** ကျမ်းဟောအရ မမေ့သင့် မမေ့အပ် မမေ့ထိုက်သော ပုဂ္ဂလဝိသေသ သာသနပါလ ဗျတ္တ ပဋိဗလ ပုဂ္ဂလအာဇာနည် အရှင်မြတ်များလည်း ဖြစ်တော်မူရာ **"ဒုလ္လဘော လောကသ္မိံ ပုရိသဇညာ"**ပါဠိအရ လောကတွင် ထူးချွန်ကဲမောက် ဂုဏ်ထူးမြောက်သဖြင့် လွန်စွာရခဲ တွေ့မြင်ဖူး တွေ့ခဲလှစွာသော ဒုလ္လဘတစ်ပါး အဝင်အပါ ချီးကျူးဂုဏ်ပြုထိုက်သော သာသနာ့အာဇာနည် အရှင်မြတ်များဖြစ်တော်မူကြပါကြောင်း။

ဤကဲ့သို့ သာသနာ့အာဇာနည် အရှင်မြတ်များကို ပူဇော်ခွင့်ရရှိခြင်းမှာလည်း မြန်မာနိုင်ငံ၌ ရတနာသုံးပါး ထင်ရှားရှိနေခြင်းကြောင့်ပင်ဖြစ်ပါကြောင်း၊ ပရိယတ္တိစာပေများကို

**စာမျက်နှာ ၉ သို့ »»»**



**တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲအောင် အရှင်သူမြတ်တစ်ပါးအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။**



**တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲအောင် အရှင်သူမြတ်တစ်ပါးအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။**

»»» စာမျက်နှာ ၉ မှ

အားသွန်ကြိုးပမ်း သင်အံကျက်မှတ်၍ အာဂုံဆောင်နိုင်သော သာသနာ့အာဇာနည် အရှင်မြတ်တို့ အစဉ်အပြတ်ရှိနေသမျှကာလပတ်လုံး ထေရဝါဒဗုဒ္ဓဘာသာ မြန်မာနိုင်ငံ၌လည်း သုံးဝသာသနာ နေပမာသို့ ဝေဖြာရောင်လင်း အမှောင်ခွင်း၍ ထိန်ဝင်းလျက်သာ အရှည်ခံ့၍ တည်တံ့နေမည် ဖြစ်ပါကြောင်း။

**“ကောင်းကံပြုက ကောင်းကျိုးရ”** ဟူသော ဒေသနာတော်နှင့်အညီ (၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ဝင်ရောက်ပြန်ဆိုဖြေဆိုအောင်မြင်ခဲ့ကြသော သာသနာ့အာဇာနည် အရှင်မြတ်များအား ပစ္စည်းလေးဝ လှူဒါန်းကြရသဖြင့် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို သဒ္ဓါကြည်လင် ကုသိုလ်ရှင်တို့ အမှန်ပင်ရရှိကြမည်ဖြစ်ပါကြောင်း၊ ဆရာတော်၊ သံဃာတော်အရှင်မြတ်တို့ကလည်း ပိဋကတ်တော်များကို ထိန်းသိမ်းစောင့်ရှောက်လျက် ဒါယကာ ဒါယိကာမများဘက်ကလည်း ပစ္စည်းလေးဝ လှူဒါန်းကြကာ ညီညာတွဲလျက် လက်ချင်းယှက်၍ မြတ်ဗုဒ္ဓသာသနာကို ရှည်ကြာစွာ တည်တံ့အောင် ထောက်ပံ့နိုင်ကြပါစေသားဟု ဆန္ဒပြုပါကြောင်း လျှောက်ထားသည်။

ထို့နောက် (၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲအောင် သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေက တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ဝီရိယာနန္ဒအား တိပိဋကဓရဘွဲ့တံဆိပ်တော်၊ တိပိဋကဓရအောင်လက်မှတ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်သည်။

ထို့နောက်ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်ပုံ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပိဋကတ်နှစ်ပုံရေးဖြေအောင်တစ်ပါး၊ ပိဋကတ်နှစ်ပုံအာဂုံအောင် ရှစ်ပါး၊ ပိဋကတ်တစ်ပုံရေးဖြေအောင် ငါးပါး၊ ပိဋကတ်တစ်ပုံအာဂုံအောင် ၁၇ ပါး၊ ဝိနည်းပထမပိုင်းရေးဖြေအောင် ၁၁ ပါး၊ ဝိနည်းပထမပိုင်းအာဂုံအောင် ၄၇ ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆင်မင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တသြဘာသာဘိဝံသထံမှ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော်များအား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေးတို့အမှူးပြုသော အဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိတော့မည့် အကြိုကာလကတည်းက နိုင်ငံတော်အနေဖြင့် လွတ်လပ်ရေးရရှိပြီးပါက ဆဋ္ဌသင်္ဂါယနာတင်ရန် အာသီသပြင်းထန်လျက်ရှိရာ ထိုသတင်းစကားကြားသိကြသော ကျန်ထေရဝါဒနိုင်ငံများက သင်္ဂါယနာတင်ရန်မှာ ပိဋကတ်သုံးပုံ အာဂုံဆောင်ပုဂ္ဂိုလ်များရှိမှသာ သင်္ဂါယနာတင်နိုင်ခွင့်ရှိကြောင်း ဝေဖန်ပြောဆိုချက်ကြောင့် ပိဋကတ်အာဂုံဆောင်ပုဂ္ဂိုလ်များ ပေါ်ထွန်းစေရေး ရည်ရွယ်လျက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို နှစ်စဉ်ဒီဇင်ဘာလ စတုတ္ထပတ်တွင် ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ၃၃ ရက်ကြာ ကျင်းပသည်။

ယခု(၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူခဲ့သည့် သက်တော်(၄၇)နှစ် ဝါတော်(၂၇)ဝါရှိ အရှင်ဝီရိယာနန္ဒသည် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ကို (၁၄)ပါးမြောက်ခံယူရရှိတော်မူခြင်းဖြစ်သည်။ (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒတစ်ပါး ပေါ်ထွန်းခဲ့ပြီးနောက် ငါးနှစ်အကြာတွင် တိပိဋကကောဝိဒ သာသနာ့အာဇာနည်တစ်ပါး ထူးထူးခြားခြားပေါ်ထွန်းလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ကို ယနေ့ထိ ဆရာတော် ၁၄ ပါး ခံယူရရှိတော်မူပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်သက်ရှိထင်ရှား ၁၀ ပါးရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ သာရဏီယသြဝါဒကထာ ချီးမြှင့်စဉ်။




# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲတက်ရောက်

**နေပြည်တော် မေ ၁၉**

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး (14th ACDFIM)သို့တက်ရောက်ခဲ့သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေ ၁၈ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် Sofitel Hotel ၌ ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Eduardo M.Ano နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ညစာစားပွဲတွင် ဖိလစ်ပိုင်တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် Lt. Gen. SALVADOR MELCHOR B MISON JR AFP က နှုတ်ဆက်စကားပြောကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ညစာစားပွဲသို့တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ဖိလစ်ပိုင်တပ်မတော်(လေ) တေးဂီတအဖွဲ့က တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ဒေသစံတော်ချိန် ည ၇ နာရီတွင် ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံ(ကြည်း၊ ရေ၊ လေ)၏ နေအိမ်သို့ သွားရောက်ပြီး သံရုံး၊ စစ်သံရုံးမိသားစုများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# NLD နာယက ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေ တိုးတက်လာ ပြန်လည်သန်စွမ်းရေးအတွက် ကုသမှုများပြုလုပ်သွားရန် လိုအပ်မည်

**ရန်ကုန် မေ ၁၉**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ အထူးကြပ်မတ်ကုသဆောင်၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်မှုရှိလာပြီဖြစ်ကြောင်း အဆိုပါဆေးရုံကြီးမှ သိရသည်။

“ဆေးရုံကြီးကို စတင်ရောက်တဲ့ အချိန်ကနေ ၃၆ နာရီအတွင်းမှာပဲ မနေ့က မလှုပ်ရှားနိုင်တဲ့ ဘယ်ဘက်လက်က လှုပ်ရှားနိုင်နေပါပြီ။ စကားတော့ ပြောလို့မရသေးပါဘူး။ လက်မြှောက်ပြဆို လက်မြှောက်ပြနိုင်နေပါပြီ။ မနေ့က အခြေအနေကတော့ ကျွန်မတို့ ဘာပြောတယ်ဆိုတာ သူနားမလည်ပါဘူး။ ဒီကနေ့မှာတော့ အများကြီးတိုးတက်လာပါတယ်”ဟု အဆိုပါဆေးရုံကြီးမှ (ဦးနှောက်နှင့် အာရုံကြော ဆေးကုဌာန) ပါမောက္ခ ဒေါက်တာဝင်းမင်းသစ်က ပြောကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၏ကျန်းမာရေး အခြေအနေနှင့်ပတ်သက်၍ ယနေ့ ညနေပိုင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမတွင် ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကို ဦးဆောင်ကာ သက်ဆိုင်ရာကဏ္ဍအလိုက် ပါမောက္ခ ဆရာဝန်ကြီးများ၊ အထူးကု ဆရာဝန်ကြီးများပါဝင်ကာ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ယင်းကဲ့သို့ပြောကြားခြင်း ဖြစ်သည်။

ဆက်လက်၍ “ဆေးရုံကိုရောက်လာတဲ့အချိန်တုန်းက ညာဘက်တစ်ခြမ်း မလှုပ်နိုင်သလို ဘယ်ဘက်တစ်ခြမ်းကလည်း သိပ်မလှုပ်နိုင်ပါဘူး။ သတိကလည်း သိပ်မကောင်းပါဘူး။ ကျွန်မတို့ ဆေးပညာအရ လက်လှုပ်ရှားတာတွေ၊ မျက်စိလှုပ်ရှားတာတွေက လူကောင်းတစ်ယောက်မှာ ရှိသင့်တဲ့ပုံစံမျိုး မဟုတ်ပါဘူး။ ဦးနှောက်ထဲကိုသွားတဲ့ သွေးကြောမကြီးပိတ်သွားတာကြောင့် သူရဲ့ ခန္ဓာကိုယ်ရယ်၊ ဦးနှောက်ရဲ့လှုပ်ရှားမှုတွေက သာမန်လူလို မလှုပ်ရှားတော့ပါဘူး။ ဒါကတော့လေဖြတ်ရောဂါတွေမှာဖြစ်လေ့ဖြစ်ထရှိတဲ့ ပုံစံမျိုးပဲဖြစ်ပါတယ်။ ဦးနှောက်ရဲ့ဘယ်ဘက်တစ်ခြမ်းမှာလေဖြတ်သွားတော့ စကားပြောလို့မရဘူး။ အစာမျိုလို့မရဘူး၊ ခြေတွေလက်တွေလည်း လှုပ်ရှားလို့မရဘူး။ မနေ့ကထက် ဒီကနေ့မှာတော့ ကျန်းမာရေးအခြေအနေ တိုးတက်လာပါတယ်”ဟု ၎င်းက ပြောသည်။

ဦးတင်ဦးသည် မေ ၁၇ ရက် ည ၁၁ နာရီခန့်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက်ရှိ ၎င်း၏နေအိမ် ရေချိုးခန်းအတွင်း ချော်လဲရာမှ သတိလစ်သွားသဖြင့် SSC (ပုဂ္ဂလိကဆေးရုံ)သို့ ပို့ဆောင်၍ ဆေးကုသမှုခံယူခဲ့ကာ မေ ၁၈ ရက် နံနက် ၃ နာရီခန့်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ဦးနှောက်နှင့်အာရုံကြောကုသဌာနသို့ ပြောင်းရွှေ့ဆေးဝါးကုသမှုခံယူခဲ့ပြီး နံနက် ၈ နာရီခွဲခန့်တွင် လိုအပ်ချက်အရ အထူးကြပ်မတ်ကုသဆောင်သို့ ပို့အပ်ကာ ဆေးဝါးကုသမှု ဆက်လက်ခံယူခဲ့ကြောင်း သိရသည်။

အသက်(၉၁)နှစ်အရွယ်ရှိ ဦးတင်ဦးသည် မူလက နှလုံးနှင့် သွေးတိုးရောဂါရှိသူတစ်ဦးဖြစ်သည့်အပြင် လေဖြတ်ရောဂါသည် အချိန်အနည်းငယ်အတွင်း ပြန်လည်ကောင်းမွန်သည့် ရောဂါမျိုးမဟုတ်သည့်အတွက် လိုအပ်သည့် အချိန်အတိုင်းအတာတစ်ခုအထိ ပေးရန်လိုအပ်ကြောင်း၊ နှလုံးခုန်နှုန်းအတက်အကျမမှန်မှုများ ရှိနေသေးသည့်အတွက် ရာခိုင်နှုန်းအပြည့် အာမခံ၍ မရသေးကြောင်း၊ သွေးခဲမှုကို ခွဲစိတ်ကုသမှုများပြုလုပ်ရန် မလိုအပ်သော်လည်း ကျန်းမာရေးအခြေအနေအရ စောင့်ကြည့်ကာလအဖြစ် ရက်သတ္တတစ်ပတ်အထိ လိုအပ်မည်ဖြစ်ကြောင်း၊ စောင့်ကြည့်ကာလတွင် အခြေအနေတိုးတက်ကောင်းမွန်လာပါက ရက်သတ္တတစ်ပတ် နှစ်ပတ်ခန့် ဆေးရုံတွင် ပြန်လည်သန်စွမ်းရေးအတွက် ကုသမှုများပြုလုပ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း အဆိုပါရှင်းလင်းပွဲမှ သိရသည်။

**ဇော်ကြီး(ပဏီတ)**

## ဥတုရာသီ တောကိုမှီ၏

ကြေးမုံ



# ကိုရီးယားသမ္မတနိုင်ငံရှိ ကမ်းနီးငါးဖမ်းသင်္ဘောများပေါ်တွင် အလုပ်လုပ်ကိုင်ရန် မြန်မာရေလုပ်သားများအား E-10 Visa ဖြင့် တရားဝင်စေလွှတ်နိုင်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၉**

မြန်မာအလုပ်သမားများအား ကိုရီးယားသမ္မတနိုင်ငံရှိ ကမ်းနီးငါးဖမ်းသင်္ဘောများပေါ်တွင် အလုပ်လုပ်ကိုင်ရန် မြန်မာရေလုပ်သားများအား E-10 Visa ဖြင့် တရားဝင်စေလွှတ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း မေ ၁၈ ရက် နံနက်ပိုင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ပတွင်အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၁၇)လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

မြန်မာအလုပ်သမားများအား ကိုရီးယားသမ္မတနိုင်ငံရှိ ကမ်းနီးငါးဖမ်းသင်္ဘောများပေါ်တွင် အလုပ်လုပ်ကိုင်ရန် မြန်မာရေလုပ်သားများအား E-10 Visa ဖြင့် တရားဝင်စေလွှတ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ စင်ကာပူနိုင်ငံရှိ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာ၊ ဘိုးဘွားရိပ်သာနှင့် ဆေးရုံများတွင် အလုပ်လုပ်ကိုင်ရန်အတွက် သူနာပြုနှင့် သူနာပြုအကူလက်မှတ် ရရှိပြီးသူများအား စေလွှတ်လိုကြောင်း၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှ တင်ပြထားရှိသည့် ကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့နှင့်ပူးပေါင်း၍ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက စိစစ်စေလွှတ်သင့်ကြောင်း သဘောထား မှတ်ချက်ထားရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် အလုပ်သမားစုဆောင်းခြင်းလုပ်ငန်းစဉ်အတွက် အေဂျင်စီများ၏ နယ်ကိုယ်စားလှယ်များအဖြစ် ဆောင်ရွက်နိုင်ရေးကို ပြည်ထဲရေးဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

ထို့ပြင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးရှိ သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနစိတ်၌ နိုင်ငံသားစိစစ်၍ သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးပြီး နိုင်ငံသားအထောက်အထားတင်ပြနိုင်ခြင်း မရှိသူများကို စမုစခွန် (မဟာချိုင်) ၁ နှင့် ၂၊ စမုပရာကန်၊ မယ်ဆိုင်၊ မဲဆောက်နှင့် ရနောင်းမြို့တို့မှာ စခန်းများဖွင့်လှစ်ပြီး မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် CI ထုတ်ပေးလျက်ရှိကြောင်း၊ အလုပ်သမားများသည် သာမန်နိုင်ငံကူးလက်မှတ်သို့မဟုတ် CI စာအုပ်ရရှိပြီးနောက် ၁၅ ရက်အတွင်း အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (Work Permit) မပြုလုပ်ခဲ့သဖြင့် အချို့အလုပ်သမားများ ဖမ်းဆီးခံရခြင်းတို့ကို တွေ့ရှိနေရသဖြင့် စခန်းတစ်ခုအတွက်တစ်ရက်လျှင် လူဦးရေ ၄၀၀ ဖြင့် Queue စနစ်ဖြင့် ဆောင်ရွက်နိုင်ရေး ငွေကြေးကောက်ခံခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်နေသည့် Counter Service တွင် စတင်ငွေသွင်းစဉ်ကတည်းက အလုပ်သမားများအနေဖြင့် စခန်းများသို့ သွားရောက်ဆောင်ရွက်ရမည့်နေ့၊ အချိန်နှင့် တန်းစီအမှတ်တို့ သတ်မှတ်ပေးပြီး ဆောင်ရွက်သွားနိုင်ရေး သက်ဆိုင်ရာ Counter Service Co., Ltd နှင့် ညှိနှိုင်းဆောင်ရွက်ထားရှိကြောင်း၊ ၁၅ ရက်အတွင်း အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (Work Permit) မပြုလုပ်ခဲ့သဖြင့် အချို့အလုပ်သမားများ ဖမ်းဆီးခံရခြင်းနှင့်စပ်လျဉ်းပြီး နှစ်လအတွင်း ဖြေလျှော့ပေးနိုင်ရေး ထိုင်းနိုင်ငံသို့ ညှိနှိုင်းအကြောင်းကြားစာ ပေးပို့ထားကြောင်း၊ ထိုင်းနိုင်ငံအတွင်း ယာယီနိုင်ငံကူးလက်မှတ် သက်တမ်းကုန်ဆုံးတော့မည့် အလုပ်သမားများ မြန်မာနိုင်ငံသို့ ပြန်လာရန်မလိုအပ်ဘဲ ထိုင်းနိုင်ငံအတွင်း ဆက်လက်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် CI ထုတ်ပေးနိုင်ရေး ထိုင်းနိုင်ငံဘက်သို့ ညှိနှိုင်းအကြောင်းကြားစာ ပေးပို့ပြီးဖြစ်ကြောင်း။

ထို့အပြင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ တိုင်းရင်းသားရေးရာ၊ ပြည်သူ့စိမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီသို့လည်း တင်ပြထားပြီးဖြစ်ကြောင်း၊ လက်ရှိဆောင်ရွက်နေတဲ့ CI ထုတ်ပေးရေးလုပ်ငန်းစဉ်မှာ နိုင်ငံတကာအဆင့်မီစေရန်သော်လည်းကောင်း၊ လူတစ်ဦးတည်းက အကြိမ်ကြိမ်လာရောက်လျှောက်ထားခြင်းမှ ကာကွယ်နိုင်ရန်သော်လည်းကောင်း၊ National Database System တည်ထောင်ချိန်တွင် အချက်အလက်များ လိုချင်သလို ပြောင်းလဲအသုံးပြုနိုင်ရန်သော်လည်းကောင်း လက် ၁၀ ချောင်း၏ လက်ဗွေမှတ်တမ်းရယူခြင်း၊ မျက်နှာဓာတ်ပုံမှတ်တမ်းရယူခြင်း၊ သူငယ်အိမ်ဓာတ်ပုံမှတ်တမ်း (Iris Capture) ရယူခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းစဉ်များအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

မလေးရှားနိုင်ငံသို့ အလုပ်သမားစေလွှတ်သည့် လုပ်ငန်းစဉ်ကို (၃၁/၂၀၁၆) ကြိမ်မြောက် ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဆုံးဖြတ်ချက်အရ ၆-၁၂-၂၀၁၆ ရက်မှစ၍ ခေတ္တရပ်ဆိုင်းခဲ့ကြောင်း၊ မြန်မာအလုပ်သမားများအား မလေးရှားနိုင်ငံသို့ ပြန်လည်စေလွှတ်ရန်သင့်၊ မသင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ရာ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ Calling Visa ရရှိထားပြီးဖြစ်သည့် မြန်မာအလုပ်သမားများအား နစ်နာမှုမရှိစေရန်အတွက် စေလွှတ်မည်ဆိုပါက စေလွှတ်သင့်ကြောင်း၊ သို့ရာတွင် အလုပ်သမားအသစ်များ စေလွှတ်ရန်အတွက်မူ မလေးရှားပြည်တွင်းအခြေအနေများအရ ဆက်လက်ဆိုင်းငံ့ထားသင့်သည်ဟု အကြောင်းပြန်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ကော်မတီဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးမှုအခြေအနေများအား ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီ (Working Group) ဖွဲ့စည်းရေး၊ ပြည်ပရောက်အလုပ်သမားများ တရားဝင်ငွေလွှဲပြောင်းပေးပို့နိုင်ရေး၊ ထိုင်းနိုင်ငံအတွင်း CI ထုတ်ပေးမှုအား Mobile Team ဖြင့် ဆောင်ရွက်နိုင်ရေး၊ CI ထုတ်ပေးရေးစခန်းများအား ထိုင်းနိုင်ငံအတွင်းပိုင်းတွင် ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များအား ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့်အတူ ကော်မတီဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီမှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ **(နိုင်လင်းကြည်)**

# မသန်စွမ်းသူများရှေ့ဆောင်အကျိုးဝင် ရွေးကောက်ပွဲဆိုင်ရာမီဒီယာဆုပြိုင်ပွဲ ပြုလုပ်မည်

**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၏ ခြောက်နှစ်ပြည့်အထိမ်းမှတ်အဖြစ် မသန်စွမ်းသူများရှေ့ဆောင်အကျိုးဝင် ရွေးကောက်ပွဲဆိုင်ရာ မီဒီယာဆုပြိုင်ပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ သိရသည်။

အဆိုပါပြိုင်ပွဲတွင် သတင်း၊ ဆောင်းပါးနှင့် ဓာတ်ပုံများကို ပေးပို့လျှောက်ထားနိုင်သည်။ ပြိုင်ပွဲဝင်မည့်သူများအနေဖြင့် မသန်စွမ်းသူများနှင့်သက်ဆိုင်သည့် သတင်း၊ ဆောင်းပါးနှင့် ဓာတ်ပုံများကို မေ ၃၁ ရက် နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဆုများကို သတင်းမီဒီယာကောင်စီ၊ သတင်းစာဆရာအသင်းနှင့် ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများပါဝင်သည့် အကဲဖြတ်ဒိုင်အဖွဲ့ ဖွဲ့စည်းကာ ရွေးချယ်သွားမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။

ပြိုင်ပွဲပြုလုပ်ရခြင်းမှာ အားလုံးအကျုံးဝင်ရွေးကောက်ပွဲနှင့် မသန်စွမ်းသူများ၏အခွင့်အရေးများအကြောင်း လွှမ်းခြုံသည့် သတင်းရေးသားဖော်ပြမှုများ တိုးတက်အားကောင်းလာစေရေး၊ ရွေးကောက်ပွဲများတွင် မသန်စွမ်းသူများ၏ တန်းတူလက်လှမ်းမီ ပါဝင်မဲပေးနိုင်မှုသည် မည်မျှအရေးပါပုံကို ပိုမိုသိရှိလာစေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲသို့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ တီဗွီ၊ ရေဒီယိုနှင့် အွန်လိုင်းမီဒီယာသမားများ၊ သတင်းထောက်များ၊ ဓာတ်ပုံသတင်းထောက်များ၊ ဓာတ်ပုံပညာရှင်၊ ဝါသနာရှင်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ ပြိုင်ပွဲအား ပြိုင်ပွဲ-၁၊ ပြိုင်ပွဲ-၂ နှင့် ပြိုင်ပွဲ-၃ ဟု အမျိုးအစား သုံးခုခွဲကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲ-၁ မသန်စွမ်းသူများ အကျုံးဝင်ရွေးကောက်ပွဲသတင်းဆုအတွက် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်းနှင့် တတိယဆု ငွေကျပ် နှစ်သိန်းတို့ ချီးမြှင့်မည်ဖြစ်သည်။



ပြိုင်ပွဲ-၂ မသန်စွမ်းသူများ အကျုံးဝင်ရွေးကောက်ပွဲ ဆောင်းပါးဆုအတွက် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်းနှင့် တတိယဆု ငွေကျပ် နှစ်သိန်းတို့ ချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲ-၃ မသန်စွမ်းသူများ အကျုံးဝင်ရွေးကောက်ပွဲဓာတ်ပုံဆုအတွက် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်းနှင့် တတိယဆု ငွေကျပ် နှစ်သိန်းတို့ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

သတ်မှတ်စည်းကမ်းချက်များကို Myanmar Independent Living Initiative Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ပြိုင်ပွဲဝင်သတင်းနှင့် ဆောင်းပါး၊ ဓာတ်ပုံများကို မေ ၃၁ ရက်နောက်ဆုံးထား၍ Myanmar Independent Living Initiative Facebook Page နှင့် thantkyawoo myanmar@gmail.com သို့ ပေးပို့နိုင်ကြောင်း သိရသည်။

ဤပြိုင်ပွဲကို မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (MILI) နှင့် မသန်စွမ်းသူများ လက်လှမ်းမီပါဝင်မှုမြှင့်တင်ရေးဆိုင်ရာ အထွေထွေရွေးကောက်ပွဲကွန်ရက်(AGENDA)တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ **(ခင်ဇာလီ)**

# မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်

မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေမြင့်တက်လာမည်ဖြစ်ပါသည်။ မြစ်ရေတက်လာမှုအပေါ် မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထား လိုက်နာကြရန် လိုအပ်ပါသည်။ ရာသီဥတုဒဏ်ကြောင့် ရေလမ်းညွှန်အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များ ဂရုပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

မြစ်ရေမြင့်တက်လာမှုကြောင့် ရေနည်းကာလတွင်ရှိခဲ့သော သောင်နှင့်ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့အပြင် ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် ရေအနက် မလုံလောက်သော ရေမြှုပ်ပေါက် ဖြတ်လမ်းများကို အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်အားနှင့်ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်း သတိပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသထားပြီး ညအခါ မီးစိမ်းထွန်းပြသထားပါသည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသထားပြီး ညအခါ မီးနီထွန်းပြသထားပါသည်။

ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင်နှစ်ခုအကြား၌ ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းကိုဖြတ်သန်းရာတွင် စက်နှင့် တက်မစနစ်များကို ကြိုတင်စစ်ဆေးပြီး လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်နှစ်စင်းယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် ရေယာဉ်များသည် မိမိ၏ သယ်ဆောင်ဝန်အားနှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည်ဖြစ်ပါသည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုးမပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရမည်ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုဖြစ်ပေါ်သည့်အခါ ရေယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် အထူးသတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေလမ်းသတိပေး နှိုးဆော်ချက်ထုတ်ပြန်ထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများတိုးချဲ့တည်ဆောက်

**အုတ်ဖို မေ ၁၉**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ဗို့အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် မိုးညိုတန်းရပ်ကွက် ချမ်းမြသာမြေမြို့သစ် ဥသျှလမ်းတွင် ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေထရန်စဖော်မာ တစ်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၄၈၀ အသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုပိုလျှံရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစောမိုးသောင်းထွန်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံးပြီးစီး၍ မေ ၁၂ ရက်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။ **ကြည်နိုင်(ရွှေတံခါး)**

# စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းနှင့် မိုးရေလှောင်ကန် ခြံစည်းရိုးကာရံခြင်း ကွင်းဆင်းစစ်ဆေး

**အမ်း မေ ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရခိုင်ပြည်နယ် လူထုဗဟိုပြုစီမံကိန်းရုံးခွဲမှ ပြည်နယ် စီမံကိန်းတာဝန်ခံ ဦးညီညီဆွေနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက လူထုဗဟိုပြုစီမံကိန်း တတိယစက်ဝန်း စီမံကိန်းထောက်ပံ့ရန်ပုံငွေ နှစ်သန်းဖြင့် ဆောင်ရွက်လျက်ရှိသော အမ်းမြို့နယ် စနဲအုပ်စု ခမောင်းကျေးရွာ မိုးရေလှောင်ကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း အလျား ပေ ၅၈၀၊ အမြင့် ခြောက်ပေရှိ တည်ဆောက်ရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ခဲ့သည်။

ထို့အပြင် လူထုဗဟိုပြုစီမံကိန်း ဒုတိယစက်ဝန်း စီမံကိန်းရန်ပုံငွေ ၁၀ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ပြီးစီးသော အမ်းမြို့နယ်ရှိ ကစုကိုင်းကျေးရွာ ရှောက်ခြံအုပ်စု စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း အလျား ပေ ၁၀၅၆၀ အား ကွင်းဆင်းစစ်ဆေးပြီး တာဝန်ရှိသူတို့က တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(၅၂၂)**

# အကျဉ်းထောင်နှင့် အချုပ်ထောင်၊ အချုပ်ခန်းများစစ်ဆေး

**ဖျာပုံ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ဦးသန်းထွန်းသည် မေ ၁၉ ရက် နံနက် ၇ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ ဖျာပုံခရိုင် တရားသူကြီးတို့နှင့်အတူ ဖျာပုံအကျဉ်းထောင်သို့သွားရောက်ပြီး ဖျာပုံအကျဉ်းထောင်ရှိ ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်တရားခံများနှင့် တွေ့ဆုံကာ နေထိုင်ရေး၊ကျန်းမာရေး၊ စားသောက်ရေး အခြေအနေများ မေးမြန်းကာ ဥပဒေနှင့်အညီ ရသင့် ရထိုက်သော အခွင့်အရေးများ ခံစားရမှု ရှိမရှိ ဥပဒေနှင့်မညီဘဲ မတရားနှိပ်စက်ညှဉ်းပန်းခံရမှုများ ရှိမရှိနှင့် အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှု ရှိမရှိ မေးမြန်းကာ အကျဉ်းထောင်အတွင်းရှိ အဆောင်များ၊စားဖိုဆောင်၊ ဆေးပေးခန်းတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဖျာပုံမြို့မ ရဲစခန်း အချုပ်ခန်း၊ ဒေးဒရဲ မြို့နယ်ရဲတပ်ဖွဲ့ အချုပ်ထောင်၊ ဘိုကလေးမြို့မ ရဲစခန်းအချုပ်ခန်းတို့ကို သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

မေ ၁၈ ရက် ညနေပိုင်းတွင် ကျိုက်လတ်မြို့ ရဲတပ်ဖွဲ့ အချုပ်ထောင်ကို သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



# သောက်သုံးရေရှားပါးပြတ်လပ်မှုများအတွက် ရေဂါလန် ၂၆၁၁၀၀ ထောက်ပံ့ကူညီ

**နေပြည်တော် မေ ၁၉**

နွေရာသီကာလတွင် တိုင်းဒေသကြီး/ပြည်နယ်အချို့၌ သောက်သုံးရေရှားပါးလျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ပြည်သူများသောက်သုံးရေရရှိစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဧပြီ ၃ ရက်မှ မေ ၁၈ ရက်အထိ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် သောက်ရေဂါလန်စုစုပေါင်း ၂၆၁၁၀၀ ဂါလန်၊ သောက်သုံးရေသန့် ၂၀လီတာ ပါ ဘူးပေါင်း ၁၂၁၃ ဘူးနှင့် ရေသန့်ကတ် ၆၀၀ တို့ကို တိုင်းဒေသကြီး/ပြည်နယ်ခုနစ်ခုရှိ မြို့နယ်ပေါင်း၂၂ မြို့နယ်သို့ သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ခြင်းအတွက် ငွေကျပ် ၈ ဒသမ ၄၇၄၅၅ သန်း၊ ရေသန့်စက်သုံးလုံး၊ ရေကန်ခုနစ်ကန်၊ အဝီစိတွင်းတစ်တွင်းနှင့် အုတ်စီရေတွင်းတစ်တွင်းတို့အတွက် ငွေသားထောက်ပံ့မှုအနေဖြင့် စုစုပေါင်း ငွေကျပ် ၅၉ ဒသမ ၈ သန်း စုစုပေါင်းငွေကျပ် ၆၈ ဒသမ ၂၇၄၅၅ သန်း ထောက်ပံ့ပေးခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# လူထုဗဟိုပြုစီမံကိန်းမှ ကျေးရွာဖွံ့ဖြိုးမှုအစီအစဉ်ပြုလုပ်ရန်ကွင်းဆင်း

**မင်းတုန်း မေ ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်စာအုပ်ပြုလုပ်ရန် ပြည်ထောင်စုအဆင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးဌာနစိတ်မှ ဒုတိယဦးစီးမှူးများနှင့် မကွေးတိုင်းဒေသကြီးလူထုဗဟိုပြု စီမံကိန်း ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးမှ ဝန်ထမ်းများက မေ ၁၈ ရက်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

ကွင်းဆင်း ဆောင်ရွက်စဉ် မင်းတုန်းမြို့နယ် ကျေးလက်ဦးစီးဌာနမှ ဦးစီးမှူး ဦးနိုင်ဝင်း၊ မြို့နယ်နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဦးဆလိုင်းအောင်ထွန်းမင်းတို့က မြို့နယ်နည်းပညာအကြံပေးအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပရန်ဆောင်ရွက်ရန်အချက်များ၊ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်စာအုပ်တွင် ပါဝင်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် မင်းတုန်းမြို့နယ်အတွင်းရှိ ပြောင်းပြာအုပ်စု ရှမ်းရွာကျေးရွာနှင့် စိုင်ဒိုးအုပ်စု စိုင်ဒိုးကျေးရွာများသို့သွားရောက်ခဲ့ပြီး လူထုဗဟိုပြုစီမံကိန်းကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီဝင်များ၊ကျေးရွာလူထုများနှင့် တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် စာအုပ်တွင် ပါဝင်သင့်သည်များကို ဆွေးနွေးခဲ့ပြီး ယင်းစာအုပ်ပြီးပါက ကျေးရွာရေရှည်ဖွံ့ဖြိုးရေးအတွက် ကျေးရွာ၏ အရင်းအမြစ်နှင့် အခက်အခဲပြဿနာများကိုဖော်ထုတ်နိုင်ခြင်း၊ကျေးရွာ၏ အခက်အခဲပြဿနာများကို ကျေးရွာအရင်းအမြစ်များ အသုံးပြုဖြေရှင်းနိုင်ပြီး ပြင်ပအဖွဲ့အစည်း၊ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်တတ်လာမည်ဖြစ်ကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**



**○ MNL မှ**

နည်းပြသစ် ဖေဘီယာနို (ဇေယျာရွှေမြေအသင်း နည်းပြဟောင်း)၊ အသစ်ခေါ်ထားသည့် ဘရာဇီးကွင်းလယ်တိုက်စစ်ကစားသမား ဂူစတာဗိုတို့ ရောက်ရှိလာပြီး နောက်ပိုင်းတွင် Southern အသင်း ကစားပုံပိုကောင်းလာကာ ရန်ကုန်အသင်းကို ယှဉ်ကစားနိုင်ပြီး အမှတ်ရယူနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။ ထို့ပြင် လက်ရှိချန်ပီယံ ရတနာပုံအသင်းမှာလည်း အိမ်ကွင်း၌ စတုတ္ထနေရာမှ ဧရာဝတီနှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး ယခုပွဲတွင်သာ အမှတ်ဆုံးရှုံးခဲ့ပါက ချန်ပီယံဆုကာကွယ်နိုင်ရန် အခွင့်အရေးအလွန်နည်းသွားမည်ဖြစ်သည်။ ထို့ကြောင့် ရတနာပုံအသင်းအနေဖြင့် ယခုပွဲကို မဖြစ်မနေ အနိုင်ကစားနိုင်ရန် လိုအပ်နေသည်။ ထိပ်ဆုံးမှ ရန်ကုန်အသင်း၊ တတိယနေရာမှ ရတနာပုံအသင်း ပွဲကျပ်ကစားရမှုကို ဒုတိယနေရာက ရှမ်းယူနိုက်တက်အသင်း အသုံးချနိုင်မည်လားဆိုတာ စိတ်ဝင်စားစရာကောင်းနေပြီး ပြိုင်ဘက်အသင်းမှာ အသင်းကြီးမဟုတ်သော်လည်း တန်းဆင်းဇုန်မှလွတ်ရန် ရုန်းကန်နေသည့် ချင်းယူနိုက်တက်အသင်းဖြစ်သောကြောင့် အားကုန်ထုတ်ကစားရဖွယ်ရှိနေသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

**❋ မီးဘေးမှ**

ထည့်သွင်းဆောင်ရွက်သွားမည်ဟု သိရသည်။ ဈေးသူဈေးသားများကို သက်ဆိုင်ရာအထပ်အလိုက် နေရာပြန်လည်ချထားပေးမည်ဖြစ်ပြီးမူလဆိုင်ခန်းပေါင်း ၄၀၀၀ ကျော်အတွက် အတိအကျ နေရာပြန်လည်ပေး အပ်သွားမည်ဟု သိရသည်။

ဈေးသစ် ပြန်လည်တည်ဆောက်ရေးနှင့် ပတ်သက်၍ မင်္ဂလာဈေးမှ ဈေးသူဈေးသားများက ဆန္ဒပြုတောင်းဆိုမှုများ ပြုလုပ်ခဲ့ကြပြီးအမြန်ဆုံးပြီးစီးနိုင်ရေးနှင့် နေရာတကျ ဈေးရောင်းချနိုင်ရေးကို လိုလားလျက်ရှိကြောင်းသိရသည်။ ဈေးသူဈေးသားများအနေဖြင့် ယာယီဈေးနှင့် အခြားသောနေရာများတွင် ငှားရမ်းဖွင့်လှစ်နေရမှုအတွက် အဆင်မပြေမှုများစွာကြုံတွေ့နေရကြောင်း သိရသည်။

အဆိုပါ မင်္ဂလာဈေးကြီးသည် ၂၀၁၀ ပြည့်နှစ်တွင် တစ်ကြိမ်၊ ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ် ဆုံးရှုံးမှုကြီးမားသောမီးဘေးနှင့် ကြုံတွေ့ခဲ့ရပြီး ဒုတိယအကြိမ် မီးလောင်ကျွမ်းမှုကြုံခဲ့ရသော ၂၀၁၆ ဇန်နဝါရီတွင် ဆိုင်ခန်းပေါင်း ၄၀၀၀ ကျော်အနက် ၁၆၀၀ ကျော် မီးလောင်ဆုံးရှုံးခဲ့ပြီးကျပ် ၃၆ ဘီလီယံဆုံးရှုံးမှုရှိခဲ့ကြောင်း သိရသည်။

**(ဝဝ၁)**

**❋ ကျော်ဖုံးမှ**

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူရဟိန်း၊ ရေအရင်းအမြစ်ဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူများ၊ ကော့ဂွန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိုက်ကြည်တို့က လုပ်ငန်းလုပ်ကိုင်နေသည့် ဦးဘခင်၊ စောကျော်လှဟန်တို့နှင့်အတူ မြစ်ကြောင်းတစ်လျှောက် လိုက်လံစစ်ဆေးခဲ့ရာ မြစ်သဲကျောက်စုပ်သည့် စက်လှေရှစ်စင်းအား စစ်ဆေးတွေ့ရှိခဲ့ရသဖြင့် ဦးဘခင်နှင့် စောကျော်လှဟန်တို့အား မြစ်သဲကျောက်စုပ်ယူခြင်းအား ရပ်ဆိုင်းထားရန် မှာကြားခဲ့သည်။

ထိုသို့ သတိပေးတားမြစ်ထားသော်လည်း ဆက်လက်ဆောင်ရွက်နေကြောင်း သတင်းရရှိသဖြင့် မေ ၁၈ ရက်တွင် ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြာညိုဦးစီးအဖွဲ့၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းနိုင်ဦးစီးသည့် အဖွဲ့နှစ်ဖွဲ့သည် ကရင်ပြည်နယ် ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များဖြင့် ပူးပေါင်း၍အဖွဲ့နှစ်ဖွဲ့ခွဲကာ ကော့ဂွန်းကျေးရွာနှင့်နှစ်ခြားကျေးရွာအနီးတစ်ဝိုက်သို့လည်းကောင်း၊ ထုံးအိုင်ကျေးရွာပတ်ဝန်းကျင် နှစ်ခြားကျေးရွာအကြားနှင့် ဝဲကြီးကျေးရွာအကြားရှိ သံလွင်မြစ်ကြောင်းတစ်လျှောက်သို့လည်းကောင်း စက်လှေများဖြင့် လိုက်လံစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကြာညိုဦးစီးပူးပေါင်းအဖွဲ့မှ မြစ်သဲကျောက်စုပ်နေသည့် စက်လှေ ၁၀ စင်းကိုလည်းကောင်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းနိုင် ဦးစီးသည့် ပူးပေါင်းအဖွဲ့မှ ဝဲကြီးကျေးရွာအရှေ့ဘက် သံလွင်မြစ်ကြောင်းအတွင်း လိုက်လံစစ်ဆေးစဉ် မြစ်သဲကျောက်စုပ်ယူနေသည့် စက်လှေရှစ်စင်းကိုလည်းကောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

စစ်ဆေးတွေ့ရှိခဲ့သည့် မြစ်သဲကျောက်စုပ်ယူနေသော စက်လှေစုစုပေါင်း ၁၈ စင်းမှ ပွဲ့ကိုင်များ၊ အလုပ်သမားများအား စစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ထောက်ခံချက်မရှိဘဲ စီးပွားရေးအလို့ငှာ တရားမဝင် မြစ်သဲကျောက်စုပ်ယူခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနော်ဆန်းက တရားလိုပြုလုပ်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးသည့် ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးတွေ့ရှိခဲ့သော မြစ်သဲကျောက်စုပ်သည့် စက်လှေ ၁၀ စင်းမှ ပွဲ့ကိုင်များနှင့်အလုပ်သမားများကို ဘားအံမြို့မရဲစခန်းတွင်လည်းကောင်း၊ ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးစီးသည့် ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးတွေ့ရှိသော မြစ်သဲကျောက်စုပ်ယူသည့် စက်လှေရှစ်စင်းမှ ပွဲ့ကိုင်များနှင့် အလုပ်သမားများအား ထုံးအိုင်နယ်မြေ ရဲစခန်း၌လည်းကောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၆ ဖြင့် အသီးသီး အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

# မြစ်ကြီးနားလာထွန်း ခရီးသည်တင်ယာဉ်အား KIA လက်နက်ကိုင်အဖွဲ့က မီးရှို့ဖျက်ဆီးပြီး ခြိမ်းခြောက်စာပေး

**နေပြည်တော် မေ ၁၉**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသအတွင်း မူဆယ်မှ မန္တလေးဘက်သို့ မောင်းနှင်လာသည့် မြစ်မန္တလာထွန်း ခရီးသည်တင်ယာဉ်အား KIA လက်နက်ကိုင်အဖွဲ့ အင်အား ၁၀ ဦးခန့်က ယနေ့ညနေ ၃ နာရီ မိနစ် ၂၀ ခန့်တွင် မူဆယ်မြို့ ခိုမုန်းကျေးရွာအနီး မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၂၅၇) နေရာ၌ ယာဉ်အား ဓာတ်ဆီများဖြင့် ဖျန်း၍ မီးရှို့ဖျက်ဆီးကာ ယာဉ်မောင်းထံသို့ ဆက်ကြေးကောက်ခံသည့် ခြိမ်းခြောက်စာတစ်စောင် ပေးပြီး အရှေ့ဘက်သို့ ဆုတ်ခွာသွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် လူထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း အပြစ်မဲ့ခရီးသွားပြည်သူများ၏ ခရီးဆောင်အိတ်များနှင့် လူအသုံးအဆောင်ပစ္စည်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။



ယာဉ်မောင်းထံသို့ ပေးခဲ့သော ဆက်ကြေးကောက်ခံသည့် ခြိမ်းခြောက်စာတွင် "သက်ဆိုင်ရာကားကြီးကွင်းများ(မူဆယ်၊ ကွတ်ခိုင် ပြည်ထောင်စုကားလမ်းမကြီး) မိမိ KIO ကွတ်ခိုင်ခရိုင် အမှတ်(၉) တပ်ရင်းတွင် နှစ်စဉ် နှစ်တိုင်း ထမ်းဆောင်လျက်ရှိသော အခွန်များကို ထမ်းဆောင်ခြင်း မပြုသေးပါက မေ ၁၈ ရက်မှစ၍ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးလိုက်သည်"ဟု ခြိမ်းခြောက်ရေးသားကာ ဆက်ကြေးကောက်ခံတောင်းဆိုထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# အများပြည်သူ စားသုံးရန်မသင့်သည့် ပင်လယ်စာ၊ ကြက်အူချောင်းနှင့် တရုတ်မုန့်များ ရေပူစစ်ဆေးရေးစခန်းအနီးတွင် မီးရှို့ဖျက်ဆီး

**ရန်ကုန် မေ ၁၉**

တရားမဝင် ကုန်သွယ်မှုများအား တားဆီးစစ်ဆေးနေသည့် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိခဲ့သည့် အများပြည်သူ စားသုံးရန် မသင့်သော ပင်လယ်စာ၊ ကြက်အူချောင်းနှင့် တရုတ်မုန့်များ (၅၈၈၀ကီလိုဂရမ်)အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းအနီး၌ မေ ၁၈ ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။



အဆိုပါ တရားမဝင် ကုန်စည်များ တင်သွင်းမှုကို မေ ၁၆ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၈ ဒသမ ၈၂ သန်းခန့်ရှိကြောင်း သိရသည်။ အဆိုပါ အများပြည်သူ စားသုံးရန်မသင့်သည့် စားသောက်ကုန်များကို ရေပူစစ်ဆေးရေးစခန်း အနောက်ဘက်ကွင်းပြင်၌ ဖျက်ဆီးရေးဘုတ်အဖွဲ့ဖြင့် စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် မြန်မာနိုင်ငံ အထက်ပိုင်း မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းပိုင်းတွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းနှင့် မြန်မာနိုင်ငံ အောက်ပိုင်း မြဝတီ-ရန်ကုန် လမ်းပိုင်းတွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဖွင့်လှစ်ကာ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ပြီးခဲ့သည့်မတ် ၁ ရက်မှ စတင်၍ စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိသည်။ မေ ၁၈ ရက်က မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းပိုင်းတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂၅ စီး၊ သွင်းကုန် ၄၃၉ စီး၊ မြဝတီ-ရန်ကုန်လမ်းပိုင်းတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၆၃ စီးဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဂိတ်စခန်းများက တရားမဝင် တင်သွင်း/တင်ပို့လာသော ကုန်ပစ္စည်းများအား တားဆီးစစ်ဆေးလျက်ရှိရာ မေ ၁၈ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုး ကျပ် ၅ ဒသမ ၁၆ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတွင် တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုး ကျပ် ၁၀ ဒသမ ၆၀၃ သန်းခန့်) စုစုပေါင်း တားဆီးမှု ခုနစ်မှု (ခန့်မှန်း တန်ဖိုးကျပ် ၁၅ ဒသမ ၇၆၃ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(ဝဝ၁)**

# မောင်တောမြို့နယ်၌ စိတ်ကြွဆေးပြား ၉၅၀ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့အဝင် တံတားထိပ်၌ ရဲတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် မေ ၁၇ ရက် ညနေပိုင်းက စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မေ ၁၇ ရက် ညနေ ၆ နာရီခန့်က တောင်ပြိုလက်ဝဲမြို့ (၄) ရပ်ကွက် မြို့ဝင် တံတားထိပ်၌ လှည့်ကင်းဆောင်ရွက်စဉ် ဟိုင်းလတ်ခရီးသည်တင်ယာဉ်အား ရပ်တန့်ရှာဖွေရာ မောင်တောမြို့နယ် အောက်ရွာနေ မာမတ်အာရက်ထံမှ R စိတ်ကြွဆေးပြား ၉၅၀ (တန်ဖိုးငွေကျပ် ၁၉ သိန်း)အား သိမ်းဆည်းရမိခဲ့သဖြင့် တောင်ပြိုလက်ဝဲ နယ်မြေစခန်း၌ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# အမြန်လမ်းတွင် ခရီးသည်တင်ယာဉ်နှစ်စီး တိုက်မိ

**ဒိုက်ဦး မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဘောနီအမြန်လမ်းမကြီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၅၁ / ၁) နှင့် (၅၁ / ၂) အကြား၌ မေ ၁၉ ရက် နံနက် ၂ နာရီဝန်းကျင်ခန့်တွင် ယာဉ်တိုက်မိမှုဖြစ်ပွားကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဘောနီအမြန်လမ်းမကြီး ရဲစခန်းမှူး ရဲအုပ်ဇော်မျိုးပိုင်ပါ တပ်ဖွဲ့ဝင် ၁၂ ဦးနှင့် အမြန်လမ်းမီးသတ်တပ်ဖွဲ့မှ လက်ထောက်ဦးစီးမှူး ရန်မျိုးအောင်ပါ တပ်ဖွဲ့ဝင် ငါးဦးတို့က အခင်းဖြစ်နေရာသို့သွားရောက်စစ်ဆေးရာ နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း အောင်သူ မောင်းနှင်လာသော ယာဉ်အမှတ် 8L /---- ရွှေနတ်သား ခရီးသည်တင်ယာဉ်မှာ မောင်းနှင်နေစဉ် ယာဉ်မောင်းအိပ်ငိုက်သဖြင့် အရှိန်မထိန်းနိုင်ဘဲ (လားရာတူ) ရှေ့မှ မြင်းခြံမြို့နေသူ ဦးလှဝင်းအောင် (၄၈)နှစ် မောင်းနှင်နေသော ယာဉ်အမှတ် 9F / --- စိန်ကမ္ဘာ - ငွေကမ္ဘာ ခရီးသည်တင်ယာဉ်၏ နောက်ပိုင်းအား ဝင်ရောက်တိုက်မိရာ ရွှေနတ်သား ယာဉ်မှာ လမ်းဘေးမြေသားပေါ်သို့ ရောက်ရှိရပ်တန့်သွားကာ စိန်ကမ္ဘာ-ငွေကမ္ဘာ ယာဉ်မှာလည်း လမ်းမပေါ်၌ ရပ်တန့်သွားသည်။ ရွှေနတ်သား ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် စိန်ကမ္ဘာ - ငွေကမ္ဘာ ယာဉ်ပေါ်ပါ အမျိုးသား ၂၄ ဦး၊ အမျိုးသမီး ၁၃ ဦးမှာ ထိခိုက်ဒဏ်ရာမရရှိသော်လည်း ရွှေနတ်သားယာဉ်ပေါ်ပါ သံဃာတစ်ပါး၊ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ငါးဦးအနက် သံဃာတစ်ပါးနှင့် အမျိုးသား ငါးဦးမှာ ထိခိုက်ဒဏ်ရာ (အတွင်းလူနာ၊ မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ဒဏ်ရာရရှိသူများအား တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် ပဲခူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်အား မဆင်မခြင်ပေါ့လျော့စွာ မောင်းနှင်သူ ရွှေနတ်သားယာဉ်မောင်း အောင်သူအား ဘောနီအမြန်လမ်းမကြီးရဲစခန်းက ယာဉ်(ပ) ၅ / ၂၀၁၇၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၃၇ / ၃၃၈/ ၂၀၂ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**





# ကန့်ဘလူမြို့နယ်တွင် ယာဉ်တိမ်းမှောက်၍ နှစ်ဦးသေ၊ ၁၅ ဦးဒဏ်ရာရ

**ကန့်ဘလူ မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ပင့်သာနှင့် ချပ်ကြီးကျေးရွာအကြား၌ ယာဉ်တိမ်းမှောက်မှုဖြစ်၍ နှစ်ဦးသေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာဝန်းသိုမြို့မှထွက်ခွာလာသော ယာဉ်အမှတ် 3M/-----အောင်ရတနာခရီးသည်တင်ယာဉ်သည် ပင့်သာနှင့် ချပ်ကြီးကျေးရွာမိုင်တိုင်အမှတ်(၉/၀-၁)ကြား၌ တိမ်းမှောက်၍ အမျိုးသမီးတစ်ဦးသေဆုံးပြီး ဒဏ်ရာရရှိသူ ၁၆ ဦးမှာ ကျွန်းလှမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူစဉ် အမျိုးသမီးတစ်ဦးထပ်မံသေဆုံးသွားကြောင်း သိရသည်။

အဆိုပါဆေးကုသမှုခံယူသူများနှင့် မန္တလေး/ကန့်ဘလူဆေးရုံသို့ပို့ဆောင်ရမည့်လူနာများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်နှင့်တာဝန်ရှိသူများ၊ ကျွန်းလှမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးလှိုင်ဦးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုကူညီရေးအသင်းတို့က လိုအပ်သည်များကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

❑

# တရားမဝင်ကျွန်းသစ်များတင်ဆောင်လာသောယာဉ် အမြန်လမ်းမကြီးတွင် မတော်တဆမှုဖြစ်ပွား

**ကျောက်တံခါး မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းအပိုင် ရန်ကုန်-နေပြည်တော် အမြန်လမ်း မိုင်တိုင်အမှတ်(၉၁/၃နှင့် ၄)အကြား၌ မေ ၁၈ ရက် ညနေ ၃ နာရီက လမ်းလယ်ကပ်တုံးအား ဝင်တိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးမြေသားလမ်းပေါ်ရောက်ရှိရပ်တန့်သွားသောယာဉ်ပေါ်၌ တရားမဝင် ကျွန်းသစ်ခွဲသားများသိမ်းဆည်းရမိခဲ့သည်။

နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း(အမည်၊နေရပ်စုံစမ်းဆဲ) မောင်းနှင်လာသော ယာဉ်အမှတ် 6L/---- STAREX ခဲရောင်ယာဉ်မှာ ယာဉ်ယာဘက်နောက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကပ်တုံးအားတိုက်ပြီးနောက် လမ်းယာဘက် မြေသားလမ်းပေါ်ရောက်ရှိရပ်တန့်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ မြို့ချောင်းအမြန်လမ်းရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ထွန်းထွန်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းအရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးရာ ယာဉ်ပေါ်၌ တရားမဝင်ကျွန်းသစ်ခွဲသားအတို ၆၅၉ ချောင်း (သုည ဒသမ ၉၇ တန်)အားတွေ့ရှိ၍ သစ်တောဥပဒေနှင့်အညီ သိမ်းဆည်းခဲ့ပြီး ယာဉ်မှာ နောက်ဂွေပြုတ်ထွက်၊ နောက်ဖုံးပိန်ချိုင့်၊ကိုယ်ထည်နောက်ပိုင်းပိန်ချိုင့်ပျက်စီးခဲ့၍ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းရဲစခန်းမှ ယာဉ်(ပ)၂၇/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ၂၇၉/၂၀၂ အရ ယာဉ်မောင်း(စုံစမ်းဆဲ)အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# ဘူးသီးတောင်မြို့နယ် ပုဇွန်ချောင်းကျေးရွာ၌ ဆယ်အိမ်မှူးတစ်ဦး သတ်ဖြတ်ခံရပြီး ရာအိမ်မှူးတစ်ဦး ဖမ်းဆီးခေါ်ဆောင်ခံရ

**နေပြည်တော် မေ ၁၉**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ကျောင်းတောင်ကျေးရွာအုပ်စု ပုဇွန်ချောင်းကျေးရွာတွင် ယနေ့ နံနက်ပိုင်းက ဆယ်အိမ်မှူးတစ်ဦး အသတ်ခံရပြီး ရာအိမ်မှူးတစ်ဦး ဖမ်းဆီးခေါ်ဆောင်ခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုဇွန်ချောင်းကျေးရွာနေ ဆယ်အိမ်မှူး နိုရူဆလာမ်အား အနက်ရောင်ဝတ်စုံဝတ် မျက်နှာဖုံးစွပ် လူ ၅၀ ခန့်မှ ယနေ့ နံနက် ၃ နာရီခန့်တွင် အိမ်ပေါ်မှခေါ်ထုတ်၍ အိမ်ရှေ့ရှိ လယ်ကွင်းပြင်၌ ဓားဖြင့်ခုတ်သတ်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ အဖွဲ့မှ လူ ၂၀ ခန့်က ရာအိမ်မှူး မိုဇီရာမာန်အား ဖမ်းဆီးခေါ်ဆောင်၍ ဂန္ဓာရုံးကျေးရွာဘက်သို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဟားလ်စီးတီးနှင့်ပွဲစဉ်တွင် လေးဂိုးထက် ပိုသွင်းဦးမယ်လို့ ဟယ်ရီကိန်းကြွေးကြော်

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းက ဟားလ်နှင့်ပွဲစဉ်တွင် လေးဂိုးအထက် သွင်းယူမှုကို ပရိသတ်များမြင်တွေ့ရမည်ဖြစ်ကြောင်း လက်စတာစီးတီးအသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုးလေးဂိုးအထိ သွင်းယူအပြီးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ ကိန်းသည် လက်စတာစီးတီးအသင်းဘက်သို့ ပွဲချိန် ၂၅၊ ၆၃၊ ၈၈ နှင့် ၉၂ မိနစ်တို့တွင် သွင်းဂိုး လေးဂိုးဆက်တိုက် သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ကိန်းမှာ ဒဏ်ရာပြဿနာများကြောင့် သုံးလကြာ အနားယူခဲ့ရသော်လည်း သူ၏ ပရီမီယာလိဂ်သွင်းဂိုးအရေအတွက် ၂၆ ဂိုးအထိ ရောက်ရှိလာပြီး ယခုနှစ် ပရီမီယာလိဂ်ရွှေဖိနပ်ဆုကို ဆွတ်ခူးနိုင်ရန် အလားအလာ ကောင်းနေပြီဖြစ်သည်။

ကိန်းက ယခုကဲ့သို့ တစ်ပွဲတည်း လေးဂိုး သွင်းယူနိုင်ခြင်းအပေါ် ကျေနပ်နေမည်မဟုတ်ဘဲ ဟားလ်နှင့်ပွဲစဉ်တွင် သူ၏သွင်းဂိုးများ ယခုထက် အရေအတွက် ပိုမိုများများတွေ့နိုင်မည်ဟု မျှော်လင့်ထားကြောင်း ဆိုခဲ့သည်။ ဟယ်ရီကိန်းက "ယခုပွဲက ကျွန်တော့်ဘဝအတွက် တစ်ပွဲတည်း သွင်းဂိုးလေးဂိုး သွင်းယူနိုင်မှု ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ဟားလ်နဲ့ပွဲစဉ်ရောက်ရင် ဒီအရေအတွက်ထက် ပိုမိုသွင်းယူနိုင်ဖို့ မျှော်လင့်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

ပရီမီယာလိဂ်သွင်းဂိုးအများဆုံး ကစားသမားစာရင်းကို မူလက အဲဗာတန်တိုက်စစ်မှူး လူကာကူက ဦးဆောင်နေခဲ့သော်လည်း လက်စတာစီးတီးတီးနှင့် ပွဲစဉ်အပြီး ဟယ်ရီကိန်းက လူကာကူထက် နှစ်ဂိုးအသာ သွင်းဂိုး ၂၆ ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဟယ်ရီကိန်းက သူ့အနေဖြင့် ၁၁ ပတ်ကြာ အနားယူခဲ့ရသော်လည်း ယခုကဲ့သို့ သွင်းဂိုးအများဆုံးကစားသမားစာရင်းကို ဦးဆောင်နိုင်ခြင်းကြောင့် အကောင်းဆုံးရာသီအဖြစ် ယုံကြည်ကြောင်း ဆိုခဲ့သည်။

မေလွဲသင်း-စုစည်းသည်






# မန်ယူတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဟာရဲရား ဆွတ်ခူး

မန်ယူကွင်းလယ်လူ ဟာရဲရားက တိုက်စစ်မှူး အီဗရာဟီမိုဗစ်နှင့် ဗလင်စီယာတို့ကို ကျော်ဖြတ်ကာ မန်ယူအသင်း၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ ပရိသတ်များက ရွေးချယ်တဲ့ အဆိုပါဆုကို ဆာမက်ဘက်စ်ဘီဆုအဖြစ် လူသိများပြီး ဂိုးသမား ဒီဂီယာမှာ ပြီးခဲ့တဲ့ သုံးနှစ်ဆက်တိုက် ယင်းဆုကို ဆွတ်ခူးနိုင်ခဲ့သူသည်။ အကောင်းဆုံးဂိုးသွင်းရှင်ဆုကို ကွင်းလယ်လူ အမ်ခီတာယန်၊ အသင်းဖော်များက ရွေးချယ်တဲ့ အကောင်းဆုံးကစားသမားဆုကို ဗလင်စီယာတို့က ရရှိခဲ့ကြသည်။

ဟာရဲရားနှင့် ဒီဂီယာတို့နှစ်ဦးစလုံးမှာ စပိန်နိုင်ငံသားများပင်ဖြစ်ရာ မန်ယူအသင်းအကောင်းဆုံးကစားသမားဆုကို စပိန်ကစားသမားများ လွှမ်းမိုးနေသည်မှာ နှစ်အတော်ကြာပြီဟု ဆိုရမည်ဖြစ်သည်။ ယခုနှစ် နွေဈေးကွက်အတွင်း ရီးယဲလ်သို့ ပြောင်းရွှေ့မယ်လို့ သတင်းထွက်နေသူ ဒီဂီယာမှာလည်း ချစ်သူ အက်ယူနီဂါစီယာနှင့်အတူ ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာသည်ကို တွေ့ခဲ့ရသလို မန်ယူအခြားကြယ်ပွင့်များနှင့် ၎င်းတို့ရဲ့ ဇနီးများ၊ ချစ်သူများတို့သည် ညပိုင်း ဆုချီးမြှင့်ပွဲမစတင်မီ ညနေစောစောမှာပင် စုံစုံညီညီ ရောက်ရှိနေခဲ့ကြသည်။

မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်မှာ ဒူးဒဏ်ရာခွဲစိတ်ပြီးဖြစ်၍ အင်္ဂလန်သို့ ပြန်ရောက်နေပြီဖြစ်သော်လည်း တက်ရောက်လာခြင်းမရှိသလို အခြားဒဏ်ရာရကစားသမားများဖြစ်တဲ့ ရိုဂျို၊ လုခ်ရှော နှင့် အက်ရှ်လေယန်းတို့လည်း တက်ရောက်နိုင်ခြင်းမရှိခဲ့ပေ။

# မာရှယ်လ်ကို ပြင်သစ်လက်ရွေးစင်အသင်း လူစာရင်းမှ ချန်လှပ်ခဲ့ရခြင်းအကြောင်းကို ဒက်ချွမ့်စ် ရှင်းလင်း

မန်ယူတိုက်စစ်မှူး အန်ထော်နီမာရှယ်လ်မှာ ယုံကြည်မှုပျောက်ဆုံးနေသည့်အတွက် ပြင်သစ်လက်ရွေးစင်အသင်းလူစာရင်းမှ ချန်လှပ်ခဲ့ရခြင်းဖြစ်ကြောင်း နည်းပြဒက်ချွမ့်စ်က ရှင်းလင်းစကားဆိုလိုက်သည်။ သို့သော် နည်းပြဒက်ချွမ့်စ်က တိုက်စစ်မှူး ကာရင်ဘင်ဇီမာအား ရွေးချယ်မှုမရှိခြင်းအပေါ် ရှင်းလင်းချက်မပေးခဲ့ပေ။ မာရှယ်လ်မှာ မန်ယူအသင်း နောက်ဆုံးယှဉ်ပြိုင်ခဲ့တဲ့ ပွဲစဉ်ငါးပွဲတွင် လေးပွဲအထိ ပါဝင်ခဲ့သော်လည်း ပါရာဂွေး၊ ဆွီဒင်နှင့် အင်္ဂလန်တို့နှင့် ယှဉ်ပြိုင်မယ့် ပြင်သစ်အသင်းလူစာရင်းတွင် ပါဝင်မှုမရှိခဲ့ခြင်းဖြစ်သည်။

ဒက်ချွမ့်စ်က မာရှယ်လ်ကို ချန်လှပ်ခဲ့ရခြင်းနှင့်ပတ်သက်၍ "သူဟာ ဇလာတန် (အီဗရာဟီမိုဗစ်) ဒဏ်ရာရသွားကတည်းက ကစားချိန်ပိုမို များလာခဲ့ပါတယ်။ ဒါပေမယ့် သူ့ရဲ့ ကစားချိန်ဟာ ကန့်သတ်မှုတွေ ရှိနေဆဲပါပဲ။ ကစားချိန်နည်းပါးတော့ ယုံကြည်မှုပျောက်ဆုံးတယ်။ ပြီးတော့ အံ့ဝင်ခွင်ကျဖြစ်မှုပါ လျော့ကျလာပါတယ်"ဟု မှတ်ချက်ပြုခဲ့သည်။

သို့သော် ဒက်ချွမ့်က မန်ယူကွင်းလယ်ကစားသမား ပေါ့ဘာကို အမြဲတမ်း အရည်အသွေးပြနိုင်သူဖြစ်ပြီး ယခုနှစ် မန်ယူအသင်းတွင်လည်း အောင်မြင်တဲ့ ရာသီတစ်ခုရရှိခဲ့ကြောင်း ချီးကျူးစကားဆိုခဲ့သည်။ ဒက်ချွမ့်စ်သည် ဒဏ်ရာပြဿနာမှ ပြန်လည်လွန်မြောက်လာခဲ့တဲ့ ချယ်လ်ဆီးနောက်ခံလူ ဇူးမားကို လက်ရွေးစင်အသင်းအတွက် ပြန်လည်ခေါ်ယူခဲ့သော်လည်း ရီးယဲလ်တိုက်စစ်မှူး ဘင်ဇီမာကိုမူ ထပ်မံချန်လှပ်ခဲ့သည်။

# နောက်ဆုံးအချိန်အထိ အားပြိုင်ကြမယ့် စပိန်လာလီဂါ

စပိန်လီဂါပွဲစဉ် ၃၈ ကို လာမယ့်မေ ၂၀၊ ၂၁၊ ၂၂ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီနှစ် စပိန်လာလီဂါပြိုင်ပွဲတလည်း ရာသီပြီးဆုံးခါနီးအချိန်အထိ စိတ်ဝင်စားဖို့ကောင်းနေတာကြောင့် ဒီပွဲစဉ် (၃၈) ဟာလည်း အားပြိုင်မှုတွေနဲ့အတူ စောင့်ကြည့်ချင်စရာကောင်းနေပါတယ်။

ရှိုင်းမင်းမင်း

### လီဂါနက်စ် - အလာဗက်စ် ည ၉း၃၀ (၂၀-၅-၁၇)

အလာဗက်စ်က အမှတ်မလိုအပ်တော့ပေမယ့် လက်ရှိခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိနေပါတယ်။ နောက်ဆုံးပွဲစဉ်ဖြစ်တာကြောင့်လည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်သလို အဝေးကွင်းဖြစ်ပေမယ့်လည်း ပြိုင်ဘက်လီဂါနက်စ်က ခြေစွမ်းပိုင်းအားနည်းမှုတွေ ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အလာဗက်စ်တို့ အခွင့်အရေးရနိုင်ကာ နိုင်ပွဲလည်းကပ်ရမယ်။

### ဂီဂျွန် - ဘက်တစ် ည ၉း၃၀ (၂၀-၅-၁၇)

ဘက်တစ်က အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်းအရ ကျဆင်းမှုတွေရှိနေပါတယ်။ ဒါ့အပြင် ဘက်တစ်က တန်းမဆင်းရဖို့လည်း သေချာနေပြီဖြစ်တာကြောင့် အားစိုက်ကစားမှုလျော့နည်းလာနိုင်သလို အဝေးကွင်းလည်းဖြစ်နေပါတယ်။ ဂီဂျွန်ကတော့ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပေမယ့် အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာဖို့ ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဂီဂျွန်တို့ အခွင့်အရေးရနိုင်ကာ အနိမ့်ဆုံးသရေလောက်ရမယ်။

### ဒီပို့တီဗို - လက်စ်ပါးမက်စ် ည ၉း၃၀ (၂၀-၅-၁၇)

လက်စ်ပါးမက်စ်က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေကာ တန်းမဆင်းရဖို့အတွက်လည်း သေချာနေပြီဖြစ်တာကြောင့် အားစိုက်ကစားမှုလည်း လျော့ကျလာနိုင်ပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာ ဒီပို့တီဗိုက အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာမယ်ဆိုရင် လက်စ်ပါးမက်စ်တို့ ထိန်းချုပ်နိုင်ဖို့ ခက်ခဲမှုတွေရှိလာမှာ သေချာနေပါတယ်။ လက်စ်ပါးမက်စ်က အဝေးကွင်းပွဲတွေမှာလည်း အားနည်းတတ်လို့ ဒီပို့တီဗိုပဲ အနိုင်ရမယ်။

### အက်သလက်တီကို - ဘီဘာအို ည ၉း၁၅ (၂၁-၅-၁၇)

အခုနောက်ပိုင်းမှာ အက်သလက်တီကိုက ခြေစွမ်းပိုင်းတောက်လျှောက်ကောင်းမွန်နေပါတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရရှိနေသလို ဒီပွဲမှာလည်း နောက်ဆုံးပွဲစဉ်ဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေကာ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါပေမယ့်လည်း ဘီဘာအိုအနေနဲ့လည်း အမှတ်လိုအပ်နေသေးတာကြောင့် အားစိုက်လာမှာဖြစ်ပြီး ခြေစွမ်းပိုင်းလည်း ကောင်းမွန်နေလို့ အက်သလက်တီကို ကပ်ပြီးသာနိုင်မယ်။

### ဗလင်စီယာ - ဗီလာရီးရဲယ်လ် ည ၉း၁၅ (၂၁-၅-၁၇)

ဗလင်စီယာက အမှတ်လိုအပ်ချက်မရှိတော့ပေမယ့်လည်း အခုနောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေသလို နောက်ဆုံးပွဲဖြစ်တဲ့အပြင် အိမ်ကွင်းလည်းဖြစ်နေတာကြောင့် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း ဗီလာရီးယဲလ်က အမှတ်လိုအပ်ချက်ရှိနေတာကြောင့် အားစိုက်ကစားလာမှာဖြစ်ပြီး ခြေစွမ်းပိုင်းလည်း ကောင်းမွန်နေပါတယ်။ ဒါကြောင့် ဒီပွဲမှာတော့ ဗလင်စီယာတို့ သရေလောက်ပဲ ကစားနိုင်မယ်။

### ဆယ်လ်တာဗီဂို - ဆိုစီဒက်စ် ည ၉း၁၅ (၂၁-၅-၁၇)

လက်ရှိအချိန်မှာ ဆယ်လ်တာဗီဂိုအနေနဲ့ အမှတ်လိုအပ်ချက် မရှိတော့ပါဘူး။ ဒါကြောင့်လည်း အားစိုက်ကစားမှုအားနည်းနေသလို ခြေစွမ်းပိုင်းလည်း ကျဆင်းနေပါတယ်။ ဆိုစီဒက်စ်ကတော့ အခုအချိန်မှာ အမှတ်လိုအပ်ချက်ရှိနေလို့ အားစိုက်ကစားလာမှာ သေချာနေသလို ခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေပါတယ်။ အထူးသဖြင့် ဆိုစီဒက်စ်တိုက်စစ်က ဂိုးသွင်းခြေရရှိနေတာကြောင့် ဆယ်လ်တာဗီဂိုကို ဖိအားပေးကစားသွားနိုင်ဖို့ ရှိနေပါတယ်။ ဒါကြောင့်လည်း အဝေးကွင်းဖြစ်ပေမယ့် ဆိုစီဒက်စ်ပဲအနိုင်ရမယ်။

### ဆီဗီလာ - အိုဆာစူနာ ည ၉း၁၅ (၂၁-၅-၁၇)

အိုဆာစူနာက တန်းဆင်းရဖို့သေချာနေပြီဖြစ်ပါတယ်။ လက်ရှိအချိန်မှာလည်း ခြေစွမ်းပိုင်းက အားနည်းမှုတွေ ရှိနေပါတယ်။ အိုဆာစူနာအနေနဲ့ နောက်ဆုံးပွဲစဉ်ဖြစ်တာကြောင့် အားစိုက်ကစားလာမှာ ဖြစ်ပေမယ့်လည်း ဆီဗီလာက အိမ်ကွင်းအားနဲ့ ဖိအားပေးလာမှာဖြစ်သလို ခြေစွမ်းပိုင်းကလည်း ကောင်းမွန်မှုရှိနေပါတယ်။ ဒါကြောင့် ဒီပွဲစဉ်မှာ ဆီဗီလာကသာ နိုင်ပွဲရသွားမှာပါ။

### ဘာစီလိုနာ - အီဘား နံနက် ၀၀း၃၀ (၂၂-၅-၁၇)

ဘာစီလိုနာက နောက်ဆုံးအချိန်အထိ ချန်ပီယံဆုရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာ ဘာစီလိုနာခြေကလည်း ကောင်းမွန်ပါတယ်။ အိမ်ကွင်းလည်းဖြစ်နေလို့ အီဘားကို ဖိအားပေးသွားနိုင်မှာပါ။ အီဘားကတော့ လက်ရှိအချိန်မှာ အမှတ်လိုအပ်ချက်မရှိတော့သလို ခြေစွမ်းပိုင်းလည်း သာမန်သာရှိပါတယ်။ ဒါကြောင့်လည်း ဘာစီလိုနာပဲ အနိုင်ရမယ်။

### မာလာဂါ - ရီးရဲလ် နံနက် ၀၀း၃၀ (၂၂-၅-၁၇)

ရီးရဲလ်အနေနဲ့ ဒီနောက်ဆုံးပွဲစဉ်မှာလည်း ချန်ပီယံဆုရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ ရီးရဲလ်မက်ဒရစ်ခြေကလည်း ကောင်းမွန်နေပါတယ်။ မာလာဂါကတော့ အိမ်ကွင်းကစားပုံမာကျောမှုရှိသလို လက်ရှိခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေတယ်ဆိုပေမယ့် လက်ရှိအချိန်မှာ အမှတ်လိုအပ်ချက် မရှိတော့ပါဘူး။ ဒါကြောင့်လည်း အားစိုက်ကစားမှုလျော့ကျလာနိုင်တဲ့အတွက် ရီးရဲလ်တို့အခွင့်အရေး ရနိုင်ပါတယ်။ ရီးရဲလ်ကသာ အဝေးကွင်းမှာ နိုင်ပွဲကပ်ရသွားဖို့ရှိတယ်။

# ပိုတက်ဆီယမ်နှင့် ဖီးကြမ်းငှက်ပျောသီး

ကြည်လွင်မြင့်(မုံရွာ)

စာရေးသူ၏ဖခင်ကြီးသည် အသက် (၈၄) နှစ်ရှိပြီဖြစ်သည်။ ပိန်ပိန်ပါးပါး အစားအသောက်ကို ပုံမှန်စားသောက်နိုင်ပြီး သွေးပေါင်ချိန်မှာလည်း ပုံမှန်ဖြစ်အောင် သွေးကျဆေးအပျော့စားလေးဖြင့် ထိန်းထားနိုင်သည်။ ဆီးချိုမရှိ (ပုံမှန်စစ်ဆေးသည်)။ မျက်စိနှစ်ဖက်လုံး ခွဲထားသော်လည်း သတင်းစာကို နေ့စဉ်ဖတ်နိုင်သည်။ တစ်ခါတစ်ရံ စာလုံးအလွန်သေးလျှင် စုံထောက်ကြီး ဦးစံရှားကဲ့သို့ မှန်ဘီလူးဖြင့် ကြည့်ဖတ်သည်။ နံနက်တိုင်း ကျုံးဘေးသို့ ကားဖြင့် မိသားစုက ပို့ပေးပြီး ငါးစာကျွေးကုသိုလ်လုပ်၊ အသက်ရှူလေ့ကျင့်ခန်းလုပ်ပြီး တစ်ခါတစ်ရံ တစ်ဖာလုံခန့် အတွဲအကူဖြင့် လမ်းလျှောက်ပေးသဖြင့် အများအမြင်မှာ ကျန်းမာရေးကောင်းနေသည်ဟု ဆိုရပါမည်။

သို့သော် လွန်ခဲ့သောလဆန်းမှစ၍ လမ်းလျှောက်ပြီးလျှင် ခြေခုံနှစ်ဖက် ရောင်လာသည်။ မြန်မာလူကြီးများအခေါ် သွေးကျသည်ဟုဆိုသည်။ ညအိပ်လိုက်လျှင် အရောင်ပြန်ကျသွားသည်။ နေ့ခင်းဘက် ခြေထောက်ချထားတာကြာလျှင် ခြေနှစ်ဖက်တွင် ပြန်ဖောင်းလာသည်။ ခြေခုံဖောင်းလာလျှင် အနည်းငယ်မောသည်။ အသက်ရှူမဝ ဖြစ်သည်ဟုဆိုသည်။

တစ်ညတွင် ပူအိုက်ပြီး မောလာသဖြင့် အဖျားတိုင်းကြည့်ရာ အဖျားအနည်းငယ်ရှိသည်။ အသက်ရှူမဝဖြစ်သည် ပြောသဖြင့် မြေးဖြစ်သူ ဆရာဝန်မလေးက အောက်ဆီဂျင်အိုးငှားလာပြီး အောက်ဆီဂျင်ပေးသောအခါ သက်သာသွားသည်။ ထို့နောက်ပိုင်းတွင် မကြာခဏမောသည်။ မကြာခဏ အောက်ဆီဂျင်ပေးရသည်။ ခြေခုံလည်း မကြာခဏရောင်သည်။ သွေးကျသည်။

နောက်တစ်ရက်တွင် နှလုံးအထူးကု ဆရာဝန်ကြီးတစ်ဦးကို ပြသည်။ ထုံးစံအတိုင်း သွေးစစ်ခြင်းများစွာပြုလုပ်ရသည်။ နောက်ဆုံးတွင် အဖြေထွက်လာသည်မှာ ပိုတက်ဆီယမ်ခေါ် ဓါတုဗေဒ (K) နည်းနေသည်။ သာမန်အရပ်သားစကားဖြင့် ပြောရလျှင် ထုံးဓာတ်အားနည်းနေသည်။ ပြန်ဖြည့်ပေးရမည်။

ပိုတက်ဆီယမ်ခေါ် ဓါတုဗေဒ (K)ကို အကြောဆေးသွင်းသည့်စနစ်ဖြင့် သွင်းလျှင် အလွန် ဖြည်းညင်းစွာ သွင်းပေးရသည်။ လူကြီး (အသက်ကြီးသူ) ဖြစ်သည့်အတွက် အချိန်ယူပြီး တစ်စက်ချင်း ဖြည်းညင်းစွာ သွင်းရသည်။ တစ်နေကုန် အိပ်နေပြီး ဆေးသွင်းရသည်။ ထိုဒဏ်ကို ဖခင်ကြီးမှာ မခံနိုင်တော့ပေ။ သူ့တွင် ဆီးကျိတ်ရောဂါလည်းရှိသဖြင့် မကြာခဏ ဆီးသွားရသည်။ ညဘက်တွင် ကောင်းစွာမအိပ်ရ၊ နှစ်နာရီလျှင် တစ်ကြိမ်ခန့် ဆီးထသွားရသည်။ လူကြီးများ ရေအိမ်သွားလျှင် ချော်လဲတတ်သဖြင့် ခုတင်အနီးတွင် ဆီးအိုးထားပေးခြင်းသည် အကောင်းဆုံးဖြစ်သည်။

ပိုတက်ဆီယမ် နှစ်ပုလင်းသွင်းပြီးနောက် အားပြန်ပြည့်လာသည်။ နေကောင်းလာသည်။ သို့သော်အချိန်သိပ်မကြာလိုက်ပါ။ ဝမ်းချုပ်ပြီး ဝမ်းညှစ်ရာမှ ပြန်မောလာပြန်သည်။ လူကြီးများမှာ ဝမ်းချုပ်ခြင်းသည်လည်း ဒုက္ခတစ်မျိုးဖြစ်သည်။ ဆီးသွားလျှင်ဖြစ်စေ၊ ဝမ်းနာလျှင်ဖြစ်စေ၊ ရေအိမ်ထဲတွင် နာရီဝက်ခန့်ကြာသည်။ တစ်ခုခု ဖြစ်နေမည်စိုးသဖြင့် မကြာခဏ အပြင်ဘက်က ခေါ်ကြည့်နေရသည်။

မကြာခဏ နေမကောင်းဖြစ်သည်။ မောသည်။ ခြေထောက်များ သွေးကျပြီး ရောင်သဖြင့် ဆရာဝန်က လမ်း မလျှောက်ရန် ပြောသည်။ ကျုံးဘေးတွင် လမ်းလျှောက်ခြင်းကို နားထားလိုက်သည်။ လမ်းမလျှောက်ရသောအခါ အစားအသောက်နည်းလာသည်။ ခံတွင်းပျက်ပြီး ဟုတ်တိပတ်တိ မစားတော့။ ဆန်ပြုတ်၊ အင်ရှုံးဝါး စသည်တို့ကို လက်မခံ။

စာရေးသူ၏ဖခင်ကြီးသည် လက်ဖက်ရည်ကြိုက်သူဖြစ်သည်။ နံနက်စောစော ကျုံးဘေးသို့ပို့ပေးပြီး အသက်ရှူလေ့ကျင့်ခန်းလုပ်၊ မီတာအနည်းငယ်မျှ လမ်းလျှောက်ပြီးလျှင် ကျုံး၏တောင်ဘက် ဆီဒိုးနားဟိုတယ်ရှေ့ရှိ လက်ဖက်ရည်ဆိုင်သို့ ပို့ပေးရသည်။ လက်ဖက်ရည် ပုံမှန်ဆိမ့်တစ်ခွက်နှင့် နံပြားတစ်ချပ်၊ တစ်ခါတစ်ရံ မလိုင်နံပြားစားလေ့ရှိသည်။ သူ၏ ဘဝတစ်လျှောက်လုံး ကော်လံစားနယ်သတင်းထောက်လုပ်ခဲ့သူဖြစ်သဖြင့် လမ်းဘေးလက်ဖက်ရည်ဆိုင် ထိုင်ရခြင်းကို ပျော်မွေ့ခဲ့သူဖြစ်သည်။ ယခုအချိန်အထိ လက်ဖက်ရည်ဆိုင်ထိုင်ရခြင်းနှင့် သတင်းစာပေါင်းစုံဖတ်ရခြင်းကို မစွန့်လွှတ်နိုင်သေးပါ။

ရာသီဥတုဖောက်ပြန်ကာ မိုးအကြီးအကျယ်ရွာသည်။ အအေးဓာတ်လွန်ကဲရာမှ ရင်ကျပ်သလိုဖြစ်ပြီး ညအိပ်မရသဖြင့် အောက်ဆီဂျင်ပြန်ပေးရပြန်သည်။ ခြေထောက်များကလည်း ပက်လက်ကုလားထိုင်တွင် အထိုင်ကြာလျှင် သွေးကျပြီး ရောင်လာသဖြင့် အိပ်ရာပေါ်တွင် လှဲနေဖို့ပြောရသည်။ လှဲနေလျှင် ခြေထောက်အရောင်ကျသည်။ မိုးရက်ဆက်ရွာသဖြင့် ကျုံးဘေးလည်း မသွားရ။ လက်ဖက်ရည်ဆိုင်လည်း မထိုင်ရတော့ချေ။ ဤသို့ဖြင့် ပို၍နေမကောင်းဖြစ်လာသည်။

အစားအသောက်ပျက်လာပြီး နှလုံးခုန်နှုန်းလည်း မမှန်ဟုဆိုကာ နှလုံးအထူးကုဆရာဝန်ကြီးနှင့် ထပ်ပြရပြန်သည်။ ထုံးစံအတိုင်း သွေးစစ်ရပြန်သည်။ ယခင်ကအတိုင်းပင် ပိုတက်ဆီယမ် နည်းနေပြန်သဖြင့် ပိုတက်ဆီယမ် (K) ပုလင်း ချိတ်ခိုင်းသည်။ ဆေးရုံတက်ပြီး ချိတ်ခိုင်းသည်။ သမီး ဆရာဝန်မလေးက အိမ်တွင် ချိတ်ပေးပါမည်ဆိုပြီး ပြန်ခေါ်လာသည်။ တစ်နေကုန်ချိတ်ရသည့် ပိုတက်ဆီယမ်ကို မချိတ်ချင်တော့ဟု ငြင်းသည်။ သူ့မှာ မကြာခဏ ဆီးသွားရသည့် ပြဿနာကလည်း ရှိသဖြင့် မချိတ်ချင်ဟု အတင်းငြင်းနေသည်။

အသက်အရွယ်ကြီးသည့် လူကြီးတစ်ဦးကို ဆေးကုသပေးနေရသည်မှာ အသက်ရှည်စေလို၍ဖြစ်သော်လည်း တစ်ခါတစ်ရံတွင် ဆေးပုလင်းများချိတ်ပြီး သူတို့ကို ဒုက္ခပေးသကဲ့သို့ ဖြစ်နေမလားဟု တွေးကြည့်နေမိသည်။ မိမိဘက်က စေတနာမှန်သော်လည်း တစ်ဖက်က ဒုက္ခခံရသည်ဟုထင်မြင်နေလျှင် အကျိုးအကြောင်း မဆီလျော်နိုင်ဟု တွေးမိသည်။ အမေရိကတွင် ယခုနောက်ပိုင်း နှာခေါင်းပိုက်၊ ဆီးပိုက်၊ ဒရစ်ပိုက်များဖြင့် ကုသပေးသဖြင့် အသက်ပိုရှည်ရသမျှ ဒုက္ခပို ခံစားရည်ကို လေ့လာတွေ့ရှိရသည်ဟု ဆိုသည်။ တတ်နိုင်သမျှ ပျောက်ကင်းရန် ရာခိုင်နှုန်းနည်းသည့် လူကြီးဝေဒနာသည်များကို ဒုက္ခပေးခြင်းမှ ကင်းလွတ်ခွင့်ပြုရန် စဉ်းစားလာကြပြီဟု ဖတ်ရှုရသည်။ အိုနာသည်ဘဝကို အေးချမ်းစွာဖြတ်သန်းခွင့်ပေးရန် ရောဂါကုခြင်းထက် အထူးငြိမ်းချမ်းသည့်ဆေးမျိုးကိုပေးရန် စဉ်းစားလာကြပြီဟု ဆိုသည်။ ကယ်တင်ခြင်းသည် မခံချိမခံသာ ဖြစ်စေရန်မဟုတ်။ သက်သောင့်သက်သာဖြစ်ရန် အမှန်ပင်လိုအပ်သည်ဟု ယူဆလာကြပြီဖြစ်သည်။

စာရေးသူ၏ ညီဝမ်းကွဲတစ်ဦးရှိသည်။ မေ့ဆေးအထူးကု ဆရာဝန်ကြီးအဖြစ် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် နှစ်အတန်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ တွဲဖက်ပါမောက္ခအဖြစ်ဖြင့် ရန်ကုန်ဆေးတက္ကသိုလ် (၁) တွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေသည်။ ဖခင်ကြီး၏ အခြေအနေကို လှမ်းပြောပြသည်။ ပိုတက်ဆီယမ် မသွင်းချင်တော့သည့်အဖြစ်ကိုလည်း ပြောပြသည်။

ညီဖြစ်သူက "ပိုတက်ဆီယမ်မသွင်းချင်ရင် ငှက်ပျောသီး မီးဖုတ်ကျွေးကြည့်ပါလား အစ်ကို၊ အုန်းစိမ်းရည်လည်း တိုက်ကြည့်ပါလား" ဟု ပြောသည်။ သူပြောမှပင်ဟုတ်ပါလားဟု တွေးမိသည်။ ငါက မြန်မာသမားတော်အမည်ခံထားပြီး ဘာကြောင့်မတွေးမိတာလဲဟု စဉ်းစားရင်း ရှက်မိသည်။ "သတိမမူ ဂူမမြင်၊ ပညာရှိ သတိဖြစ်ခဲ့" ဟု ဖော့ပြီး တွေးမိသည်။ ငှက်ပျောသီးဖီးကြမ်း အခွံအမာလေးကို မီးဖုတ်သည်။ အပြင်ခွံလေးများ မည်းသွားသည်ထိ မီးသွေးမီးဖြင့် ဖုတ်သည်။ အနံ့လေးက မွှေးပြီး စားချင်စရာဖြစ်လာသည်။

ဖခင်ကြီးကို ကျွေးသောအခါ သူကိုယ်တိုင်က နှစ်မြိုက်စွာ သုံးလုံးကုန်အောင်စားသည်။ အခွံလေးကို တစ်ခြမ်းခွာပြီး ဇွန်းဖြင့် အတွင်းမှအသားကို ပူပူနွေးနွေး ခပ်ယူစားသည်။ အနံ့က မွှေးနေသဖြင့် စားကောင်းပုံရသည်။

ငှက်ပျောသီး မီးဖုတ်ကျွေးသည်။ နံနက် ၁၀ နာရီခန့် ရေမချိုးမီ အုန်းစိမ်းရည် တစ်လုံးတိုက်သည်။ အုန်းသီးနုနု၊ အရည်သောက် အုန်းစိမ်းကို ဝယ်သည်။ ထိပ်ကိုဓားဖြင့်လှုပ်ပြီး ဖောက်ကာ ဖျော်ရည်စုပ်သည့် ပိုက်တပ်၍ ကမ်းခြေတွင် သောက်သကဲ့သို့သောက်သည်။

အုန်းရည်သောက်လျှင် ဖောက်ပြီး ခွက်ထဲသို့ သွန်ချသောက်လေ့ရှိကြသည်။ ဤနည်းမှာ ပိုက်တပ်ပြီး စုပ်ယူခြင်းလောက် မကောင်းပေ။ သွန်ချသောအုန်းရည်သည် ခွက်ထဲတွင် ပြင်ပလေနှင့်ထိတွေ့ပြီး ချဉ်သွားတတ်သည်။ အစာအိမ်တွင် အချဉ်ပေါက်ပြီး ဝမ်းပျက်တတ်သည်။ အုန်းသီးထိပ်မှ အပေါက်ငယ်ဖောက်ပြီး ပိုက်နှင့်စုပ်သောက်ခြင်းသည် ပြင်ပလေနှင့် မထိတွေ့ရသဖြင့် အချဉ်ပေါက်ခြင်း မဖြစ်နိုင်တော့ပေ။

ငှက်ပျောသီး (အထူးသဖြင့် ဖီးကြမ်းငှက်ပျော) သည် အနောက်တိုင်း ဆေးပညာတွင် ပိုတက်ဆီယမ်ခေါ် ဓါတုဗေဒ (K) ဓာတ်ကြွယ်ဝသော အစားအစာမျိုးတွင် ပါဝင်သည်။ ထုံးဓာတ် ကြွယ်ဝသည်ဟုလည်း ဆိုနိုင်သည်။

စာရေးသူ၏ ဖခင်ကြီးသည် ဖီးကြမ်းငှက်ပျောသီးမီးဖုတ် တစ်နေ့လျှင် သုံးလုံးစား၊ အုန်းစိမ်းရည်တစ်လုံးသောက်ခြင်းဖြင့် သုံးရက်အတွင်း ထူထူထောင်ထောင်ပြန်ဖြစ်လာသည်။ ခြေထောက်အရောင်များလည်း လုံးဝနီးပါး ကျသွားသည်။ သေချာစေရန် ငါးရက်မြောက်သောနေ့တွင် နံနက်စောစော သွေးဖောက်စစ်သည်။ အဆင်ပြေသည်။ ပိုတက်ဆီယမ်က ပုံမှန်အတိုင်းဖြစ်နေသည်။ ဆေးမသွင်းရတော့သဖြင့် ဝမ်းသာနေကြသည်။ တစ်နေကုန် ဆေးသွင်း ပုလင်းချိတ်ထားလျှင် အစောင့် Nurse တစ်ဦး ငှားထားရသည်။ စောင့်ကြည့်နေရသည်။ အသွင်းခံထားရသူမှာလည်း လှုပ်ရှားမရ၊ အပေါ့အပါးသွားမရ ဖြစ်ရသည်။

စာရေးသူသည် ဖခင်ကြီး ခြေထောက်ရောင်နေသည့်ပုံ၊ ကျသွားသည့်ပုံများကို ငှက်ပျောသီးမီးဖုတ် စားသည့် အကြောင်းနှင့် တွဲ၍ (Facebook) လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် မိတ်ဆွေများကို တင်ပြသည်။ မိတ်ဆွေတစ်ဦးက သူ၏ရွာဦးကျောင်းဆရာတော်သည် ငှက်ပျောသီးမီးဖုတ် နေ့စဉ်ဘုဉ်းပေး၍ အသက်ရှည်ကျန်းမာနေကြောင်း ပြောသည်။

တစ်ဦးက ဖီးကြမ်းငှက်ပျောသီးကို အစိမ်းစား၍ မရဘူးလား၊ မီးဖုတ်ရမှာ အဆင်မပြေလို့ဟု ပြောသည်။ ငှက်ပျောသီးဖီးကြမ်း၏ အခွံတွင်ကပ်နေသည့် အမျှင်များသည် ပိုတက်ဆီယမ်များဖြစ်သည်။ စားပြီးလျှင် အခွံကို လွှင့်ပစ်လိုက်ကြသဖြင့် အလဟဿ ဖြစ် သွားသည်။ မီးဖုတ်လိုက်သောအခါ အမြှေးများ ကွာပြီး ငှက်ပျောသီးအသားနှင့် ပေါင်းသွားသဖြင့် ပိုတက်ဆီယမ်ဓာတ် ပို၍ရနိုင်သည်။ (မှတ်ချက်။ ဆီးချိုတက်ပြီး ပိုတက်ဆီယမ်များနေသူများကတော့ မတည့်ပါ။ အုန်းစိမ်းရည်ကတော့ ဆီးချိုသမားလည်း သောက်၍ရသည်ဟု ဆိုပါသည်။)




## ဟားခါးမြို့ တော်လှန်ရေးရေကန် စနစ်တကျပြန်လည်ပြုပြင်ထိန်းသိမ်းရေး ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်ကြည့်ရှုစစ်ဆေး

**ဟားခါး မေ ၁၉**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီအိုး၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၁၈ ရက် နံနက် ၉ နာရီက ၂၀၁၅ ခုနှစ်အတွင်း သဘာဝဘေးကြောင့် ပြိုကျပျက်စီးခဲ့သည့် ဟားခါးမြို့ တော်လှန်ရေးရေကန်နေရာ၌ ရေစီးရေလာကောင်းမွန်ရေး၊ ရေနုတ်မြောင်းများ ပြန်လည်တူးဖော် ဆောင်ရွက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီမရောက်မီ လုပ်ငန်းများပြီးစီးရေး တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၁၅ ခုနှစ်အတွင်း သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုအများဆုံးဖြစ်ပွားသည့် ဟားခါးမြို့ မြို့ဟောင်းရပ်ကွက်ရှိ ချောက်ကမ်းပါးမြေထိန်းနံရံ ပြန်လည်တည်ဆောက်နေမှုနှင့် ရေမြောင်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ လမ်းညွှန်မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



# People Health Assembly ဖွင့်ပွဲ ရှမ်းပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

**တောင်ကြီး မေ ၁၉**

People Health Assembly ဖွင့်ပွဲကို မေ ၁၉ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ Royal Taung Gyi Hotel ၌ ကျင်းပသည်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အဖွင့်အမှာစကားပြောကြားရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးစနစ်တောင့်တင်းခိုင်မာရေး ရေရှည်လုပ်ငန်းစဉ်များအဖြစ် အားလုံးပါဝင်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ကျန်းမာရေးစီမံကိန်း ၂၀၁၇-၂၀၂၀ အား ရေးဆွဲအကောင်အထည်ဖော်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လက်တွေ့ ပြည်သူလူထုခံစားနေရသည့် ကျန်းမာရေးအခြေအနေများကို ထင်ဟပ်နိုင်စေရေး ပြည်သူလူထု၏ အသံအားနားထောင်နိုင်ရေးအတွက် ယနေ့ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ People Health Assembly ကျင်းပခြင်း၏ရည်ရွယ်ချက်မှာ ပြည်သူလူထုသို့ ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် လက်တွေ့ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများအားသိရှိ၍ သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန်၊ တိုင်းရင်းသားများ၊ ထိခိုက်လွယ်သောအုပ်စုများ၊ ဝေးလံခက်ခဲသောဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်စေရေးအတွက်အထူးစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားရန်၊ People Health Assembly မှ ဆွေးနွေးချက်များအပေါ် မူတည်၍ ကျန်းမာရေးစောင့်ရှောက်မှုစနစ် တိုးတက်ကောင်းမွန်စေရေးအတွက် အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ နည်းပညာဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသွားသည်။

ဆက်လက်၍ ခေတ္တပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဝင်းဇော်လှိုင်က ရှမ်းပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအကြောင်း ရှင်းလင်းဆွေးနွေးခြင်းနှင့် ၂၀၁၇-၂၀၂၁ အမျိုးသားကျန်းမာရေးစီမံကိန်းနှင့်အညီ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအကြောင်း တင်ပြရှင်းလင်းပြီး အဖွဲ့ငယ်များခွဲခြင်းနှင့် ဆွေးနွေးမည့်အကြောင်းအရာများအား ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ် လူမှုရေးဝန်ကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်သူများ တက်ရောက်ခဲ့ကြသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## အပြည်ပြည်ဆိုင်ရာပြတိုက်နေ့ မန္တလေးယဉ်ကျေးမှုပြတိုက် လေ့လာသူအားလုံး ဝင်ကြေးအခမဲ့ပြသ

**မန္တလေး မေ ၁၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနလက်အောက်ရှိ အမျိုးသားပြတိုက်၊ ယဉ်ကျေးမှုပြတိုက်များ၊ ရှေးဟောင်းသုတေသနပြတိုက်များ၊ အထိမ်းအမှတ်ပြတိုက်များတွင် အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ အထိမ်းအမှတ်အဖြစ် မေ ၁၈ ရက်က ဝင်ရောက်လေ့လာသူအားလုံးအား ဝင်ကြေးအခမဲ့ဖွင့်ပြသရာ အောင်မြေသာစံမြို့နယ် လမ်း ၈၀ နှင့် ၂၄ လမ်းထောင့်ရှိ မန္တလေးယဉ်ကျေးမှုပြတိုက်တွင်လည်း လာရောက်လေ့လာသူ ရဟန်းရှင်လူ ကျောင်းသား ကျောင်းသူများအား ဝင်ကြေးအခမဲ့ဖွင့်ပြသပြီး ပြတိုက်ဆိုင်ရာ သိကောင်းစရာများ အခမဲ့ဝေငှသည်။

နှစ်စဉ်မေ ၁၈ ရက်ကို အပြည်ပြည်ဆိုင်ရာပြတိုက်နေ့အဖြစ် ၁၉၇၇ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီက သတ်မှတ်ထားခဲ့သည်။ ပြတိုက်များသည် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး ယဉ်ကျေးမှုများအပြန်အလှန်ဖလှယ်ခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ပိုမိုနားလည်လာစေခြင်း၊ ငြိမ်းချမ်းစွာအတူပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် အရေးပါကြောင်းကို သတိပြုမိစေရန် နှစ်စဉ်ပြတိုက်နေ့အဖြစ် သတ်မှတ်ကျင်းပခြင်းဖြစ်သည်။

မန္တလေးယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံကိန်းတွင် ပြတိုက်ကိုစံနှုန်းနှင့်ညီညွတ်သော ပြတိုက်တစ်ခုဖြစ်လာစေရန် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အဆင့်မြှင့်တင် ပြန်လည်ခင်းကျင်းခဲ့သည်။

ပြတိုက်ကို သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ပြီးခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦး ပြခန်း၊ ရတနာပုံခေတ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းပြခန်း၊ မြန်မာ့လက်မှု အနုပညာ ပန်းဆယ်မျိုးပြခန်းနှင့် ဗုဒ္ဓအနုပညာလက်ရာပြခန်းများ ပြောင်းလဲပြသထားသည်။ ပြတိုက်ကို တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များတွင်ပိတ်ပြီး ကျန်ရက်များတွင် နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသထားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



## လူသားအရင်းအမြစ်များ မဆုံးရှုံးရေး အလုပ်ရုံဆွေးနွေး

**တောင်ကြီး မေ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနနှင့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေးရာနှင့်လမ်းအန္တရာယ်ကင်းရေးဌာနခွဲတို့ ပူးပေါင်းကျင်းပသော လမ်းဦးစီးဌာန Road Safety Workshop အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၈ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး တက်ရောက်ဆွေးနွေးပေးခဲ့သည်။

အစီအစဉ်အရ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးရာနှင့်လမ်းအန္တရာယ်ကင်းရေးဌာနခွဲ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးရာနှင့် လမ်းအန္တရာယ်ကင်းရေးဌာနခွဲ ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိ အင်ဂျင်နီယာများက (Road Safety) လမ်း၊ တံတားများ ပြင်ဆင်ထားရန်အတွက် တာဝန်ရှိသူများက ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။ တင်ပြဆွေးနွေးချက်များကို တက်ရောက်လာကြသော ပြည်နယ်အဆင့်သက်ဆိုင်ရာဌာနများနှင့် စိတ်ဝင်စားသူများက မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သီဟက ဝန်ဆောင်မှုပေးခြင်းနှင့် စပ်လျဉ်း၍လမ်း၊ တံတားလုပ်ငန်းများအား သတ်မှတ် Design၊ သတ်မှတ် Method အတိုင်းဆောင်ရွက်ပေးနေသကဲ့သို့ တည်ဆောက်ပြီး လမ်း၊ တံတားများအား အသုံးပြုကြသော (Road users)ခရီးသွား ပြည်သူများ အန္တရာယ်ကင်းစွာဖြင့်လိုရာခရီးသို့ အချိန်တိုအတွင်း ရောက်ရှိရေးအတွက် ဆောင်ရွက်ပေးသင့်သည်အတိုင်း လက်ရှိတွင်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

တန်ဖိုးအရှိဆုံးဖြစ်သော လူသားအရင်းအမြစ်များသည် (Awardness) မတော်တဆမှုကြောင့် သေဆုံးမှု၊ သေရာပါဒဏ်ရာ၊ ထိခိုက်ဒဏ်ရာရရှိမှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ်ပို၍မြင့်တက်လာလျက်ရှိကြောင်း သိရသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**

## ကျား/မအခြေပြုအကြမ်းဖက်မှုကိုကာကွယ်တားဆီးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ ကဏ္ဍပေါင်းစုံဆွေးနွေး

**မန္တလေး မေ ၁၉**

မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၊ Care Myanmar နှင့် ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများပူးပေါင်း၍ ကျား/မအခြေပြုအကြမ်းဖက်မှုကို ကာကွယ်တားဆီးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ ကဏ္ဍပေါင်းစုံပါဝင်သောအဖွဲ့အစည်းများ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၈ ရက်နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မန္တလေး ချမ်းအေးသာစံမြို့နယ် လမ်း(၃၀)နှင့်(၆၃)လမ်းထောင့်ရှိ တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး Care Myanmar တာဝန်ခံက ကျား/မ အခြေပြုအကြမ်းဖက်မှုကို ကာကွယ်တားဆီးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ ကဏ္ဍပေါင်းစုံပါဝင်သောအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေး တင်ပြဆွေးနွေးသည်။

ထို့နောက် တွဲဖက်တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲအရာရှိများ၊ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**မောင်ပြည့်သူ(မန္တလေး)**

## ကယားပြည်နယ်ဝန်ကြီးချုပ်အား အမေရိကန်ပြည်ထောင်စု သစ်တောဌာနအကြီးအကဲဟောင်း လာရောက်တွေ့ဆုံ



**လွိုင်ကော် မေ ၁၉**
ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဝန်ကြီးများအား အမေရိကန်ပြည်ထောင်စု သစ်တောဌာနအကြီးအကဲဟောင်း Mr. Dale Bosworth ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၈ ရက် မွန်းလွဲ ၁ နာရီက ကယားပြည်နယ်အစိုးရရုံးအစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ရှေးဦးစွာ Mr. Dale Bosworth က ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တောရိုင်းတိရစ္ဆာန်၊ သစ်တောနှင့်သဘာဝအခြေခံခရီးသွားလုပ်ငန်း ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ အကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ယခုလိုလာရောက်တွေ့ဆုံသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ကယားပြည်နယ်အတွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ ခရီးသွားလုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ သစ်ထုတ်လုပ်ခြင်းဆိုင်ရာအကြောင်းအရာများအား ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဦးစားပေးကဏ္ဍများဆောင်ရွက်နိုင်ရန် ရှင်းလင်းပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်တက်ရောက်

**ပဲခူး မေ ၁၉**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ မေ ၁၉ ရက် နံနက် ၉ နာရီခွဲက မူဝါဒများချမှတ်ခြင်းနှင့် ဦးစားပေးကဏ္ဍများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လွှတ်တော်အကြား မူဝါဒများချမှတ်ခြင်း၊ ဦးစားပေးကဏ္ဍများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ ချိတ်ဆက်ဆောင်ရွက်ရာတွင် နိုင်ငံတကာအဆင့်မီ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ အစိုးရနှင့်လွှတ်တော်အကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည့် The Asia Foundation ၏ လုပ်ငန်းစီမံချက်များအပေါ် ယခုတက်ရောက်လာကြသူများမှ ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် The Asia Foundation, Country Director, Dr. Kim Ninh က ပထမအကြိမ်အစည်းအဝေးမှာ ဝိုင်းဝန်းဆွေးနွေးပေးခဲ့ကြသည့် အချက် ၁၂ ချက်အပေါ် နေ့ဆွေးနွေးပွဲမှာ ပိုမိုတိကျသည့် ဆုံးဖြတ်ချက်များရရှိစေရန်၊ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ဘတ်ဂျက်ခွဲဝေရရှိရေးတို့သည် အစိုးရနှင့် ပြည်သူများအတွက် အလွန်အရေးကြီးပါကြောင်းနှင့် အစိုးရ၏ အဓိကစိန်ခေါ်မှုကြီးတစ်ခုလည်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် The Asia Foundation မှ ဦးစိန်ငွေးက စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လယ်ယာမြေ၊ သစ်တော၊ ရေသယံဇာတနှင့် အခြားသဘာဝသယံဇာတများစီမံခန့်ခွဲမှု၊ လျှပ်စစ်ဓာတ်အားပိုမိုရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးလက်မြို့ပြဖွံ့ဖြိုးရေး၊ အခွန်အကောက်တိုးမြှင့်ရရှိရေး၊ ဒေသတွင်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်မြင့်မားရေး၊ အုပ်ချုပ်ရေးတရားဥပဒေစိုးမိုးရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ Stakeholder များ ပါဝင်ပူးပေါင်းဆောင်ရွက်မှု တိုးတက်မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အထူးစီးပွားရေးဇုန်များ ပေါ်ထွန်းလာရေး စသည့်အချက် ၁၂ အချက်အပေါ် အသေးစိတ် ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများမှ အသီးသီးဆွေးနွေးတင်ပြခဲ့သည်။

အစည်းအဝေးသို့ ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ The Asia Foundation မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ဆောက်လုပ်ရေးကဏ္ဍကို ဦးဆောင်ပြောင်းလဲပေးမည့် Build Tech Yangon ပြပွဲ ခင်းကျင်းပြသ

**ရန်ကုန် မေ ၁၉**
စင်ကာပူပရက်စ်ဟိုးဒင်း၏လုပ်ငန်းခွဲတစ်ခုဖြစ်သော Sphere Exhibits က ကြီးမှူးကျင်းပပြီး မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ ပူးပေါင်းဆောင်ရွက်သည့် စတုတ္ထအကြိမ်မြောက် Build Tech Yangon ပြပွဲကို မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ မေ ၁၈ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့ရာ ပြပွဲ၌ ရခိုင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဇော်အေးမောင်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသာငွေးနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ မြန်မာ့ဆောက်လုပ်ရေးကဏ္ဍကို စိမ်းလန်းသောသဘာဝပတ်ဝန်းကျင်အတွက်ဦးတည်စေမည့် Build Tech Yangon ပြပွဲ၌ ဆောက်လုပ်ရေးနည်းပညာများ၊ ထုတ်ကုန်များ၊Green Technology နှင့် စပ်လျဉ်းသည့် အသိပညာပေးဟောပြောပွဲများနှင့် precast စနစ်အတွက် အသိပညာပေး ဟောပြောပွဲများ ပါဝင်ပြီး အုတ်စီပြိုင်ပွဲများပါဝင်ကာ Green Building နှင့်ပတ်သက်သော နောက်ဆုံးပေါ် အကြောင်းအရာများအပြင် ဆောက်လုပ်ရေးကဏ္ဍအတွက် နောက်ဆုံးပေါ်နည်းပညာရပ်များကိုပါ ပြသသွားမည်ဖြစ်သည်။



မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ EC ဦးငြိမ်းအောင်က "ဒီနှစ်မှာ တန်ဖိုးနည်းအိမ်ရာများဆောက်လုပ်ဖို့အတွက်ကို ဥရောပ၊ စင်ကာပူနဲ့ ထိုင်းနိုင်ငံကုမ္ပဏီများကနေ precast စနစ် လာရောက်ပြသကြပါတယ်။ ကျွန်တော်တို့ဆီကလည်း ဒီနည်းပညာကို ဘယ်လိုအသုံးပြုရလဲသိသွားတာပေါ့နော်။ ပြီးတော့ အဲ့ဒီကုမ္ပဏီနဲ့ ချိတ်ဆက်ပြီးတော့လည်း တိုင်းပြည်ကို တည်ဆောက်လို့ရသွားပါလိမ့်မယ်။ သူတို့အနေနဲ့လည်း ရင်းနှီးမြှုပ်နှံမှုလုပ်ချင်တာလေးတွေ ရှိပါလိမ့်မယ်။ တန်ဖိုးနည်းအိမ်ရာက ကျွန်တော်တို့နိုင်ငံမှာ ဖြစ်သင့်တာကြာပါပြီ။ သူများနိုင်ငံတွေမှာကတော့ အရစ်ကျပေးချေမှုစနစ်နဲ့ ရှိနေပါတယ်။ နည်းပညာပြောင်းလဲလာတော့ နိုင်ငံအတွက်အကျိုးရှိပါလိမ့်မယ်။ အဓိကတော့ တန်ဖိုးနည်းအိမ်ရာဆိုတာက ပထမတော့ ဝန်ထမ်းအတွက်ပေါ့။ နောက်ကျတော့လည်း ဝင်ငွေနည်းပြည်သူများအားလုံးအတွက် ဖြစ်လာပါလိမ့်မယ်" ဟု ပြောသည်။

မြန်မာနိုင်ငံ၏စီးပွားရေးသည် ပြန်လည်ဦးမော့လာမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ်အရောက်တွင် ၈ ရာခိုင်နှုန်းအထိတိုးတက်လာမည်ဟု ADB ဘဏ်မှ ခန့်မှန်းထားကြောင်း၊ ယခုနှစ်အစောပိုင်းတွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သော ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကြောင့် အဆောက်အအုံဆောက်လုပ်ရေးကဏ္ဍ တိုးတက်လာမည်ဟု ခန့်မှန်းထားကြောင်း၊ အဆိုပါ ဥပဒေသစ်သည် နိုင်ငံ၏စီးပွားရေးကဏ္ဍ၌ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ရန်ရေးဆွဲထားခြင်းဖြစ်ပြီး ဥပဒေတွင် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့ဧရိယာများချဲ့ထွင် ဖော်ဆောင်ရေးကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။ ပြပွဲ၌ အမှတ်တံဆိပ် ၈၀ အား ခင်းကျင်းပြသလျက်ရှိကာ ပြပွဲအား မေ ၂၀ ရက်အထိ ခင်းကျင်းပြသကြောင်း သိရသည်။ **စိုးဝင်း** (MLA)

## ဂျပန်နိုင်ငံအနေဖြင့် ကျောင်းပညာရေးကို အထူးအလေးပေးဆောင်ရွက်

**ဟင်္သာတ မေ ၁၉**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ ဂျပန်နိုင်ငံအသေးစားစီမံကိန်းများ ထောက်ပံ့ရေး (GGP) အစီအစဉ်အရ ဆောက်လုပ်လှူဒါန်းသည့် တာငုတ်ကျေးရွာ အ.မ.က ရေလွှတ်တစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၁၈ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဆရာကြီးဦးမြင့်အောင်၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံး ဒုတိယအတွင်းဝန် Mr.Yosuke Tanaka နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းနိုင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကိုဆက်လက်ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဆရာကြီးဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Mr.Yosuke Tanaka က ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Mr.YosukeTanaka က ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် မှတ်တမ်းများအား မြို့နယ်ပညာရေးမှူး ဦးအေးနိုင်ထံသို့လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌက ကျောင်းဆောင်သစ်မှတ်တမ်းဓာတ်ပုံနှင့် ဂုဏ်ပြုမှတ်တမ်းလွှာအား ဒုတိယအတွင်းဝန် Mr.Yosuke Tanaka ထံသို့လည်းကောင်း ပေးအပ်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ အသေးစားစီမံကိန်းများထောက်ပံ့ရေး (GGP) အစီအစဉ်အရ ဆောက်လုပ်လှူဒါန်းသည့် တာငုတ်ကျေးရွာ အ.မ.က ကျောင်းဆောင်သစ်သည် အလျားပေ ၁၀၀၊ အနံပေ ၃၀ နှင့် အမြင့် ၁၂ ပေရှိ RC ရေလွှတ်တစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၉၇၅၀၀ ခန့်ကုန်ကျခဲ့ကြောင်း သိရသည်။

ဒုတိယအတွင်းဝန် Mr.Yosuke Tanaka က ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ဂျပန်နိုင်ငံအနေဖြင့် ကျောင်းပညာရေးသည် အဓိကကျသည်ဟုသတ်မှတ်ပြီး ပညာရေးကို အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့တိုင်းပြည်၏ အတွေ့အကြုံများကို အခြေခံပြီး မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍကို ထောက်ပံ့ကူညီပေးရန်အတွက် ယခုလိုကျောင်းဆောင်သစ်များဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများတို့နှင့် သက်ဆိုင်သည့် ပညာရေးထောက်ပံ့မှုပေါင်း ၄၀၀ ကျော် တည်ဆောက်ထောက်ပံ့ကူညီပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာပြည်သူတို့ရဲ့ ပညာရေးကဏ္ဍလိုအပ်ချက်မြင့်မားမှု၊ အရေးပါမှုတွေကြောင့် ဂျပန်အစိုးရအနေနှင့်လည်း ဆက်လက်ပြီး လေးလေးနက်နက် အလေးထားကာ ကူညီထောက်ပံ့ပေးသွားဖို့စဉ်းစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ကျော်ကျော်(ခရိုင်ပြန်/ဆက်)**

## ရေတပ်လေ့ကျင့်ရေးဌာနချုပ်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ရေ)မှ စစ်ရေယာဉ်များအား ရေကြောင်းလူငယ် သင်တန်းသား၊ သင်တန်းသူများ သွားရောက်လေ့လာ

**သန်လျင် မေ ၁၉**
ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၁၇) တို့မှ သင်တန်းသား၊ သင်တန်းသူများသည် မေ ၁၈ ရက်က သင်တန်းနည်းပြများနှင့်အတူ သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ သွားရောက်၍ သင်္ဘောတည်ဆောက်နေမှုများ၊ လွှန်းတင်ပြင်ဆင်လျက်ရှိသည့် စစ်ရေယာဉ်များနှင့် အမှတ်(၃) ရေတပ်ဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသည့် စစ်ရေယာဉ်များအား သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ရေကြောင်းသွားလာရေးဆိုင်ရာ အထွေထွေဗဟုသုတများကို ရှင်းလင်းပြသခဲ့ကြသည်။

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်နှစ်စင်းအား သွားရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သူရိန်(ဥပဒေ)**





# တောဆင်ရိုင်းအန္တရာယ်

ကိုကိုညိမ်း (ကောလင်း)

ဆင်ဆိုးဆင်ရိုင်းတို့၏သဘာဝက အငြိုးအတေး အမုန်းတရားများစွာဖြင့် ရက်စက်ကြသည်။ ညညအခါ လသာသာ မသာသာ တိတ်ဆိတ်သောအချိန်တွင်ပင် နီးစပ်ရာတောစပ်ကျေးရွာများသို့ ရုတ်တရက်ဝင်ရောက်တိုက်ခိုက်တတ်သည်။ ရန်ပြုတတ်သည်။ အိုးအိမ်အဆောက်အအုံတို့ကိုလည်းဖျက်သည်။ လူကိုလည်းနင်းသတ်သည်။ ကိုင်ပေါက်သည်။ ပွေ့ယူဆွဲသွားပြီးလွှင့်ပစ်သည်။

**ဆင်နှင့် လူပဋိပက္ခ**

အတိတ်ကာလများစွာက တောဆင်ရိုင်းအန္တရာယ်ကြောင့် သေဆုံးခဲ့ရသူများစွာရှိခဲ့သည်။ ပဲခူးရိုးမမှ ခွာလိပ်ကြီးဆင်က ရှောင်တိမ်းခိုအောင်းရာမှ ထလာပြီး ၂၀၀၂ ခုနှစ် နိုဝင်ဘာ ၇ ရက်က စလူပိုင်း၊ ကျွဲတလင်းလျှိုတွင် သုံးဆယ်မြို့တောင်ဖလန်းကုန်း မောင်သိန်းနိုင်ဝင်း (၁၅)နှစ်၊ (ဘ) ဦးစံလှိုင်အား ဆင်နင်းသတ်ခဲ့သည်။ ၂၀၀၂ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ဦးသန်းငွေ (၆၂) နှစ် (ဘ) ဦးဗိုကိုက် ပန်းပင်တန်းအုပ်စု ဘုရားပြိုကျေးရွာနေသူသည် ကျွဲလိုက်ရင်း လမ်းတွင် ဆင်နင်းသတ်ခံရသည်။

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တဘူးလှဆည် ကားလမ်းနံဘေး ချောင်းခေါက်ကျေးရွာတွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက်က တောဆင်ရိုင်းတစ်ကောင် ဦးခေါင်းနှင့်ခန္ဓာကိုယ်ချောင်းရေတွင် မျှောခံရသည်။ တိုက်ကြီးမြို့နယ် ပဲခူးရိုးမတောစပ်ရှိ တောဆင်ရိုင်းများဝင်ရောက်လေ့ရှိသော ကျေးရွာလေးရွာတွင် တောဆင်ရိုင်းအန္တရာယ်ကာကွယ်ရန် လျှပ်စစ်ခြံစည်းရိုးများခတ်ထားသည်။

ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ်ခွဲ ချောင်းသာကျေးရွာအုပ်စု ကညင်ကျေးရွာ အောက်စမ်းကောက်တဲစု သစ်တောကြိုးဝိုင်းအပြင်ဘက် အကွက်အမှတ် (၄၄)တွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်က တောဆင်ရိုင်းအထီးတစ်ကောင် အသတ်ခံခဲ့ရသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် တောင်ကလေးကျေးရွာအုပ်စု ဆင်ကုံးရွာဟောင်းတွင် တောဆင်ရိုင်းအန္တရာယ်ကြောင့် သက်ကြီးရွယ်အို၊ ကလေးသူငယ်များ ဘေးလွတ်ရာသို့ တိမ်းရှောင်နေရသည်။ ၂၀၁၇ ခုနှစ် ဧပြီ ၂၂ ရက်က တောဆင်ရိုင်းအန္တရာယ်ကြောင့် ဆင်ကူးကျေးရွာ တောင်သူလယ်သမား ဦးသန်းဝင်း (၅၉)နှစ် ဆင်ရိုင်းနင်းမိ၍ သေဆုံးခဲ့သည်။ ဦးသန်းဝင်းက သားမောင်ဂါမင်း၊ မောင်ဆန်းညွန့်ဝင်းတို့နှင့်အတူ လယ်တောထဲသို့ တောလမ်းအတိုင်းသွားကြရာ တောဆင်ရိုင်း နှစ်ကောင်ကိုတွေ့သဖြင့် ခြောက်လှန့်မောင်းထုတ်စဉ် တောဆင်ရိုင်းနှစ်ကောင်က ၎င်းတို့အား လိုက်လံနင်းချေရာ ဦးသန်းဝင်းက ရှောင်ပြေးမလွတ်ဘဲ အနင်းခံရသည်။ ဦးခေါင်းပြားဒဏ်ရာ၊ ယာပေါင်ကျွဲပြဲ၊ နား၊ နှာခေါင်းသွေးထွက်ဒဏ်ရာ၊ နံရိုးများကျိုးဒဏ်ရာများဖြင့် သေဆုံးရသည်။

တောဆင်ရိုင်းများ ရန်ပြုမှုအန္တရာယ် စိုးရိမ်ရသဖြင့် သာပေါင်းမြို့နယ်ရှိ ကျေးရွာဒေသခံများ ဘေးလွတ်ရာသို့ ထပ်မံရွှေ့ပြောင်းကြရသည်။ သာပေါင်းမြို့နယ် ဆင်ကူးကျေးရွာဟောင်း၌ တောဆင်ရိုင်း ရန်ပြုမှုအန္တရာယ်ကြိုတင်ကာကွယ်ရန် ကျေးရွာမှ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ နီးစပ်ရာကျေးရွာဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရသည်။

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုရဲစခန်းပိုင် ရဲနွယ်ချောင်းတမံအနီးတွင် ၂၀၁၆ ခုနှစ် ဇူလိုင် ၂၉ ရက်က တောဆင်ရိုင်းတစ်ကောင် အဆိပ်လူးမြားဒဏ်ရာဖြင့် ရေနစ်သေဆုံးခဲ့သည်။ ဆင်၏ ဘယ်ဘက်လက်ပြင်တွင် မြားဒဏ်ရာခြောက်ချက်တွေ့ရသည်။

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံသစ်တောကြိုးဝိုင်းအတွင်း ၂၀၁၇ ဇန်နဝါရီ ၇ ရက်က တောဆင်ရိုင်းတစ်ကောင် ဥက္ကံကြိုးဝိုင်း အကွက်အမှတ် (၇၆)တွင် သေဆုံးခဲ့သည်။

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့နယ် စင့်ကင်ကျေးရွာတွင် တောဆင်ရိုင်းသုံးကောင် ဖျက်ဆီးမှုကြောင့် လူငါးဦးနှင့် ဆင်တစ်ကောင် သေဆုံးခဲ့သည်။

ငွေဆောင်မြို့နယ် သဇင်ကျေးရွာအုပ်စု ရှောက်ပင်ချောင်းကျေးရွာနှင့် ၂၃ မိုင် ကျောက်မိုင်းကျေးရွာကြား ပုသိမ်-ငွေဆောင်ကားလမ်း မိုင်တိုင် (၂၂/၄) တွင် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် ည ၁၁ နာရီက တောဆင်ရိုင်းနင်းသဖြင့် ဦးလှငွေ (၅၆)နှစ်သေဆုံးခဲ့ရသည်။

တောဆင်ရိုင်းဖမ်းဆီးရသည်မှာလည်း သေမင်းနှင့်စစ်ခင်းကြသူပမာ အသက်ဘေးနှင့် နီးစပ်လွန်းလှသည်။

**ဆင်ဖမ်းဓလေ့**

တောဆင်ရိုင်းအန္တရာယ်မှ ကြိုတင်ကာကွယ်ရန် ဆင်ဖမ်းသမားများက ဆင်ဖမ်းခြင်းရိုးရာ ဓလေ့စရိုက်ကို ယုံကြည်စွာလက်ခံကြသည်။ အောက်မားဝန်၊ အောက်မားစာရေး၊ အောက်မားတော်၊ ဆင်အစုအုပ်၊ အစီရင်၊ အမှူးအကဲ၊ ရရည်းဆင်တို့က ဆင်ရိုးရာဓလေ့ကို တိကျစွာလိုက်နာကြစမြဲဖြစ်သည်။

တောဆင်ဖမ်းခြင်းကို ဝါတွင်းကာလတွင် ရှောင်ကြဉ်ကြသည်။ ဆင်ဖမ်းထွက်ခါနီး ခေါင်းဆေးမင်္ဂလာပြုပြီး ဥတိန္နနတ်၊ နယ်မြေပိုင်နယ်ရှင်များကို ပွဲပေးကန်တော့ပြီးမှ ဆင်ဖမ်းထွက်ကြသည်။

ဆင်ဖမ်းထွက်စဉ် လက်ပန်းပေါက်မခတ်ရ။ ကျားကိုက်ထားသောအသားမစားရ။ အိုးစွပ်ခွက်စွပ် မစားရ။ ဟင်းအိုးပေါ် ယောက်မမတင်ရ။ အိုးတွင် ယောက်မတန်းလန်းစိုက်မထားရ။ ဆံပင်ဆီမလိမ်းရ။ ဝတ်စားဆင်ယင်မှုတွင် အရှက်ကို လုံခြုံအောင်ဝတ်ရသည်။ ဆင်ကိုယ်ပေါ်မှ အညစ်အကြေးမစွန့်ရ။ ရုန့်ရင်းကြမ်းတမ်းစကားမဆိုရ။ မဆဲရ။

နေအိမ်တွင်ကျန်ရှိသောမိသားစုက ဦးခေါင်းမဆေးရ။ ဆံပင်ဖားလျားမချရ။ အသုဘကို ရှောင်ကြဉ်ရမည်။ သူတစ်ပါးသားမယားကို အထူးရှောင်ကြဉ်ရမည်။ ဆင်လုပ်သားတို့က ကြမ်းတမ်းစကားမဆိုရပါ။ ခတ်ပုံမရိုက်ရ။ လင်စုံမယားစုံ မအိပ်ရ။ မင်းညီနောင်နှစ်ပါး ပူဇော်ပသရသည်။

အထက်အညာဒေသ ကသာ၊ မြစ်သာ၊ ရှမ်းပြည်နယ်ဒေသတို့တွင် လူကိုးယောက်၊ လှည်းကိုးစီး ခရီးမထွက်ရ။ အနက်ရောင်မဝတ်ရ။ တဲထိုးလျှင် လေးတိုင်စင်မဆောက်ရ။

ဆင်ဖမ်းထွက်ချိန် ဆင်ဖမ်းသမားများ အနေအထိုင်ဆင်းရဲကြသည်။ တောဆင်ရိုင်းများ ဟင်းနံ့ ထမင်းနံ့ရမည်စိုးရိမ်၍ အစားအစာကို ဖြစ်သလိုချက်ပြုတ်စားသောက်ရသည်။ တောဆင်ရိုင်း၏ အရိပ်အယောင်သဲလွန်စကို ခြေရာခံ၍ တောဆင်အုပ်ကိုတွေ့ရန် ယူဆောင်လာသော ကြက်ဖို၊ ကြက်မတစ်စုံကို အဓိဋ္ဌာန်ပြု၍ လွှတ်လိုက်ရသည်။ ကြက်နှစ်ကောင်က တွန်သံပေး၍ အောင်မြင်သောနိမိတ်ဖြင့် ပျံသွားသည်။ ကြက်နှစ်ကောင်ဆိတ်ကြ၊ ခွပ်ကြလျှင် အမွေးအတောင်ကျွတ်၍ ဒုက္ခကြုံရသည်။

တောဆင်ရိုင်းအန္တရာယ်ကင်းရန် ခတ်ကြီးလေးပါး စမကြီးဂါထာ (စ၊ ခ၊ ဗ၊ ဝ) 'ဆင်နေရာ ဆင်နေ၊ လူနေရာ လူ၊ မည်သူမျှ ဆင်နင်းလို့မသေကြပါစေနှင့်'ဟူ၍ ရေရွတ်ကြသည်။ လူသတ်ဖူးသော ဆင်ဆိုးဆင်ရိုင်းက ဆင်နှာမောင်းဖြင့် လှမ်းမီရာကို ယူငင်သတ်ကြသည်။ ဆင်နှာမောင်း၊ ဆင်တင်ပါးကို လက်ဖြင့်ပုတ်ခတ်မိခြင်း၊ အမြီးကိုကိုင်ဆွဲခြင်းမပြုရ။ ဆင်အကန်ခံရတတ်သည်။

**'စစ်ထွက်ယောက်ျား၊ မြွေသမားနှင့်၊ ရေသွားခရီး၊ ဆင်စီးတမျှ၊ စိတ်ကဘယ်ခါ၊ မချရာ'**

**(မန်လည်ဆရာတော်ဘုရားကြီး၏ မာဃဒေဝလင်္ကာသစ်)**

**ဆင်မုန်ကျခြင်း** (Musth in Elephant)

ဟင်ဒီဘာသာမှလာသော 'Musth' ဝေါဟာရသည် 'ယစ်မူးခြင်း' အနက်ဖြစ်သည်။ ဘင်္ဂလီဘာသာ 'Madha' မှဆင်းသက်သည်။ မြန်မာမှုတွင် ဆင်ဝေါဟာရအရ 'မုန်ယိုသည်'ဟူ၍ ပြောဆိုကြသည်။

ဆင်တွင် မျက်စိ၊ နားအလယ်၊ နားထင်တွင် မုန်တွင်း၊ မုန်ပေါက်ရှိသည်။ အနံ့အသက်ဆိုးရွားသည်။ ဝါညစ်ညစ်စေးပျစ်ပျစ် အဆီရည်တစ်မျိုးက နားထင်မုန်ယိုပေါက်မှ ယိုစီးထွက်သည်။ မိတ်လိုက်ချိန်၊ သားတောင်းမိတ်လိုက်ချိန်တွင် ဆင်မ၏ကိုယ်မှ အနံ့အသက်တစ်မျိုးထွက်သည်။ ဆင်ထီးက အဝေးမှအနံ့ရသည်။ ဆင်ထီးနှင့် ၃-၄ ရက် ပူးတွဲနေထိုင်ပြီးမှ ဆင်အုပ်မှဝေးရာတွင် မိတ်လိုက်ကြသည်။

ဆင်အသက် ၂၀-၂၅ နှစ်တွင် မုန်စကျသည်။ ဆင်မသည် သားတောင်းမိတ်လိုက်သောလိင်စိတ်ထက် ရန်ပြုလိုစိတ်ကပိုသည်။

ဆင်မုန်ကျချိန်တွင် တောဆင်ရိုင်းများက အန္တရာယ်ပြုတတ်ကြသည်။မုန်ကျသောဆင်က မိတ်လိုက်သည်။ 'မိတ်အစ မုန်က'ဟူ၍ ဆင်လောကတွင် ပြောစမှတ်ပြုသည်။

**ဆင်ဆိုးဓလေ့**

ဆင်ဆိုးအင်္ဂါတွင် 'ခေါင်းတဆတ်ဆတ်လှုပ်တတ်သောဆင်၊ ရှေ့ခြေနှစ်ဖက်ကို မြှောက်ချည် ချချည်ပြုလုပ်တတ်သောဆင်ကို ဆင်ဆိုးအင်္ဂါပါတည်း' ဟူ၍ ဆင်သမားများကယူဆကြသည်။ ဆင်ဝေါဟာရတွင် ခေါင်းတဆတ်ဆတ်လှုပ်သည်ကို 'ချိုးကူသည်'၊ ရှေ့လက်နှစ်ဖက်မြှောက်ချည် ချချည်လုပ်သည်ကို 'မောင်းထောင်းသည်' ဟူ၍ခေါ်သည်။ ချိုးကူ၊ မောင်းထောင်းအကျင့်ရှိသောဆင်သည် ဆင်ဦးစီးကို နင်းသတ်တတ်သည်။

**မြန်မာ့ဆင်အခြေအနေ**

မြန်မာနိုင်ငံသည် အာရှတိုက်တွင် အိန္ဒိယနိုင်ငံပြီးလျှင် ဒုတိယဆင်ကောင်ရေအများဆုံးပိုင်ဆိုင်ပြီး အိမ်မွေးဆင်မှတ်ပုံတင်ထားပြီးစာရင်းအရ ပုဂ္ဂလိကဆင် ၄၇၄၈ ကောင်ရှိကြောင်းသိရသည်။ ဆင်များကျက်စားရာဒေသ တနင်္သာရီ၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်တို့ရှိ သဘာဝတောများတွင်တွေ့ရသည်။

ဆင်ထိန်းနယ်မြေအဖြစ် ဟူးကောင်းချိုင့်ဝှမ်း၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မြောက်ဇမရီတောရိုင်းဘေးမဲ့တော၊ ရခိုင်တိရစ္ဆာန်ဘေးမဲ့တော၊ ရခိုင်ရိုးမဆင်ဘေးမဲ့တော ဧရိယာအကျယ်အဝန်း ၉၂၀၅ ဒသမ ၄၅ စတုရန်းမိုင်ရှိသည်။

တောရိပ်တောင်ရိပ်ခိုပြီး အရွယ်အစားကြီးမားသော ဆင်ရိုင်းများက အစာရေစာ ပေါများသောနေရာသို့ စားကျက်ပြောင်းရွှေ့ရာမှ လူသားနှင့်နီးစပ်သောဒေသ ကျေးရွာတောစပ်ဒေသသို့ ရောက်သွားသည်။ လယ်ယာလုပ်ငန်းခွင် တောင်ယာများတွင် စပါးမှည့်ချိန်၊ စပါးပေါ်ချိန်၊ ကြံပေါ်ချိန်၊ ငှက်ပျောသီးချိန်များတွင် တောဆင်ရိုင်းများဝင်ရောက်ကြသည်။ ဆင်များက စပါးခင်း၊ ကြံခင်း၊ ငှက်ပျောခင်းသို့ ရောက်ရာ စိုက်ခင်းပိုင်ရှင်များက ခြောက်လှန့်မောင်းထုတ်ကြရသည်။ ဆင်က မြက်၊ သစ်ခေါက်၊ သစ်ရွက်၊ မြက်မျိုးနွယ်စု စပါး၊ ကြံ၊ ဂျုံတို့ကိုစားကြသည်။ ရာသီသီးနှံပေါ်ချိန်တွင် ဆင်နှင့်လူ၊ လူနှင့်ဆင် ပဋိပက္ခ ဖြစ်ကြရစမြဲဖြစ်သည်။

ဆင်၏လမ်းလျှောက်နှုန်းက တစ်နာရီ တစ်မိုင်နှုန်း၊ တစ်ရှိန်ထိုးပြေးက တစ်နာရီ မိုင် ၃၀ ကျော်ထိ ပြေးနိုင်သည်။ တောဆင်ရိုင်းကို ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ ရခိုင်ဒေသတို့တွင်တွေ့ကြရာ ဆင် ၂၅၀၀ ခန့်ရှိသည်။

၂၀၁၀-၂၀၁၂ ခုနှစ်တွင် ဆင်သတ်ဖြတ်ခံရမှု အနည်းငယ်သာရှိရာမှ ၂၀၁၃ ခုနှစ်တွင် ဆင် ၁၅-၃၀ ကောင်၊ ၂၀၁၀-၂၀၁၆ ခုနှစ်တွင် ဆင် ၇၂ ကောင်၊ အမဲလိုက်သတ်ဖြတ်ခံရမှုကြောင့် ၆၁ ကောင်ဖြစ်သည်။

မြန်မာ့ဆင်ရိုင်းအရေအတွက်မှာ ဆင် ၂၀၀၀-၃၀၀၀ ခန့်အထိသာကျန်ရှိပြီး လွန်ခဲ့သော ၁၀ နှစ်အတွင်း ဆင်ကောင်ရေ ထက်ဝက်ခန့်လျော့ကျသွားသည်။ တိရစ္ဆာန်များကိုသတ်ဖြတ်ပြီး ခရီးသွားလုပ်ငန်း ထွန်းကားသောအိမ်နီးချင်းထိုင်းနိုင်ငံသို့ အရှင်ဖမ်းဆီးခိုးထုတ်တင်ပို့ကြသည်။ ဆင်၏ အစွယ်၊ အရေခွံ၊ ခန္ဓာကိုယ်အစိတ်အပိုင်းများ ဝယ်လိုအားများလာသောကြောင့် ဆင်အမဲလိုက်များ၏သတ်ဖြတ်မှု ဆယ်ဆထိတိုးမြင့်လာသည်။

နေရာအနှံ့တွင် ဆင်အရေခွံဆုတ်ထားသော ဆင်သေအလောင်းများတွေ့ရပြီး ဆင်အရေခွံကို တိုင်းရင်းဆေး၊ ရတနာပုတီးပြုလုပ်ကြသည်။

မျိုးသုဉ်းအန္တရာယ်ရှိသော တောရိုင်းအပင်နှင့်သတ္တဝါများ ကုန်သွယ်မှုဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက် (Convention on International Trade in Endangered Species - CITES)တွင် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ရာ ပြစ်မှုကျူးလွန်သူများကို ဥပဒေအရ ပြင်းထန်စွာအပြစ်ပေးဖို့ လိုနေသေးသည်။ ဆင်သတ်ဖြတ်မှုကို အရေးယူမည့်ဥပဒေက အားနည်းသေးသည်။ ဆင်၏အသက်ကိုကယ်တင်ရန် မြန်မာနိုင်ငံအနေဖြင့် လုပ်ငန်းများကျန်ရှိနေသေးသည်။

အမိနိုင်ငံတွင် နိစ္စဓူဝကြုံတွေ့နေရသော ဆင်ဆိုးဆင်ရိုင်း၏အန္တရာယ်ကို အသိဉာဏ်ရှိသော လူသားတို့က ဆင်ဦးစီး၊ ဆင်ထိန်း၊ ဆင်ဝန်ထမ်းများနှင့်ပူးပေါင်း၍ ဆင်အန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ဆင်ပြုစုစောင့်ရှောက်ရေးကို သိပ္ပံနည်းပညာဖြင့်ဝန်ဆောင်ကြပြီး ဆင်ဆိုးဆင်ရိုင်းတို့၏ သဘာဝရန်ငြိုးရန်စ အမုန်းတရားများကို ငြိမ်းချမ်းစွာဖြေရှင်းအနိုင်ယူကြပါစို့ . . .။

# လမ်းခွဲလိုက်ပြီဖြစ်တဲ့ လီယိုနာဒိုဒီကာပရီယိုနဲ့ နီနာအက်ဂ်ဒယ်

ဟောလိဝုဒ်ရဲ့နာမည်ကျော် မင်းသားတစ်ဦးဖြစ်တဲ့ လီယိုနာဒိုဒီကာပရီယိုဟာ လတ်တလောမှာ သူနဲ့ တစ်နှစ်ခန့်လက်တွဲလာခဲ့တဲ့ မော်ဒယ်လ်တစ်ဦးဖြစ်သူ နီနာအက်ဂ်ဒယ်နဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"The Revenant" ရုပ်ရှင်နဲ့ အနုပညာသက်တမ်းတစ်လျှောက်ပထမဆုံးသော အကယ်ဒမီဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ လီယိုနာဒိုဟာ ဒိန်းမတ်မော်ဒယ်လ်တစ်ဦးဖြစ်သူ နီနာအက်ဂ်ဒယ်နဲ့ ချစ်သူသက်တမ်းတစ်နှစ်ကျော်အကြာမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းရင်းမြစ်တစ်ဦးက ထုတ်ဖော်ပြောကြားလာခဲ့ခြင်းဖြစ်တယ်လို့လည်း သိရပါတယ်။

အဆိုပါသတင်းရင်းမြစ်က "လီယိုနာဒိုဟာ လတ်တလောမှာ သူ့ရဲ့ချစ်သူမော်ဒယ်လ်မလေးနဲ့ လမ်းခွဲလိုက်ပြီဖြစ်ပါတယ်။ သူတို့ရဲ့လမ်းခွဲခြင်းဟာလည်း နှစ်ဦးသဘောတူဆုံးဖြတ်ခဲ့ကြတာ ဖြစ်ပါတယ်။ လမ်းခွဲပြီးနောက်မှာတော့ သူတို့နှစ်ဦးဟာ မိတ်ဆွေတွေအဖြစ် ဆက်လက်ရပ်တည်နေကြမှာဖြစ်ပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

လတ်တလောမှာ အသက်(၂၅)နှစ် ရှိပြီဖြစ်တဲ့ ဗစ်တိုးရီးယားစီးကရက်ထ်မော်ဒယ်လ် နီနာနဲ့ (၄၂)နှစ်အရွယ် လီယိုနာဒိုတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း စတင်တွေ့ဆုံခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ချစ်သူတွေအဖြစ် လက်တွဲနေစဉ်ကာလအတွင်း အနုပညာအခမ်းအနားတွေရဲ့ ကော်ဇောနီပေါ်အတူ လျှောက်လှမ်းခဲ့ခြင်းမျိုးမရှိခဲ့ပါဘူး။ ဒါပေမယ့် သူတို့နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီးတော့ အများရှေ့မှာ ကွယ်ဝှက်ထားတာမျိုးမရှိဘဲ သာမန်ချစ်သူတွေလို ပေ့ါပေ့ါပါးပါးနေထိုင်လေ့ရှိတာကိုလည်း တွေ့ရပါတယ်။ လီယိုနာဒိုနဲ့ နီနာတို့နှစ်ဦးကို နောက်ဆုံးအကြိမ် အတူတွဲကာ တွေ့ခဲ့ရတာကတော့ ပြီးခဲ့တဲ့ ဧပြီလအတွင်းက ဖြစ်တယ်လို့လည်း သိရပါတယ်။

နီနာအက်ဂ်ဒယ်ဟာ လီယိုနာဒိုနဲ့ ချစ်သူတွေအဖြစ် လက်မတွဲမီက "The Wanted" တေးဂီတအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မက်ဇ်ဂျော့ဂ်ျနဲ့ လက်တွဲခဲ့ဖူးပါတယ်။ လီယိုနာဒိုဒီကာပရီယိုဟာလည်း ချစ်သူတွေများစွာနဲ့ လက်တွဲခဲ့ဖူးသူဖြစ်ပြီး သူ့ရဲ့အချစ်ဟောင်းတွေထဲမှာ ဟောလိဝုဒ်ရဲ့ နာမည်ကျော်တွေဖြစ်ကြတဲ့ "Spice Girtls" တေးဂီတအဖွဲ့ဝင် အမ်မာဘန်တန်၊ ဘရာဇီးအလှမယ် ဂျစ်စေးလ်ဘန်ချန်နဲ့ အစ္စရေးမော်ဒယ်လ် ဘားရက်ဖားလီတို့လည်း ပါဝင်နေကြောင်းလည်း သိရပါတယ်။





# 2NE1 ရှစ်နှစ်ပြည့်အထိမ်းအမှတ် ပြုလုပ်ခဲ့တဲ့ ဒါရာ





တစ်ချိန်က တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ 2NE1 ဟာ ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းမှာ အဖွဲ့လိုက်အနုပညာလှုပ်ရှားမှုတွေကို ရပ်တန့်ကာ အဖွဲ့ကို ပိတ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ ဒီလို ကြေညာခဲ့ပေမယ့်လည်း 2NE1ရဲ့ ပရိသတ်တွေနဲ့ မီဒီယာတွေက လတ်တလောမှာ ကျရောက်ခဲ့တဲ့ အဖွဲ့တည်ထောင်ခြင်း ရှစ်နှစ်ပြည့်နှစ်ပတ်လည်နေ့မှာ အမှတ်တရ ဖော်ပြမှုတွေရှိခဲ့ပြီး 2NE1 ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဒါရာကလည်း အဖွဲ့ရဲ့နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ အဖွဲ့ဝင်တွေရဲ့ ဓာတ်ပုံဟောင်းတစ်ပုံကို ဖော်ပြကာ နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

စတင်ဖွဲ့စည်းစဉ်က အဖွဲ့ဝင်လေးဦးပါဝင်တဲ့ 2NE1 ဟာ ပြီးခဲ့တဲ့ ၂၀၀၉ ခုနှစ်အတွင်း "Fire" တေးသီချင်းနဲ့ စတင်ပေါ်ထွက်လာခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ မေ ၁၇ ရက်မှာတော့ 2NE1 စတင်တည်ထောင်တာ ရှစ်နှစ်ပြည့်ခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် နှစ်ပတ်လည်နေ့မှာ ဒါရာက 2NE1 ရဲ့ ဓာတ်ပုံဟောင်းနဲ့အတူ အဖွဲ့အတွက် မေ့မရနိုင်တဲ့ အောင်မြင်မှုတွေကို စတင်သယ်ဆောင်လာပေးခဲ့တဲ့ တေးသီချင်း "Fire" ရဲ့ ဗီဒီယိုတစ်စိတ်တစ်ပိုင်းနဲ့ အခြားသော အမှတ်တရတွေကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေ တစ်ဆင့် ဖော်ပြခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

စီအယ်လ်၊ ဒါရာ၊ ပါ့ခ်ဘွန်၊ မင်ဇီစတဲ့ အဖွဲ့ဝင်လေးဦးနဲ့ စတင်တည်ထောင်ခဲ့တဲ့ 2NE1 မှာတော့ အဖွဲ့ကို ပထမဆုံးနှုတ်ဆက်သွားခဲ့သူက မင်ဇီပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဧပြီလအတွင်းမှာ မင်ဇီက တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်တော့မှာဖြစ်ကြောင်း အကြောင်းပြကာ အဖွဲ့ကို စွန့်ခွာသွားခဲ့တာဖြစ်ပါတယ်။ ကျန်ရှိတဲ့အဖွဲ့ဝင်သုံးဦးနဲ့အတူ 2NE1 ဟာ အဖွဲ့မဖျက်သိမ်းမီက ပရိသတ်တွေအတွက် နှုတ်ဆက်တေးသီချင်း "Goodbye" ကိုလည်း ထုတ်လွှင့်ပေးခဲ့ပါတယ်။ အဲဒီနောက် အေဂျင်စီနဲ့ အဖွဲ့ဝင်တွေရဲ့ စာချုပ်သက်တမ်းကုန်ခဲ့ပြီး ကျန်အဖွဲ့ဝင်တွေအနက် ပါ့ခ်ဘွန်ဟာ စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်းမရှိတော့ပါဘူး။ စီအယ်လ်နဲ့ ဒါရာတို့ကတော့ အေဂျင်စီနဲ့ တစ်ကိုယ်တော်လှုပ်ရှားမှုတွေ ပြုလုပ်ဖို့ စာချုပ်သစ်ချုပ်ဆိုခဲ့တာကြောင့် ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းမှာတော့ 2NE1 ကို တရားဝင်ဖျက်သိမ်းခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာ စီအယ်လ်က တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် တေးအယ်လ်ဘမ်သစ်တွေ ထုတ်လုပ်ခဲ့ကာ ဟောလိဝုဒ်ဂီတကြယ်ပွင့်တွေနဲ့ ပူးပေါင်းပြီး တေးသီချင်းသစ်တွေကိုလည်း ဖန်တီးခဲ့ပါတယ်။ ဒါရာကတော့ တေးသံရှင်တစ်ဦးအဖြစ် ဆက်လက်လှုပ်ရှားနေရင်းက သရုပ်ဆောင်နယ်ပယ်အတွင်း ခြေလှမ်းလာကာ အောင်မြင်တဲ့ သရုပ်ဆောင်တစ်ဦးဖြစ်လာရေး ကြိုးပမ်းနေကြောင်းလည်း သိရပါတယ်။

# ဂျယ်ဂျူကျွန်းပေါ်မှာ G-Dragon သစ်တောဖွင့်လှစ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIGBANG"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ G-Dragonရဲ့ အမည်ကို အစွဲပြုမှည့်ခေါ်ထားတဲ့ သစ်တောတစ်ခုကို တောင်ကိုရီးယားရဲ့ အထင်ကရနေရာတစ်ခုဖြစ်တဲ့ ဂျယ်ဂျူကျွန်းပေါ်မှာ ဖန်တီးခဲ့ကာ မကြာသေးမီက သစ်တောဖွင့်ပွဲအခမ်းအနားကို ပြုလုပ်ခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

G-Dragon အတွက် အမှတ်တရ ဖန်တီးပေးထားတဲ့ အဆိုပါသစ်တောကိုတော့ G-Dragon ရဲ့ ပရိသတ်တွေက ပြုလုပ်ပေးခဲ့တာဖြစ်ပြီး လိမ္မော်၊ သံပရာ၊ လီမွန်အစရှိတဲ့ သီးပင်တွေကို စုပေါင်းစိုက်ပျိုးကာ သစ်တောတစ်ခုသဖွယ် ဖန်တီးထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒါ့အပြင် သစ်တောမှာ စိုက်ပျိုးထားတဲ့သီးပင်တွေက အသီးတွေ ဆွတ်ခူးရရှိလာပါကလည်း လိုအပ်တဲ့နေရာတွေသို့ လှူဒါန်းသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

လာမယ့် ဩဂုတ် ၁၈ ရက်မှာကျရောက်မယ့် G-Dragonရဲ့ (၂၉)နှစ်ပြည့်မွေးနေ့အမီ သစ်တောကို စတင်ဖွင့်လှစ်နိုင်ဖို့ စီစဉ်ဆောင်ရွက်ခဲ့ကြတာဖြစ်ပြီး ပရိသတ်တွေနဲ့အတူ ဝင်ဆောင်မှုလုပ်ငန်းတစ်ခုတို့က ပူးပေါင်းဖန်တီးခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။

လတ်တလော ဖွင့်လှစ်ခဲ့တဲ့ သစ်တောဟာ G-Dragonရဲ့ အမည်နဲ့ ဖွင့်လှစ်ထားရှိတဲ့ ဒုတိယမြောက် သစ်တောဖြစ်ပါတယ်။ ပထမဆုံးသော သစ်တောကိုတော့ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်အတွင်းက ဆိုးလ်မှာဖွင့်လှစ်ပေးခဲ့ကြတာဖြစ်ပါတယ်။ ပထမဆုံးသော G-Dragon သစ်တောမှာတော့ သစ်ပင်ပေါင်း ၅၀ ပါဝင်ပြီး G-Dragonရဲ့ ပရိသတ်တွေဖြစ်ကြတဲ့ "Always-GD" အဖွဲ့နဲ့ "Tree Planet" တို့က ပူးပေါင်းဖန်တီးပေးခဲ့ကြတာဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

# မင်းဟိုကို တောင်ကိုရီးယားထိပ်တန်းတက္ကသိုလ်တစ်ခုက ဂုဏ်ပြု




တောင်ကိုရီးယားရဲ့ အနုပညာလောကအတွင်း တေးသံရှင်တစ်ဦးအဖြစ် စတင်ခြေချခဲ့တဲ့ မင်းဟိုဟာ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "SHINee" ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် အောင်မြင်ခဲ့ပါတယ်။ အဲဒီနောက် သရုပ်ဆောင်နယ်ပယ်ဘက်ကို ခြေလှမ်းလာခဲ့ပြီး ရုပ်သံဇာတ်လမ်းတွဲတွေမှာ ပါဝင်သရုပ်ဆောင်ခဲ့ကာ မင်းသားတစ်ဦးအဖြစ်လည်း ကျော်ကြားလာခဲ့ပါတယ်။ ဒီလို အောင်မြင်မှုတွေရလာခဲ့တဲ့ မင်းဟိုကို တောင်ကိုရီးယားရဲ့ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်တဲ့ ကွန်းကွတ်ခ်တက္ကသိုလ်က လတ်တလောမှာ ဂုဏ်ပြုဆုတစ်ဆုကို ချီးမြှင့်ပေးခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလို ဂုဏ်ပြုဆုပေးအပ်ခဲ့ရတဲ့ အကြောင်းအရင်းကတော့ ကျောင်းရဲ့ ကိုယ်စားလှယ်တစ်ဦးအဖြစ် ဆောင်ရွက်နေတဲ့ မင်းဟိုရဲ့ ကျောင်းအတွက် ပရိုမိုးရှင်းလုပ်ငန်းတွေမှာ ထောက်ပံ့မှုတွေပေးခဲ့တဲ့အတွက်ဖြစ်ကြောင်း သိရပါတယ်။ ဒါ့အပြင် မင်းဟိုရဲ့ ကျော်ကြားမှုနဲ့အတူ ကျောင်းရဲ့နာမည်လည်း တက်လာခဲ့တာကြောင့် ဂုဏ်ပြုဆုပေးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

မင်းဟိုဟာ ယင်းတက္ကသိုလ်ရဲ့ ကျောင်းသားဟောင်းတစ်ဦးလည်းဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ်အတွင်း တက္ကသိုလ်မှာ စတင်တက်ရောက်ခဲ့ခြင်းဖြစ်ကာ အနုပညာဌာနမှာ ရုပ်ရှင်မေဂျာအထူးပြုနဲ့ သင်ယူခဲ့တာဖြစ်ပါတယ်။ တက်ရောက်ခဲ့ပြီးနောက် နှစ်နှစ်အကြာမှာတော့ ဘွဲ့ရခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ကွန်းကွတ်ခ်တက္ကသိုလ်မှ တာဝန်ရှိသူတွေကလည်း မင်းဟိုရဲ့အနုပညာလှုပ်ရှားမှုတွေကြောင့် ကျောင်းရဲ့နာမည်နဲ့ ဂုဏ်သိက္ခာတက်လာရကြောင်း၊ မင်းဟိုရဲ့အနုပညာလုပ်ငန်းတွေရဲ့ အောင်မြင်မှုကြောင့်လည်း သူ့ကို ကျောင်းရဲ့ ဂုဏ်ထူးဆောင်ကိုယ်စားလှယ်တစ်ဦးအဖြစ် ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ်ကတည်းက စတင်ပြီး ခန့်အပ်ခဲ့ကြတာဖြစ်ကြောင်းလည်း သိရပါတယ်။



# ဖရူဆိုမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာန အဆောက်အအုံသစ်ဖွင့်ပွဲ ပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

**ဖရူဆို မေ ၁၉**
(The Three Millennium Development Goal Fund) ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်သုံးမျိုး ရန်ပုံငွေဖြင့် UNOPS မှ တည်ဆောက်သော ကယားပြည်နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် ဖရူဆိုမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာန အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၁၈ ရက် နံနက် ၁၀နာရီက ဖရူဆိုဆေးရုံဝင်းအတွင်းရှိ မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ပြုလုပ်သည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန(ကိုယ်စား) ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ရင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ 3MDG, Fund Management Office ၏ Senior National Advisor ဒေါက်တာ ကျော်ညွှန့်စိန်နှင့် UNOPS မှ Head of Infrastructure Unit, Mr. Yoga Nanda Baral တို့က ကျေးလက်ကျန်းမာရေးဌာန/ခွဲများ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနတို့ တည်ဆောက်ပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး 3MDG ရန်ပုံငွေဖြင့် UNOPS မှ တည်ဆောက်သော ကယားပြည်နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဖရူဆိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကောင်းမြတ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖရူဆိုမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် မိခင်နှင့်ကလေးကျန်းမာရေးဌာနအပါအဝင် လွိုင်ကော်မြို့နယ် ကွန်နားကျေးလက်ကျန်းမာရေးဌာန၊ ဒီးမော့ဆိုမြို့နယ် လွိုင်နန်းဖ ကျေးလက်ကျန်းမာရေးဌာန၊ ဘောလခဲမြို့နယ် ချိကွဲ့ကျေးလက်ကျန်းမာရေးဌာနနှင့် ဝမ်ချယ်ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဖရူဆိုမြို့နယ် ရာဇပရားကျေးလက်ကျန်းမာရေးဌာနခွဲ၊ စုစုပေါင်း ကျန်းမာရေးဌာနခြောက်ခုတို့သည် ယနေ့တစ်ပြိုင်တည်း လွှဲပြောင်းပေးအပ်ပြီး အဆိုပါကျန်းမာရေးဌာနများအား 3MDG ရန်ပုံငွေဖြင့် UNOPS အဖွဲ့မှ တာဝန်ယူ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**

# မိုင်းဆတ်၌ နဝဒေးကွန်ကရစ်တံတားသစ်ဖွင့်ပွဲ ကျင်းပ

**မိုင်းဆတ် မေ ၁၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ မယ်ဆွမ်မြောက်ရပ်ကွက်နှင့် မယ်ဆွမ်တောင်ရပ်ကွက်ကို ဆက်သွယ်ထားသည့် နဝဒေးကွန်ကရစ်တံတားသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၈ ရက် နံနက် ၈ နာရီက အဆိုပါတံတားမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်က နဝဒေးကွန်ကရစ်တံတားသစ်တည်ဆောက်မှု အခြေအနေအား ရှင်းလင်းတင်ပြပြီး မယ်ဆွမ်မြောက်ရပ်ကွက်နေ ဦးစိုင်းဟိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန အင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းကျော်အောင်တို့က တံတားသစ်ဖွင့်ပွဲ အထိမ်းအမှတ်တံဆိပ်များကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် တံတားသစ်ကို ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ပြည်နယ်ဥပဒေချုပ် ဦးထွန်းဦး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန အင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တံတားသစ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း၍ တံတားသစ်ပေါ် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခင်နဝဒေးတံတားသည် ၁၉၆၂ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ရန်ပုံငွေအရ သာမန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအဆင့်သာ ဆောင်ရွက်နိုင်သောကြောင့် ၂၀၁၅ ခုနှစ်မှစတင်၍အချိန်မရွေးပြိုကျ ပျက်စီးနိုင်တဲ့အခြေအနေ ရောက်ရှိခဲ့သဖြင့် ၂၀၁၆ ခုနှစ် ဇွန်လတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ မိုင်းဆတ်ခရီးစဉ်တွင် တင်ပြခဲ့ရာ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေမှကျပ်သိန်း ၉၅၀ ခွင့်ပြုပေးခဲ့၍ အလျား ပေ ၈၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ နဝဒေးကွန်ကရစ်တံတားသစ်ကို တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်ထံမှ သိရသည်။

**ခရိုင်ပြန်/ဆက်**



# ပဲခူးမြို့ကျိုက်သရေဆောင်မြို့တော်ခန်းမကြီး အကြီးစားပြင်ဆင်မှုပြီးစီး

**ပဲခူး မေ ၁၉**
ပဲခူးမြို့ ဟံသာဝတီရပ်ကွက်ရှိ မြို့တော်ခန်းမကြီးအား ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ်သိန်း၁၅၀၀ကျော် အကုန်ကျခံကာ အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်သည်။

အဆိုပါ ပဲခူးမြို့ကျိုက်သရေဆောင်မြို့တော်ခန်းမကြီးသည် အလျား ပေ ၁၈၀၊ အနံပေ ၈၀ တစ်ထပ်အာစီ အဆောက်အအုံဖြစ်ပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာအစည်းအဝေးပွဲများ၊ အခမ်းအနားပွဲများ၊ လူထုတွေ့ဆုံပွဲများနှင့် မင်္ဂလာပွဲများ ကျင်းပရန် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မြို့တော်ခန်းမ၏ အမိုးများနှင့် မျက်နှာကြက်များ ပေါက်ပြဲ ပျက်စီးနေခြင်းကြောင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၁၅၄၆ သိန်း ခွင့်ပြုပေးခဲ့သဖြင့် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဖေဖော်ဝါရီလ ပထမပတ်မှစတင်ပြီး ဆောင်ရွက်ခဲ့သည်။

ဒိုင်းများလဲလှယ်တပ်ဆင်ခြင်း၊ အမိုးနှင့် မျက်နှာကြက်များ အသစ်ပြန်လည်တပ်ဆင်ခြင်း၊ အဝင်အထွက်တံခါးမကြီးများ အသစ်ပြန်လည်ပြုလုပ်ခြင်း၊ အလူမီနီယမ်ပြတင်းပေါက်များ အစားထိုးတပ်ဆင်ခြင်း၊ ကြမ်းခင်းကြွေပြားတပ်ဆင်ခြင်း၊ စတိတ်စင်လိုက်ကာနှင့် နားနေခန်းတို့ပြုပြင်ခြင်း အကြီးစားပြင်ဆင်ခြင်း လုပ်ငန်းများကို ပြုလုပ်ရာ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ရေတိုက်စားမှုကာကွယ်ရန် ရေထိန်းနံရံတည်ဆောက်

**သနပ်ပင် မေ ၁၉**
ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ်အတွင်းရှိ ပဲခူး-စစ်တောင်းတူးမြောင်းတွင် မိုးရာသီကာလ၌ ရေတိုက်စားမှုကြောင့် မြေထိန်းတာပေါင်များ ပြိုကျမှုများ မဖြစ်ပေါ်စေရန်အတွက် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနက လက်ရှိရေတိုက်စားခြင်းခံနေရသော ရေကျော်ကျေးရွာအနီးတွင် ပေ ၆၅၀ အရှည်ကျောက်စီမြေထိန်းနံရံ တည်ဆောက်လျက်ရှိသည်။ အဆိုပါနေရာအပြင် ရေတိုက်စားမှုဖြစ်ပေါ်နိုင်သည့် တခြားနေရာများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

# မိုးရာသီ ရေကြီးရေလျှံမှုမဖြစ်စေရေးနှင့် မြို့သန့်ရှင်းရေး ချောင်းများနုန်းဆယ်ခြင်းလုပ်ငန်းဆောင်ရွက်

**တာချီလိတ် မေ ၁၉**
မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်မြို့ဖြစ်သည့် တာချီလိတ်မြို့တွင် မိုးရာသီကာလ ရေကြီးရေလျှံမှုမဖြစ်စေရေး မြို့တွင်းဖြတ်သန်းစီးဆင်းနေသည့် ရေချောင်းများ ရေစီးရေလာကောင်းမွန်ရေး နုန်းဆယ်ခြင်းနှင့် မြို့သန့်ရှင်းသာယာလှပရေး လမ်း၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အရှည်ပေ ၃၀၀၀၊ အကျယ် ပေ ၃၀၊ အနက် ခြောက်ပေရှိ မယ်ခေါင်ချောင်း နုန်းဆယ်ခြင်းနှင့် အရှည်ပေ ၁၅၀၊ အကျယ် ပေ ၃၀၊ အနက် ၁၀ ပေအား ချောင်းအဖြောင့် တူးခြင်းလုပ်ငန်း၊ မကာဟိုခမ်းရပ်ကွက်ရှိ ရန်ကုန်လမ်းအရှည်ပေ ၂၆၀၊ အကျယ် ပေ ၃၀၊ ဒုခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအား မေ ၁၆ ရက် နံနက်က ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်စည်ပင်သာယာရေးဌာန တောင်ကြီးမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း၊ ကျိုင်းတုံဌာနခွဲမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးထွန်းထွန်းဇော်၊ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းအောင်လင်းနှင့် အင်ဂျင်နီယာမှူး ဦးလှမျိုးတို့က လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ပျဉ်းမနားမြို့၌ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး ရေထုတ်မြောင်းများ တူးဖော်ဆယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၁၉**
နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစောညီညီထွန်းနှင့် တာဝန်ရှိသူများသည် မိုးရာသီကာလတွင် မြို့နယ်အတွင်းရှိ ပြည်သူများ ကျန်းမာရေးထိခိုက်မှု မဖြစ်ပွားစေရေးနှင့် ရေဆိုးထွက်မြောင်းများပိတ်ဆို့၍ လမ်းများ၊ အိမ်ခြံဝင်းများအတွင်း ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေးအတွက် ဆောင်းရာသီနှင့် နွေရာသီကာလများတွင် ရေဆိုးထွက် မြောင်းများ၌ ပိတ်ဆို့နေသော အမှိုက်များ၊ နုန်းများနှင့် ချုံနွယ်များအား ရှင်းလင်းတူးဖော်ဆယ်ယူခြင်းကို မေ ၁၉ ရက်တွင် စတင်ဆောင်ရွက်လျက်ရှိသည်။

မြို့တွင်းရေမြောင်းများ တူးဖော်ဆယ်ယူခြင်းလုပ်ငန်းကို မေလမှစတင်၍ အောက်တိုဘာလအထိ လစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပျဉ်းမနားမြို့တွင် အဓိက ရေဆိုးထုတ်မြောင်းကြီးများဖြစ်သည့် အလံကိုးစင် ရေဆိုးထုတ်မြောင်း၊ အုတ်တံတားလမ်းရေမြောင်းနှင့် ပါဠိကွေ့ ရေမြောင်းများကို ပထမဦးစားပေး တူးဖော်ဆယ်ယူသွားမည်ဖြစ်သည်။

စက်ယန္တရားများဖြင့် ဆယ်ယူ၍ မရသောနေရာများကို လူအင်အားကိုသုံးပြီး တူးဖော်ဆယ်ယူရကြောင်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**စိုးမိုး(ပြန်/ဆက်)**

# မြိတ်မြို့၌ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (တတိယမူကြမ်း) အပေါ် တနင်္သာရီတိုင်းဒေသကြီးရှိ ပြည်သူလူထုထံမှ အကြံဉာဏ်များရယူနိုင်ရေး အလုပ်ရုံဆွေးနွေး

**မြိတ် မေ ၁၉**

နိုင်ငံတော်၏ စားနပ်ရိက္ခာနှင့်နိုင်ငံသားတို့၏အာဟာရ ပြည့်ဝဖူလုံရေး ရေရှည်တည်တံ့ခိုင်မြဲ၍ ယှဉ်ပြိုင်နိုင်မှုစွမ်းအားမြင့်မားသောစိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းထုတ်ကုန်များတိုးတက်လာစေရေး၊ တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝအဆင့်အတန်းတိုးတက်အောင်ပံ့ပိုးပေးနိုင်ပြီး တစ်မျိုးသားလုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (တတိယမူကြမ်း) အပေါ် ပြည်သူလူထု၏ သဘောထားအကြံဉာဏ်များရယူနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၇ ရက် နံနက် ၉ နာရီ က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကမ်းနားလမ်း ပုလဲရတနာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှညွှန်ကြားရေးမှူး ဦးညွန့်ခင်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အရပ်ဘက်လူမှုရေးဆိုင်ရာအဖွဲ့အစည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းဆိုင်ရာကဏ္ဍများတွင် လုပ်ကိုင်ဆောင်ရွက်နေသူများ စုစုပေါင်း ၂၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းက မိမိတို့တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းကဏ္ဍအသီးသီးတွင် အခြေခံကောင်းများ၊ အားနည်းချက်များ၊ အားသာချက်များ၊ စိန်ခေါ်မှုများ များစွာရှိပါကြောင်း၊ ၎င်းအခြေအနေများကြားထဲမှ ဖွံ့ဖြိုးတိုးတက်ရန်ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနမှလည်း လယ်ယာကဏ္ဍမူဝါဒများကို ချမှတ်ပေးထားပြီးဖြစ်ရာ ၎င်းမူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ယင်းမူဝါဒများကို အခြေခံ၍ ပွင့်လင်းစွာ၊ လွတ်လပ်စွာဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာသူ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှညွှန်ကြားရေးမှူး ဦးညွန့်ခင်က "ဒီအလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်ကတော့ အားလုံးပေါင်းစည်းပါဝင်မှုတွေလိုအပ်တဲ့အတွက် ယခုလို ပြည်သူတွေထံက အကြံဉာဏ်များ၊ သဘောထားများ ရယူတောင်းခံခြင်းဖြစ်ပါတယ်။ တောင်သူတွေနဲ့ ကျေးလက်နေပြည်သူတွေ လူမှုဘဝအဆင့်အတန်းတိုးတက်လာဖို့ ဒီလိုတိုးတက်လာမှုတွေကတစ်ဆင့် တစ်မျိုးသားလုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေဖို့ဖြစ်ပါတယ်။ ဒီလိုမဟာဗျူဟာ(တတိယမူကြမ်း) ဖြစ်ပေါ်လာဖို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားကဏ္ဍအသီးသီးမှ ပညာရှင်တွေ တတ်သိနားလည်သူတွေက အချိန်များစွာပေးပြီး ရေးဆွဲခဲ့တာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ(တတိယမူကြမ်း)အပေါ် ပြည်သူလူထုထံမှ သဘောထားအကြံဉာဏ်များရယူနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၇ ခုနှစ်မေလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကျင်းပသွားမည်ဖြစ်ပြီး ၎င်းဆွေးနွေးပွဲများမှ ရရှိလာသည့် ပြည်သူလူထု၏ သဘောထား၊ အကြံဉာဏ်များကိုထည့်သွင်း၍ (စတုတ္ထ-မူကြမ်း) ကို ဆက်လက်ရေးဆွဲသွားမည်ဖြစ်ကြောင်း၊ ၎င်း မဟာဗျူဟာအပေါ် အခြေခံ၍ သက္ကရာဇ် ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံသည် စားနပ်ရိက္ခာနှင့် အာဟာရ ပြည့်ဝဖူလုံပြီး အထွက်နှုန်းမြင့်မား၍ ရာသီဥတုဒဏ်ခံနိုင်သော စိုက်ပျိုးရေးကဏ္ဍမှ ကမ္ဘာ့ဈေးကွက်ကို ယှဉ်ပြိုင်နိုင်ကာ ကျေးလက်နေ လုပ်ကွက်ငယ်တောင်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူး ဦးညွန့်ခင်က ပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာသူ မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာနေဦးလှစိုးက "ဒီလိုမျိုး ဆွေးနွေးပွဲတွေ အောက်ခြေအထိ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာနိုင်အောင် ဆောင်ရွက်ပေးတာ ကျေနပ်ဝမ်းမြောက်ပါတယ်။ ကျွန်တော်တို့လို အခြေခံကျတဲ့စိုက်ပျိုးမွေးမြူသူတောင်သူတွေ လိုအပ်ချက်တွေ၊ ဒေသရဲ့အခြေခံအခြေအနေတွေအပေါ် မူတည်တဲ့ အားနည်းချက်၊ အားသာချက်တွေကို ဆွေးနွေးခွင့်ရတဲ့အတွက် ဒီအချက်အလက်တွေ ပြဿနာတွေကို မဟာဗျူဟာထဲဖြေရှင်းနိုင်မယ့်နည်းလမ်းတွေအဖြစ် ရောက်ရှိသွားမယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာရေးဆိုင်ရာလုပ်ငန်းညှိနှိုင်း

**တောင်ကြီး မေ ၁၉**

ရှမ်းပြည်နယ်ပညာရေးဌာန ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းပွဲကို မေ ၁၈ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဒေါ်ခင်သိန်းခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။



ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုသည့်ဆိုရိုးစကားအတိုင်း စည်းကမ်းလိုက်နာ နေထိုင်တတ်အောင် ကျောင်းများက စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးရမှာဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပြီး ပညာပေးဟောပြောမှုကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန်၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ရှမ်းပြည်နယ် မူလတန်းအဆင့် သင်ကျောင်းသား ၄၀၄၂၂၆ ဦးအတွက် ကျပ်သန်း ၄၀ ဒသမ ၁၉၉ သန်း တန်ဖိုးရှိ ဗလာစာအုပ်ဒါဇင်ပေါင်း ၂၀၂၀၀၀ ကို အခမဲ့အဖြစ် ကျောင်းဖွင့်ချိန်အမီ ကျောင်းသား၊ ကျောင်းသူများလက်ထဲသို့ အပြည့်အဝရောက်ရှိရန် တာဝန်ရှိသူအဆင့်ဆင့်က ကြိုတင်စီမံဆောင်ရွက်ပေးရန် ပြောကြားခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ်ပညာရေးမှူး ဦးမြင့်အောင်နှင့် တွဲဖက်ပြည်နယ်ပညာရေးမှူးများက ပညာရေးကိစ္စရပ်များ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## စတုတ္ထအကြိမ်မြောက် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**တိုက်ကြီး မေ ၁၉**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက် အောင်သာကုန်းတောရဘုန်းတော်ကြီးကျောင်း၌ စတုတ္ထအကြိမ်မြောက် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲကို မေလ ဒုတိယပတ်ကကျင်းပရာ ဆရာတော်ဒေါက်တာ ဘဒ္ဒန္တပညာဝံသနှင့် အလှူရှင်များက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## သထုံမြို့နယ်တွင် သဘာဝဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**သထုံ မေ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းကို မေ ၁၇ ရက်နှင့် ၁၈ ရက်က မွန်ပြည်နယ် သထုံမြို့နယ် ဒုံဝန်းကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ထိုသို့လေ့ကျင့်ရာတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ သဘာဝဘေးစေတနာ့ဝန်ထမ်းလူငယ်များ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များနှင့် ကျေးရွာသူ၊ ကျေးရွာသား ၃၀၀ ခန့်တို့က သဘာဝဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းအစီအစဉ်များအတိုင်း တပျော်တပါးစုပေါင်းလေ့ကျင့်ကြသည်။

**နိုင်ဇော်ဗိုလ်**



r*vmawmifheRU,Alwfifa&mifvrEStr ,muvfvrfaxmif &SEÅ ,fmifufuD;rdU,fnfifb ,mrSr 17&uf uckwkifSvifchumifofonf aumfpH

## မြို့နယ်လုံးကျွတ် မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ပွဲနှင့် ဂုဏ်ပြုဆုပေးပွဲကျင်းပ

**တနိုင်း မေ ၁၉**

တနိုင်းမြို့နယ် မြို့နယ်လုံးကျွတ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းသုံးသပ်ဆွေးနွေးပွဲကို မေ ၁၉ ရက် နံနက် ၉ နာရီက တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြို့နယ် မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလှိုင်က မြို့နယ်အတွင်း ကျေးရွာအလိုက် ဘဏ္ဍာရေးနှစ်များတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သဖြင့် ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ၊ သက်မွေးပညာဖြင့် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများနှင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကာ မြစိမ်းရောင်ကျေးရွာ ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက ဂုဏ်ပြုဆုရရှိသည့် မြစိမ်းရောင်စီမံကိန်းကျေးရွာများဖြစ်သည့် တိန်ကောက်ကျေးရွာ၊ နန့်ဖြတ်ကျေးရွာ၊ ကောင်ရာကျေးရွာနှင့် တရုံကျေးရွာတို့အား ဂုဏ်ပြုအမှတ်တရလက်ဆောင်များနှင့် မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

တနိုင်းမြို့နယ်အတွင်း မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာလေးရွာအား လေးယူနစ်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၁၄ ရွာအား ၁၂ ယူနစ်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာတစ်ရွာအား တစ်ယူနစ်တို့ဖြင့် ယနေ့အထိ ကျေးရွာ ၁၉ ရွာအား ၁၇ ယူနစ်ဖြင့် တစ်ယူနစ်လျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာ ၁၉ ရွာအတွက် ငွေကျပ်သိန်းပေါင်း ၅၁၀၀ အား အရင်းမပျောက်မတည်ရန်ပုံငွေအဖြစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ချေးငွေထုတ်ပေးနိုင်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**


City Mart Supermarket
back to school specials
ခုံ လင် ရွေး ချယ် ကျောင်း သွား မယ်
18th May ~ 07th June
PILOT
ZEBRA SARASA
Gel Pen
DOMS
Neon Pencil 12's
1250 ks
1100
PENCIL CASE
Ks. 3500
MAGNETIC
Pencil Case
Ks. 3000
STATIONARY SET
Ks. 2000
TOP CHOICE
Exercise Book/ Double Line
Ks. 2400
ZEBRA
Food Carrier
10450 ~ 15300
ZOJIRUSHI
Vacuum Flask
25200 ~ 31500
ZOJIRUSHI
Child School Shirt & Blouse
4000 ~ 4500
Child School Back Pack
16500 ~ 21500
LOCK & LOCK
Lunch Box Set with Bag
17500 ks
14900
LOCK & LOCK
Food Box Rectangle/Square
2200 ~ 4500
LOCK & LOCK
Water Bottle
2050 ~ 8150
LOCK & LOCK
Hero Vacuum Bottle
22100 ~ 23450
Child School Pants & Skirt
3000 ~ 4000
Child Sandal Boy
3500 ks
3000
Back to School Special Items များထဲမှ Ks.20,000 ဖိုးနှင့် အထက် ဝယ်ယူသူတိုင်း
School Snack Fair ပစ္စည်းများကို ဝယ်ယူနိုင်မည့် Gift Voucher Ks.1,000 တန်ကို လက်ဆောင်ရရှိမည်ဖြစ်ပါသည်။
City Mart
School SNACK Fair
GERY
Cheese Crackers
1650 ks
1500
LOACKER
Crispy Wafer
45g
1050 ks
950
JULIE'S
Sandwich Biscuits
Ks. 1650
TOP
Cashew Brittle
Ks. 4900
CADBURY
Ks. 3350 ~ 3650
OREO
Double Delight
2150 ks
1900
LOTTE PEPERO
Biscuit Stick
36g
850 ks
700
TIPO
Cookies Egg Cream
22's 220g
1950 ks
1750
DUTCH LADY
Ks. 1750
OVALTINE
Malted Milk Hi-Calcium
Ks. 1900
CHOKCHAI FARM
1750 ~ 2000
NESTLE MILO
UHT Drink
4's x 180ml
Ks. 1700

ကြော်ငြာ








# PHILLIP'S SCHOOL

**IGCSE (Edexcel/CIE)**

English, Mathematics, Physics, Chemistry တို့ကို Course Books+Old Questions တို့ဖြင့် လေ့ကျင့် သင်ကြားပေးသည်။

**English Language**

- Four Skills English(Intermediate)
- Grammar & Essay-Letter Writing (၁၀တန်း/၁၀တန်းအောင်)
- Teachers' Training

အမှတ်(၂၉၃/ဘီ)၊ (၅)လွှာ၊ လမ်း(၄၀)အထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph- 09 430 433 49, 09 790 955 676

# Y.E.S. International English Language Centre

Since 1994

ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊ အောင်မြင်ပြီးသူများ နှင့် အပြင်ပ သူများအတွက်

| | |
|---|---|
| Sat & Sun - 12:30 -3:30pm | 20 May |
| Mon to Thurs -7:30-9:30am | 22 May |
| Mon to Thurs - 1:00-3:00pm | 22 May |
| Mon to Thurs - 5:30-7:00pm | 22 May |
| Mon to Thurs -7:30-9:30 am | 29 May |
| Mon to Thurs -10:00-12:00am | 29 May |
| Mon to Thurs-10:30-12:30 am | 8 May |
| Mon to Thurs-1:00-3:00pm | 15 May |
| Mon to Thurs - 5:30-7:00pm | 29 May |
| Mon to Thurs-1:00-3:00pm | 15 May |
| Mon to Thurs-1:00-2:30pm | 22 May |
| Mon to Thurs - 1:00-3:00pm | 15 May |
| Sat & Sun - 9:00-12:00am | 20 May |
| Sat & Sun - 3:30-6:30 pm | 27 May |
| Mon to Thurs - 10:30 - 12:30am | 15 May |
| Mon to Thurs 5:30 to 7pm | 15 May |
| Sat&Sun 10:30 to12:30am | 13 May |
| Sat&Sun 1:00to3:30pm | 13 May |
| Sat & Sun - 5:00 - 7:00 pm | 13 May |

# Earn & Learn
## to an International Degree

[illegible]

LITHAN DIGITAL SKILLS ACCELERATOR

GLOBAL PHOENIX
အဆင့်မြင့် လုံချည်အိမ်များ ကွန်ဒိုခန်းများကို ငှားလိုသော နိုင်ငံခြားသား ဧည့်သည်များ ရှိနေပါသဖြင့် အိမ်ပိုင်ရှင်များ အမြန်ဆုံး ဆက်သွယ်ပေးပါ။

၁၀ ပြီးနယ်
အရှေ့ပိုင်း/ မြောက်ပိုင်း တောင်ပိုင်း ဆိပ်ကမ်း မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။

အောင်ချမ်းသာ
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
DYNA 14',16'
09 43182828
09 73140091
09 5037847

မင်္ဂလာပါ

ကြည်စိုး စာအုပ်များ I.C
09 510 4041
Book Street နှင့် သင်တန်းကျောင်းများမှာဝယ်ပါ။


## အများသိစေရန်အသိပေးကြေညာချက်

ဒေါ်အေးအေးမော်(ဘ)ဦးထွန်းထွန်း[၁၂/မဂတ(နိုင်)၀၀၁၁၂၈]မှ ဒေါ်ခင်မာမာ(ဘ)ဦးသောင်းမြိုင်[၁၂/မဂတ(နိုင်)၁၃၃၆၃၁]သို့ ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ၂၆-၇-၂၀၁၆ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၆၉၈၃/၂၀၁၆ အား လွှဲအပ်ပေးခဲ့ပါသည်။ ဖော်ပြပါကိုယ်စားလှယ်လွှဲစာအား အသုံးပြု၍ မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်ခြင်းမပြုပါရန်နှင့် ဆောင်ရွက်ပါက ဒေါ်ခင်မာမာ၏ တာဝန်သာဖြစ်ကြောင်းနှင့် ၎င်းအထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းလိုက်ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမော်[၁၂/မဂတ(နိုင်)၀၀၁၁၂၈]**
**အမှတ်(၄၄)၊ ၇လွှာ(က)၊ သမိန်ဗရမ်းလမ်း၊ ငွေကြွယ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးမောင်ကြီးလမ်း၊ အမှတ်(၁၅၄၄)၊ အကျယ်အဝန်း ပေ(၄၀×၆၀)၊ ဧရိယာ(၀. ၀၅၅)ဧကရှိ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ဖြူဖြူခင်[၉/စကတ(နိုင်)၀၀၅၂၄၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက် အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသူ**
**LL.B,DBL,WIPO**
**အထက်တန်းရှေ့နေ(စဉ်-၁၁၅၇၇)**
**အမှတ်(၁၆/က)၊ အခန်း(၂)၊ မြေညီထပ်၊ မကြီးကြီးလမ်း၊**
**မုန့်လုပ်ဆောင်းကုန်း(တောင်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၁၅၇၀၂၆၊ ၀၁-၅၀၀၂၁၉**

## " ကန့်ကွက်နိုင်ကြောင်းအများသိနိုင်စေရန် ကြေညာခြင်း "

[illegible]

ဦးအောင်ကျော်
LL.B.,B.A(Business Law),C.B.L.
DL.101 WIPO(Switzerland)

ဒေါ်မေခင်အောင် (LL.B)

Ph : 09 - 8610513, 09 - 250729155, 09 - 450976599




ကြော်ငြာ


THUWUNNA LEARNING CENTRE

TLC ကိုယ်ပိုင်မူလတန်းကျောင်း

Preschool

Special English for Young Learners

Summit International Learning Centre

No.91, Upper Kyeemyindine Road, Kyeemyindine Tsp, Yangon, Myanmar.

Ph:01-9317321, 0973150347 , 09450066812

International Standard Curriculum !

1.Pre-School (Age: 2 – 6 yrs) Mon–Fri 8:00 am–3:00 pm

Little Hands, Curious Minds, Big Imaginations!!


2.Special Programme for Busy Moms!

TODDLERS Age:1–2 yrs

Earlier?? Mon – Fri 8:00 am – 3:00 pm Later?

Weekend English 4-skills Classes (June ~ Feb)

(young learners Courses from the british Council!!!)



Summit ကိုယ်ပိုင်အလယ်တန်းကျောင်း

သင်္ချာနှင့်သိပ္ပံ ဘာသာရပ်များ သင်ကြားပေးရေး ဆရာ/ဆရာမများအား ဝန်ထမ်းအဖြစ်ခန့်ထားလိုပါသည်

- မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ရ
- အသက် ၃၀ မှ ၅၀ နှစ်အတွင်း
- ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသူ

* တွဲဖက်ဆရာမများ
- ဝိဇ္ဇာ/သိပ္ပံဘွဲ့ရ
- အသက် ၂၅ မှ ၄၀ နှစ်အတွင်း

ဦးနှင်းဦး(ထားဝယ်)

ထိပ်တန်း


# ဝန်ထမ်းများအလိုရှိသည်

၁။ လုံခြုံရေး ကျား(၂၀)ဦး

အသက်(၅၅)နှစ်၊ အခြေခံပညာအလယ်တန်းအဆင့်၊ အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန်အနည်းဆုံးပေါင်(၁၀၀)ရှိရမည်။ ကျန်းမာရေးကောင်းမွန်၍ အကျင့်စာရိတ္တကောင်းမွန်ရမည်။ သွက်လက်မှုရှိရမည်။

၂။ သန့်ရှင်းရေး မ(၁၀)ဦး

ကျန်းမာရေးကောင်းမွန်၍ အကျင့်စာရိတ္တကောင်းမွန်ရမည်။ သွက်လက်မှုရှိရမည်။

၃။ အရောင်းဝန်ထမ်း မ(၅၀)ဦး

အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။ အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။ ကျန်းမာရေးကောင်းမွန်၍ အကျင့်စာရိတ္တကောင်းမွန်ရမည်။ ဈေးရောင်းခြင်းလုပ်ငန်းကို စိတ်ဝင်စား၍ အများနှင့်ဆက်ဆံရေးဝါသနာပါသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ပညာရေးထောက်ခံချက်၊ ဓာတ်ပုံ(၁)ပုံတို့နှင့်အတူ ဂမုန်းပွင့်ကုမ္ပဏီလီမိတက်၊ အမှတ်(၂၄၅)၊ ဗားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်းနံပါတ်-၀၁-၅၁၆၅၃၃-၅သို့ (၂)ပတ်အတွင်း လျှောက်လွှာများ ပေးပို့လျှောက်ထားနိုင်ပါသည်။


## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Honda Fit Shuttle hyb 2011,Smart selection GP2,Gray Colour (1300 cc),Smart Key, (185) သိန်း။ BGO-2N.......

Ph:09-448012251,09-799716395

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

TOWARDS THE ENLIGHTENMENT

ZMA

Residential Private School

Insein , Yangon










Authorised Distributor in Myanmar
Sojitz Sunrise Automobile Co., Ltd.
No. 19, Baho Road, Sanchaung Township, Yangon, Myanmar.
Tel : +95-1-2304801, Fax : +95-1-2304802

www.Dongfeng-Myanmar.com

DFM-Myanmar

ဦးကျော်သူရ၊ ဒေါ်နွယ်နွယ်ရှိန် စီမံအုပ်ချုပ်သော
ကံ့ကော်မြေ ပညာ့ရိပ်သာ
၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ တန်းခွဲများ
၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။
၁။ မြန်မာစာ Dr မောင်မောင်ဦး
၂။ အင်္ဂလိပ်စာ Dr နွေဦးမွန်
၃။ သချာ ဆရာကြီး ဦးထက်အောင်
၄။ ဓာတုဗေဒ ဆရာမဒေါ်ယဉ်ယဉ်အောင်
၅။ ရူပဗေဒ Dr မောင်မောင်တင်၊ Dr နှင်းသီတာငြိမ်း
၆။ ဇီဝဗေဒ Dr USA
၅၊ ၆၊ ၇ - (၁၀) ဦး
၈၊ ၉ - (၁၅) ဦး
၁၀ - (၂၅) ဦး
ငြိမ်းအမှတ်(၆၈)၊ အောင်သပြေလမ်း ကျွန်းတောရပ်ကွက်(လယ်)စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
(အ.ထ.က(၂)စမ်းချောင်းအနီး)။ ဖုန်း-၀၉ ၇၃၂၀၉၇၂၂၂၀၉ ၅၁၉၅၆၄၅၊ ၀၁၅၀၁၀၁၇

ကားငှားလိုသူများသည်။
AC-Express(45,33,25), (14)Seat, Hice (9-7 Seat),
Alphard, Crown, Mark II
Ph: 09-252522200, 09-33345545, 09-5089800

Condo iSrnf
(r*vmawmifie,f(17)oef;
1700 sq.ft, tcef;3cef;
jyifqifNyD
Ph:09-254004938
09-263461426

ဘာဂျာတံခါး
PH: 09-799113344

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI Level I+II & III စာရင်းကိုင် သင်တန်းများ
ခုံနံပါတ်ယူထားနိုင်ပြီ။ June - 17 (Sat) ဖွင့်မည်။
LCCI
(၂၅)နှစ်ကျော်အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တတိယထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
- 09 -776349905, 978578325, 01-371741, 240824

အကောင်းဆုံး သင်ကြားပြသမှုကို ဝန်ဆောင်မှုပေးမည်
N-3
သင်ကြားတည်ဆောက်ခွင့်လုပ်သော
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့်
အဆင့်မြင့်ထူးချွန်ရေးစခန်း
၅ တန်း မှ ၁၀ တန်း အထိ
အမှတ်(၁၃၄)လွတ်လပ်ရေးလမ်းသုဝဏ္ဏဈေးအနီးသင်္ဃန်းကျွန်းမြို့နယ်။
Ph: 01-577874, 09-73180267, 09-421167047, 09-420046938




ရွှေနှင်းဆီ
Ph: 09-425308777, 09-770639155, 09-261111545

ခရီးသည်၊ သယ်ယူပို့ဆောင်ရေး
ခရုသင်း၊ သမင်မြို့
အမှတ် (၂၂၅)၊ (၃)ထပ်၊ ၇၂လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၁







ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

STI MYANMAR UNIVERSITY

in partnership with University of Bedfordshire

STI MYANMAR UNIVERSITY

# Public Forum on Education

STI Myanmar University မှ ကြီးမှူးကျင်းပမည့် ပြည်သူ့ကျန်းမာရေး ပြုပြင်ပြောင်းလဲရေး၊ မြို့ပြတည်ဆောက်ရေး၊ ယနေ့ခေတ် ပညာရေးကဏ္ဍ သင်ကြားမှု၏ နည်းစနစ်များ၊ တိုးတက်ပြောင်းလဲလာသော နည်းပညာနှင့် ၂၁ရာစု ဈေးကွက်ထိုးဖောက်မှု၏ အခန်းကဏ္ဍတို့အား ပြည်တွင်းပြည်ပ ပညာရှင်များမှ ဦးဆောင်ဆွေးနွေးမည် ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ စာရင်းပေးသွင်း၍ တက်ရောက်နိုင်ပါသည်။

27th May 2017 ( Saturday ) | 9 AM ~ 12:30 PM | Block(10), STIMU MICT Park, Yangon

## PANELISTS & TOPICS

**"Role of Sustainable Construction Engineering in Urbanization"**
Dr David Jazani (Senior Lecturer in Building Technologies & Construction, University of Bedfordshire, U.K.)

**"Rise Of The Machines: The emerging side of technology & the role of marketing in the 21st century"**
Mr. Neel Chaurasia (Visiting Lecturer, STI MU)

**"Role of Health Sector Reform – Decentralization: Global Context"**
Dr .Krishna Regmi (Principal Lecturer in Public Health; Public Health Portfolio Lead, University of Bedfordshire, U.K.)

**"Role and Improtance of English as an International Language"**
Mrs. Aileen Prendergast (Lecturer, Faculty of Education & Linguistics, STIMU)

**Keynote Speakers :**

**Dr Thein Dan**, Rector (Rtd), Mandalay Technological University, Dean, Faculty of Engineering, STI MU

**Dr Daw Hla Myint**, Emeritas Professor, Consultant, Faculty of Business, STI MU

**Daw Khin Aye Win**, Managing Director, STI Myanmar University

Please RSVP to stiedu@gmail.com (or) 01-507151, 507152

Block - 10, MICT Park, Hlaing University Campus, Hlaing Township, Yangon.


PREMIER
COFFEE
သိန်း (1000)
(၂)ထပ်ကွမ်းငွေလမ်းကံစမ်းမဲ အစီအစဉ်အနေနဲ့
ငွေကျပ်သိန်း(၁၀၀)ဆု(၂၀)ဆု
ကံထူးရှင်ရွေးချယ်ပွဲကို
(၂၀၁၇)ဇွန်လ အကုန်တွင်
မဲနှိုက်ရွေးချယ်ပေးသွားပါမည်။
31
MAY
ပရီမီယာ ချစ်သူများအတွက် (၂)ထပ်ကွမ်းငွေလမ်းကံစမ်းမဲအစီအစဉ်ကို
မေလအကုန်အထိ တိုးမြှင့်လိုက်ပါပြီ...


PREMIER
COFFEE
ဒေါ်အေးအေးမာ
၉/မနမ(နိုင်)၀၂၅၁၈၈
သင်ပန်းကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။
အထူးဆုကြီး
ငွေကျပ် သိန်း(1000)
ကံထူးရှင်
ပေါ်ထွက်လာပါပြီ




GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ရွှေတောင် (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

ရွှေလမ်းညွှန်
ဘားအံ၊ မြဝတီ၊ ပဲခူး
58000 Ks

CAR RENTAL
ALPHARD, HIACE
09 25 358 2510

ကားငှားမည်
Alphard, Hiace
Ph: 09795549249, 09541816
09-795546884

09-421117007, 09-970282930

Mdy
2011 Model Honda Fit
09450030589, 09319035545

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

အမှတ် ၅၀၄၊ ၄လွှာ၊ တိုက်အမှတ် ၁၆၊ မြန်မာ အိုင်စီတီဝင်း၊ လှိုင်တက္ကသိုလ် နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာတွင် ရုံးချုပ်တည်ရှိသော **BIT Co., Ltd.,** ကုမ္ပဏီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီဖြစ်ပြီး အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား တစ်ဦးတည်းမူပိုင်သုံးစွဲခွင့်ရရှိထားသည့် ကုန်အမှတ် တံဆိပ်ပိုင်ရှင် ဖြစ်ပါသည်။

Frozen Keyboard

(မှတ်ပုံတင်အမှတ် ၄/၃၈၄၃/၂၀၁၇) (၂၀၁၇ခုနှစ်၊ မတ်လ၊ ၂၂ ရက်)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ဖြင့် အသုံးပြုသောပစ္စည်းများမှာ- "ကွန်ပျူတာကီးဘုတ်၊ မိုဘိုင်းဖုန်းများအတွက် ကီးဘုတ်၊ မိုဘိုင်းဖုန်းများအပါအဝင် လျှပ်စစ်သုံးပစ္စည်းများအတွက် အသုံးပြုသူနှင့် ကြားခံချိတ်ဆက်ပေးသည့် ကီးဘုတ်များ၊ မိုဘိုင်းဖုန်းများအတွက် ကူးယူနိုင်သောအသုံးချဆော့ဖ်ဝဲလ်များ။" (အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်းအမျိုးအစား ၉)တွင် အသုံးပြုလျက်ရှိကြောင်းမှတ်ပုံတင် ထားရှိပြီး ဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါကုန်အမှတ်တံဆိပ်အား ဆင်တူယိုးမှားပြုလုပ်ခြင်း၊ မရိုးမဖြောင့်သောသဘောအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန်ပြုလုပ်ခြင်းနှင့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက် မရှိဘဲ သုံးစွဲခြင်းများတွေ့ရှိပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

**BIT Co., Ltd.** ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးမိုးမင်းသူ (LL.B, LL.M, M.Res)
အထက်တန်းရှေ့နေ (စဉ်-၂၃၇၇၉)
အခန်း ၅၀၅၊ ငါးလွှာ၊ လမ်းညွှန်ဝန်းပလာဇာ၊ အမှတ် ၃၇၊ အလုံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း +၉၅၁၁၂၂၂၇၅၂
Email: myanmar@rouse.com
နေ့စွဲ ။ ။ ၂၀ ရက်၊ မေလ၊ ၂၀၁၇ခုနှစ်။

Since 1996
Home
ပါကေး အစားထိုး ကြမ်းခင်း
Promotion
Shelf
Grade A,B,C,D
HOTLINE 09-79 700 70 71
09-79 700 70 81

Chan Thar Aung
Real Estate
09-5030138, 09-795663667

Topagri Myanmar Co.,Ltd မှ တင်သွင်းဖြန့်ချိနေသော ပိုးသတ်ဆေး (၂)မျိုးအား Gode Kyoe Doctor 40EC (ဂုတ်ကျိုးဒေါက်တာ ၄၀အီစီ)၊ Daung Bayin 11 EW (ဒေါင်းဘုရင် ၁၁ အီးဒဗလျူ) အမည်သို့ ပြောင်းလဲသတ်မှတ်မည်ဖြစ်ပါ၍ အမည်တိုက်ဆိုင်မှုရှိပါက မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာနသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
Topagri Myanmar Co.,Ltd ဖုန်း-၀၉-၄၄၈၀၀၄၅၁၂၂

Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

BOSS
Laminate Flooring
100%

PPAM PROFESSIONAL PHOTOGRAPHERS ASSOCIATION OF MYANMAR

HTUN NAY WUN

MACHINERY PHOTO CONTEST 2017

Professional Photographers Association of Myanmar နှင့် Htun Nay Wun Thitsar Co., Ltd. တို့ပူးပေါင်းစီစဉ်ကျင်းပသည့် ဆုကြေးအများဆုံးဓာတ်ပုံပြိုင်ပွဲ

"HTUN NAY WUN" MACHINERY PHOTO CONTEST 2017

ပထမဆု - ကျပ် ၃၅ သိန်း၊ ဒုတိယဆု - ကျပ် ၂၅ သိန်း၊ တတိယဆု - ၁၅ သိန်း၊ နှစ်သိမ့်ဆု (၉) ဆု၊ တစ်ဆုလျှင် ကျပ် - ၅ သိန်းနှင့်
ကုမ္ပဏီအကြိုက်ဆု (အကန့်အ သတ်မရှိ) တစ်ဆုလျှင် ကျပ် - ၁ သိန်း၊ ပရိသတ်အကြိုက်ဆု ကျပ် - ၃ သိန်း ပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ဆုရဓာတ်ပုံများကို Htun Nay Wun Thitsar Co., Ltd. ၏ ကြော်ငြာလုပ်ငန်းများတွင် အသုံးပြုမည်ဖြစ်ပါသည်။ ကုမ္ပဏီအကြိုက်ဆုရွေးချယ်ထားသည့် ဓာတ်ပုံများကို Company Website နှင့် Pamphlet များတွင် အသုံးပြုမည်ဖြစ်ပြီး (အကယ်၍ပြက္ခဒိန် နှင့် Billboard များတွင် အသုံးပြုမည်ဆိုပါက တစ်ပုံလျှင် ကျပ် ၃ သိန်း ထပ်မံချီးမြှင့်ပေးပါမည်။)

- ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် ကုမ္ပဏီအကြိုက်ဆု အကန့်အသတ်မရှိ ဝင်ရောက်ရှိသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို photocontest2017@htunnaywun.com.mm သို့ JPG format ဖြင့် ပေးပို့ရမည်။ ပြိုင်ပွဲဝင်တစ်ဦးလျှင် စုစုပေါင်း (၁၀) ပုံ အထိ တင်သွင်းယှဉ်ပြိုင်နိုင်သည်။
- ရိုက်ကူးတင်ဆက်ရမည့် အသေးစိတ်စည်းကမ်းချက်များနှင့် နမူနာဓာတ်ပုံများကို PPAM ၏ Facebook Page နှင့် Htun Nay Wun Thitsar Co., Ltd. ၏ Facebook Page များတွင် အသေးစိတ် ဖော်ပြပေးမည်ဖြစ်သည်။
- ပြိုင်ပွဲဝင်ဓာတ်ပုံများကို ... Final out image (tiff file or psd file နှင့် Raw file) ...

PROFESSIONAL PHOTOGRAPHERS ASSOCIATION OF MYANMAR [PPAM]
HTUN NAY WUN THITSAR CO., LTD.

HYUNDAI Official Partner

HYUNDAI MOTOR မှ အရောင်းကိုယ်စားလှယ်များဖိတ်ခေါ်ခြင်း

Hyundai Motor ၏ မြန်မာနိုင်ငံတွင် တရားဝင်ဖြန့်ဖြူးရောင်းချလျက်ရှိသော International KLM Group မှ Hyundai Motor အရောင်းကိုယ်စားလှယ်များ ရှာဖွေလျက်ရှိပါသည်။ Hyundai Motor သည် ကမ္ဘာ့အကြီးဆုံး မော်တော်ကားဈေးကွက်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် နံပါတ် (၅) နေရာမှာ ရပ်တည်လျက်ရှိပြီး International KLM Co.,Ltd သည်လည်း မြန်မာနိုင်ငံတွင် ၄ နှစ်ဆက်တိုက် အောင်မြင်မှုရရှိလျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ Hyundai Motor တွင် Product Line-up အပြည့်အစုံဖြစ်သော Hatchback, Saloon, SUV, Mini Bus နှင့် Light Truck ကားများကို ရောင်းချလျက်ရှိပါသည်။

HYUNDAI MOTOR LINE-UP




OFFICIAL DEALER REQUIREMENT

- Brand New Car Dealer လုပ်ငန်းတွင်စိတ်ဝင်စားမှုရှိသူဖြစ်ရမည်။
- ဝယ်ယူသူများ ရောက်ရှိနိုင်သည့် မြို့များ
- ပုသိမ်
- ပါရမီ (ပြည်)
- မှန် (မော်လမြိုင်)

အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရန်
ဒေါ် ... 09 2500 100 10
ဦး ... 09 4210 795 71
ဦး ... 09 4217 427 18

Yangon : No. 2/6, 2 Quarter, Corner of Insein Rd & Thamine Station Rd, Mayangone Township, Yangon, Myanmar.
Showroom : (01) 522 723, 09 42 100 2051 Service Center : (01) 522 724
Mandalay : No.10, 40th Street, Between 78th & 79th Street, Maha Aung Myay Township, Mandalay, Myanmar.
Office : 09 2531 51970, 09 40 2591 885 Service Center : 09 4500 60009 (Mandalay Star)
www.hyundaimotor.com.mm
info@hyundaimotor.com.mm
www.facebook.com/hyundaimm

FMI လိုင်းသာယာသို့ရှိပါသည်။

ကိုမျိုးမင်း
LCD,PLASMA, LED အထူးပြုပြင်ရေး
LCD,PANELS
LCD, LED, PANLELS 32"
☎ ၀၁-၇၀၀၃၀၆၊ ၀၉-၇၃၁၈၅၅၁၃၉၊ ၀၉-၂၆၄၃၀၈၅၅

စင်ကာပူနိုင်ငံ PSA ဆိပ်ကမ်း တွင်
ကွန်တိန်နာ ယာဉ်မောင်း
လုပ်လိုသူများအတွက်
"အမြန်သင်တန်းများ" ပေးမည်
Ph: (01) 377343, 377344, 385758, 386877
Fb: thukhasusan111

ပိုင်ရှင်ကိုယ်တိုင်ငှားမည်
သဃ်န်းချောင်း၊ တာမွေမြို့နယ်၊
မီးသတ်ဘေး၊ ပေ (၂၅' x ၅၀') မြေကွက် (၈) ထပ်ခွဲ
အဆောက်အဦးအား မြေညီမှ (၆) လွှာထိ (၁)
လလျှင် သိန်း (၇၀) ကျပ်ဖြင့် ငှားရမ်းရန်ရှိပါသည်။
ဖုန်း - ၀၉ ၉၇၁၂၄၆၆၀၄၊ ၀၉-၅၁၁၁၁၆၀

# သံလွင်မြစ်အတွင်း တရားမဝင် မြစ်သဲကျောက်စုပ်ယူသည့် စက်လှေများအား အရေးယူ

**ဘားအံ မေ ၁၉**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ဂွန်းကျေးရွာအုပ်စု သံလွင်မြစ်အတွင်း နေ့စဉ်စက်လှေများဖြင့် မြစ်သဲကျောက်စုပ်ယူနေသဖြင့် မြစ်ကမ်းပါးများပြိုကျခြင်းများဖြစ်ပွားလျက်ရှိသည်။ ဒေသခံလယ်ယာကိုင်းကျွန်းလုပ်ကိုင်သူ တောင်သူများ မခံမရပ်နိုင်ဖြစ်ပြီး ပြဿနာများ ဖြစ်ပွားလာနိုင်ကြောင်း ဒေသခံပြည်သူများ၏ တင်ပြချက်အပေါ် ပူးပေါင်းအဖွဲ့များဖြင့် မေ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ တရားမဝင် မြစ်သဲကျောက်စုပ်ယူနေသည့် စက်လှေ ၁၈ စင်းအား စစ်ဆေးတွေ့ရှိခဲ့သည်။ ထိုစက်လှေများမှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ထောက်ခံချက်မရှိဘဲ စီးပွားရေးအလို့ငှာ တရားမဝင်မြစ်သဲကျောက်စုပ်ယူခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တရားလိုပြုလုပ်ကာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၆ ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ဂွန်းကျေးရွာအုပ်စု ကော့ဂွန်းကျေးရွာသစ်အပိုင်း ကျွန်းဘေးရှိ သံလွင်မြစ်အတွင်း၌ နေ့စဉ် စက်လှေ ၁၅ စင်းခန့်ဖြင့် မြစ်သဲကျောက်စုပ်ယူနေခြင်းအပေါ် မြစ်ကမ်းပါးများ ပြိုကျခြင်းများဖြစ်ပွားလျက်ရှိသဖြင့် လယ်ယာကိုင်းကျွန်းလုပ်ငန်းလုပ်ကိုင်သူ တောင်သူများက မခံမရပ်နိုင်ဖြစ်ပြီး ပြဿနာများ ဖြစ်ပွားလာနိုင်ကြောင်း ကော့ဂွန်းကျေးရွာအုပ်ချုပ်ရေးမှူးက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြခဲ့သည်။ နယ်မြေခံရဲစခန်းသို့ မိတ္တူပေးပို့တင်ပြချက်အရ နယ်မြေခံရဲစခန်းမှ အထက်အဆင့်ဆင့်သို့တင်ပြခဲ့သည့်အတွက် ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှလည်း မြေပြင်အခြေအနေအား စုံစမ်းတင်ပြစေခဲ့ရာ ဘားအံမြို့နယ် ရဲတပ်ဖွဲ့မှူးက သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပေါင်းစပ်၍ ဧပြီ ၂၇ ရက်တွင် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻**



ရတနာပုံအသင်းတိုက်စစ်မှူး အောင်သူ။

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄) ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် မေ ၁၉**

၂၀၁၇ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၄)ကို ယခုတစ်ပတ်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ချန်ပီယံလုပွဲအပြင် တန်းဆင်းဇုန်တိုက်ပွဲများကြောင့် ပွဲစဉ်တိုင်းမှာ အကြိတ်အနယ်ရှိဖွယ်ရှိနေသည်။

ပွဲစဉ်(၁၄)ကို သုံးရက်ကြာကျင်းပမည်ဖြစ်ပြီး မေ ၂၀ ရက်တွင် အောင်ဆန်းကွင်း၌ GFA အသင်းနှင့် ဟံသာဝတီအသင်း၊ မေ ၂၁ ရက်တွင် မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ရန်ကုန်အသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် နေပြည်တော်အသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ မေ ၂၂ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ဧရာဝတီအသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၁၃) အပြီးတွင် ရန်ကုန်အသင်းက ၃၅ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး ရှမ်းယူနိုက်တက်အသင်းက ၂၉ မှတ်၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ၂၈ မှတ်၊ ဧရာဝတီအသင်းက ၂၂ မှတ်၊ ရခိုင်အသင်းက ၁၇ မှတ်၊ Southern၊ မကွေးနှင့် ဇွဲကပင်အသင်းတို့က ၁၄ မှတ်စီ၊ ဟံသာဝတီအသင်းက ၁၁ မှတ်၊ ချင်းယူနိုက်တက်နှင့် GFA အသင်းတို့က ၁၀ မှတ်စီ၊ နေပြည်တော်အသင်းက ကိုးမှတ်တို့ ရရှိထားသည်။ ယခုလအတွင်း ယှဉ်ပြိုင်ရမည့် လေးပွဲတွင် အဝေးကွင်းသုံးပွဲကစားရမည့် ထိပ်ဆုံးမှရန်ကုန်အသင်းအတွက် ချန်ပီယံဆုရယူနိုင်ရန် အရေးပါလျက်ရှိပြီး ပထမဆုံးအဝေးကွင်းဖြစ်သည့် ဧရာဝတီနှင့်ပွဲတွင် တစ်ဂိုးစီသရေကျခဲ့သည်။ Southern အသင်းသည် လက်ရှိတွင် ခြေစွမ်းရော ရလဒ်ပိုင်းပါ တိုးတက်လာပြီး အိမ်ကွင်း၌ ကစားရမည်ဖြစ်သောကြောင့် ပိုမိုရုန်းကန်ဖွယ်ရှိနေသည်။ **စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ○**



# မီးဘေးနှစ်ကြိမ်သင့်ခဲ့သည့် မင်္ဂလာဈေးအား နေရာဟောင်းတွင် ပြန်လည်တည်ဆောက်မည်

**ရန်ကုန် မေ ၁၉**

နှစ်ကြိမ်တိုင်တိုင် ဆုံးရှုံးမှုပမာဏကြီးမားသောမီးလောင်ကျွမ်းမှုနှင့် ကြုံခဲ့သည့် ရန်ကုန်မြို့ရှိ မင်္ဂလာဈေးနေရာတွင် ဈေးသစ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်ပြီး နှစ်နှစ်ခွဲအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မီးလောင်ကျွမ်းခဲ့သည့် ဈေးကြီးနေရာတွင် ဈေးသစ်ပြန်လည်တည်ဆောက်ခြင်းကို ယခုနှစ် နိုဝင်ဘာမှ စတင်၍ နှစ်နှစ်ခွဲအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ဈေးသစ်ပြန်လည်တည်ဆောက်ရန် ဒီဇိုင်းတင်ဒါ ရွေးချယ်ခံခဲ့ရသော Amenity Design Group မှ သိရသည်။

မင်္ဂလာဈေး ပြန်လည်တည်ဆောက်နိုင်ရန်အတွက် မူလကဈေးသစ်ပြန်လည်တည်ဆောက်ခြင်း၊ မတည်ဆောက်ခြင်းတို့အတွက် ဈေးသူဈေးသားများထံမှ သဘောထားဆန္ဒများ ကောက်ခံကာ မဲခွဲဆုံးဖြတ်စေခဲ့ပြီး ဈေးသစ်ပြန်လည်တည်ဆောက်ရန် မဲများခဲ့သည့်အတွက် အသစ်ဆောက်လုပ်သွားမည့် ဒီဇိုင်းတင်ဒါရွေးချယ်ခြင်းကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ မေ ၁၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တာဝန်ရှိသူများ၊ မင်္ဂလာဈေးမှ ဈေးမိဈေးဖများ၊ ဈေးအထပ်အလိုက် ကိုယ်စားလှယ်များ၊ မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ဒီဇိုင်းတင်ဒါ ရွေးချယ်ခံခဲ့ရသောကုမ္ပဏီတို့မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အသစ်ပြန်လည်ဆောက်လုပ်သွားမည့် မင်္ဂလာဈေးတွင် ယာဉ်ရပ်နားစနစ်၊ မီးသတ်စနစ်တို့ စနစ်တကျ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပြီး မီးသတ်ဦးစီးဌာန၏ အကြံပြုချက်များကိုလည်း **စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ✻**



## မိခင်အမည်မှန်

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း၊ တတိယတန်း(D)မှ မရဲရှာလာထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်မြတ်နိုးအိမ် ဖြစ်ပါသည်။

## ပျောက်ဆုံး

ဦးစိုးမင်းလှိုင်၏ ဒုတိယတန်းစက်ခန်းအုပ်လက်မှတ်အမှတ်-စမဒ ၁၈/၂၀၀၅သည် ဇန်နဝါရီလ ၂၀၁၇ တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန် ။

ဖုန်း-၀၉-၂၆၄၆၉၃၈၅၃

## OMK Design School

Japan Cm နည်းဖြင့် Men Wear Class (ယောကျ်ားလေးဝတ်) Shirt, Coat, Jacket, Pants, Sport Shirt, T Shirt,တိုက်ပုံအင်္ကျီ Pattern ဆွဲနည်းချုပ်နည်းများကို ကိုယ်တိုင်ဖြင့်လည်းကောင်း၊ Ready made S,M,L,XL,XXL Sizeများဖြင့်လည်းကောင်း ကိုယ်ပိုင် brand ဖြင့် ချုပ်နိုင်အောင်သင်ကြားပြသပေးနေပါသည်။

Evening Grown Class ညနေခင်းပွဲတက်ဝတ်စုံလေးများကို Japan Cmနည်းဖြင့် သင်ကြားပြသပေးနေပါသည်။

ပုံစံ pattern Cuttingများ ချုပ်လုပ်ပုံအဆင့်ဆင့်ကို စနစ်တကျ သင်ကြားပေးပါတယ်။

သင်တန်းအားလုံးကို တစ်ဦးသီးသန့်သင်ကြားပြသပေးပါတယ်။

စနေ၊ တနင်္ဂနွေအတန်းလည်းဖွင့်ထားပါတယ်။

တနင်္လာ၊ သောကြာ ညနေပိုင်းအတန်းလည်း ဖွင့်ပေးထားပါတယ်။

အချိန်၊ ရက်ညှိပေးပါတယ်။

သင်တန်းစုံစမ်းရန်-

**ဖုန်း - ၀၉-၇၃၀၁၆၇၄၀**
**၀၉-၉၆၅၀၁၇၁၈၉**

## ကျော်သူ

ကမ္ဘာ့အကောင်းဆုံး
ရွှေဘိုပေါ်ဆန်းမွှေး

## ငြိမ်းချမ်းရေး

ဆက်သွယ်ရန်ဖုန်း-09-5131294,09-2000866

## N-WINNER Co.,Ltd

Ph:09450073838,09783233356-57,09254418033

### လုံးချင်း / မြေ (ရောင်းရန်)

| | | | | |
|---|---|---|---|---|
| [illegible] | (50'x150') | 2M,2BR,[illegible] | 2RC | 17500 L |
| [illegible] | (85'x135') | 2M,2BR,8A/C,[illegible] | 1RC | 15000 L |
| [illegible] | (70'x70') | 5M,1BR,3A/C,[illegible] | 2RC | 11000 L |
| [illegible] A1 [illegible] | (40'x72') | [illegible] | မြေ | 8000 L |
| [illegible] | (60'x78') | [illegible] | မြေ | 4500 L |
| [illegible] | (60'x120') | | မြေ | 4000 L |
| [illegible] | (48'x60') | [illegible] | 1RC | 2800 L |
| [illegible] | (40'x60') | [illegible] | 2BN | 2000 L |
| [illegible] | (23'x60') | [illegible] | မြေ | 1700 L |
| [illegible] 48 [illegible] | (80'x60') | [illegible] | မြေ | 1650 L |
| [illegible] | (50'x100') | 3M,7A/C,Pb | 2RC | $ 3000 |
| [illegible] | (60'x80') | 1M,2BR,[illegible] | 2RC | $ 3000 |
| [illegible] | (45'x90') | 2M,2BR,4A/C,Pb,[illegible] | 2RC | 25 L |
| [illegible] | (100'x100') | 4M,1BR,5A/C,[illegible] F.F | 2RC | 20 L |
| [illegible] | (35'x45') | 2M,4A/C,[illegible] F.F | 2RC | 20 L |
| [illegible] | (80'x80') | 1M,2BR,[illegible] F.F | 2RC | 18 L |
| [illegible] | (45'x45') | 3M,1BR,7A/C | 2RC | 12 L |
| [illegible] | (40'x60') | [illegible] | 1PT | 10 L |

### Condo / တိုက်ခန်း (ရောင်းရန်)

| | | | |
|---|---|---|---|
| [illegible] Grand [illegible] Condo ([illegible]) | (2250sqft) | 2M,2BR,[illegible] | 3700 L |
| [illegible] Royal [illegible] Condo ([illegible]) | (1800sqft) | 2M,1BR,A/C,[illegible] River view,[illegible] | 3600 L |
| [illegible] Orchid Condo ([illegible]) | (1760sqft) | 3M,[illegible] | 3000 L |
| [illegible] | (25'x50') | 1M,[illegible] | 3F- 1000 L |
| [illegible] | (12½'x50') | 1BR,[illegible] | 4F-310 L |
| [illegible] Condo ([illegible]) | (1780sqft) | 2M,1BR,[illegible] F.F,[illegible] | $ 2700 |
| [illegible] Condo ([illegible]) | (1500sqft) | 1M,2BR,4A/C,[illegible] | 15 L |
| [illegible] Condo ([illegible]) | (1200sqft) | 1M,1BR,2A/C,[illegible] | 8 L |

## Grand Guardian Insurance Public Co., Ltd
## ဂရင်းဂါးဒီးယန်းအာမခံအများပိုင်ကုမ္ပဏီလီမိတက်

Grand Guardian Insurance Public Co., Ltd ၏ ပဉ္စမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အစည်းအဝေးသို့ တက်ရောက်ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ အစုရှယ်ယာရှင်များအား ဖိတ်စာနှင့်တကွ လိုအပ်သော စာရွက်စာတမ်းများကို သီးခြားပေးပို့မည်ဖြစ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ရက် | - | ၂၀၁၇ခုနှစ် ၊ ဇွန်လ ၊ ၁၇ ရက် (စနေနေ့) |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် (၉:၃၀)နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | PARKROYAL Yangon Hotel အလံပြဘုရားလမ်း ၊ ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့။ |

အစုရှယ်ယာရှင်များ လွှဲပြောင်းခြင်းကို မှတ်ပုံတင်ရန် ဇွန်လ ၄ ရက် မှ ဇွန်လ ၁၇ ရက်အထိ အစုရှယ်ယာရှင်မှတ်တမ်းအား ခေတ္တပိတ်ထားမည်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့
Grand Guardian Insurance Public Co., Ltd

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၈)၊ စတုတ္ထတန်း(က)မှ မောင်သန့်တေဇာအောင်၏ ဖခင်အမည်မှန်မှာ ဦးဇေယျာလင်း [၁၄/ဖပန(နိုင်)၀၉၉၈၁၅] ဖြစ်ပါသည်။

## ဖခင်အမည်မှန်

သန်လျင်မြို့နယ်၊ ကွမ်းခြံကုန်းကျေးရွာ၊ မူလွန်အဌမတန်းမှ မသရဖီထွန်းနှင့် သူငယ်တန်းမှ မဝသန်ချို တို့၏ဖခင်အမည်မှန်မှာ ဦးနန္ဒအောင်(ခ)ဦးသော်ဇင်ထွန်း [၁၂/သလန(နိုင်)၁၆၇၉၄၇] ဖြစ်ပါကြောင်း။

## ယာဉ်အိုဝယ်လိုသည်

- ကားအပ်ပြီးစလစ်၊
- တိုက်ကျေ၊ မြန်မာမီနီ၊ R+
- တရုတ်အားမာန်(မိုက်ကရိုဘတ်)

ဖုန်း-၀၉-၄၄၈၀၀၇၃၇၇

## အမည်ပြောင်း

ရန်ကုန်မြို့၊ ဦးထွန်းဟန်၏ သမီး မလှဲ့လှဲ့ခိုင်အား မရီထွန်းမော် [၁၂/ဒလန(နိုင်)၀၇၉၀၃၆]ဟု ပြောင်းလဲခေါ်ပါရန်။

## ခေတ်မီမြေအောက်ရေတွင်း ရရှိ

09 4200 35882
09 4200 35884


## navitas

အမေရိကန် ထိပ်တန်းတက္ကသိုလ်ကြီးများသို့ SAT ဖြေဆိုရန်မလိုဘဲ တက်ရောက်နိုင်မည့်

"ကျောင်းဝင်ခွင့်နှင့် အမေရိကန်ပညာရေးဆွေးနွေးပွဲ"

- University of Massachusetts (Boston - Lowell - Dartmouth)
- Florida Atlantic University (Miami, Florida)

IGCSE ၊ GCE O' Level ၊ အဆင့်မြင့်ပညာရေးဆိုင်ရာ အောင်မြင်ပြီးသူများ Navitas USA မှ အမေရိကန်နိုင်ငံ ထိပ်တန်းတက္ကသိုလ်ကြီးများသို့ တိုက်ရိုက်တက်ရောက်နိုင်ပြီ...



ဆွေးနွေးမည့် အကြောင်းအရာများ
- ကျောင်းဝင်ခွင့်နှင့် ပညာသင်ဆုလိုအပ်ချက်များ
- ကျောင်းလခနှင့် ကုန်ကျစရိတ်များ
- Science & Technology ဘာသာရပ်များ တက်ရောက်မည့် ကျောင်းသား/သူများအတွက် အမေရိကန်နိုင်ငံတွင် ရရှိနိုင်မည့် အလုပ်အကိုင်အခွင့်အလမ်းများ

AT&S International Education Services

အမေရိကန် တက္ကသိုလ်ပညာရေးဆွေးနွေးပွဲ
TUESDAY 23 MAY
နေ့လယ် (၂) နာရီ မှ ညနေ (၄) နာရီ အထိ
ပင်းယခန်းမ, ဆူးလေ ရှန်ဂရီလာ ဟိုတယ်

- Guest Speaker -
Ngoc Anh Hoang
(Navitas - North America)

ရုံးချုပ် (ရန်ကုန်) - အဆောင် (၅)၊ အခန်း (၄)၊ အမ်အိုင်စီတီပက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ၀၁-၅၂၁၁၂၅ ၊ ၀၉-၇၉၉၅၉၅၉၄၉
ရုံးခွဲ (ရန်ကုန်) - အမှတ် (၆၇)၊ မြေညီထပ် (ယာ)၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ၀၉-၅၀၆၂၁၇၁ ၊ ၀၉-၇၇၇၂၂၃၂၂၁

PADI Certified Scuba Diving Trainning PADI
Scuba ရေငုပ်သင်တန်း

PADI, America တွင် နှစ်ပေါင်း(၂၀)ကျော် Diver များစွာကို သင်ကြားမှုထုတ်ပေးခဲ့သော ဝါရင့် Master Instructor(Myanmar Dive Center)မှ Dive Certificate ရသည်အထိ နည်းစနစ်ကျစွာ အချိန်တိုအတွင်း သင်ကြားပေးနေပါပြီ။

သင်တန်းဖွင့်မည့်ရက် - အပတ်စဉ်
နေရာ - ငွေဆောင် ၊ ရန်ကုန်
သင်တန်းကာလ - (၄) ရက်
သင်တန်းသားဦးရေ - အနည်းဆုံး(၂) ဦး
သင်ခန်းစာ - စာတွေ့ + ပင်လယ်

ငွေဆောင်
(1) Scuba Diving
(2) Scuba Diving Boat Hire
(3) Discover Scuba
(4) Snorkelling Trip

For more Information :
Ph: 09-977 441 611, 09-263 358 248, 09- 976 941 024
Mail: myanmardivecenter@gmail.com
YGN - Concordia Int'l Co.,Ltd. Building (11) MICT Park, Hlaing Unversity Campus

**အမည်ပြောင်း**

ကျွန်တော် ဦးမောင်မောင်လွင် [၁၂/ပဗတ(နိုင်)၀၁၂၄၄၈]၏သား မောင်လွင်မင်းခန့်အား ယနေ့မှစ၍ အောင်မင်းခန့်ဟု ပြောင်းလဲခေါ်

**ဖခင်အမည်မှန်**

ပြည်မြို့၊ ခေတ္တရာမြို့သစ်၊ အထက(၅)၊ ဒသမတန်းတွင် ပညာသင်ကြားနေသော မောင်ရဲမင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးအေးချို(ခ)ဦးမောင်ရှိန်း [၇/ရမသ(နိုင်)၀၅၇၇၁၈]ဖြစ်ပါကြောင်း။ **ဦးမောင်ရှိန်း**

ရှုထု
သံပန်း၊ သံတံခါး၊ စတီး၊ လိပ်တံခါး၊ အလှမီနီယံလုပ်ငန်း၊
Ph:09-5031107, 09-5008411 095028986

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
ACCA (UK)
Part - I,II,III & Dip IFR
ENROL NOW
Nay Lin Aung Finance & Accountancy Academy

River Samon Institute of Management ၏ ၂၁ နှစ်မြောက် နှစ်ပတ်လည် အထူးအစီအစဉ်အနေဖြင့် ...



Ph.D MBA MBA
Section-1 (Sunday Only)
Section-2 (Saturday & Sunday)
Logistics and Supply Chain Management
Why Should Join Lincoln University College?
* Globalization of Education * Knowledge Enrichment * Diverse Opportunities * Affordability * Quality Education
* Flexible Payment * Credit Transfer (UK, US, Canada, Australia, New Zealand & Europe)
* Global Education ကိုကုန်ကျစရိတ် သက်သာစွာဖြင့် Lincoln University, Myanmar Campus တွင်ရယူလိုက်ပါ။
Scholarship USD 1000
Hot Line
09-420725566
09-73094060
Enroll Now! for MAY & JUNE Intake
- CB Bank နှင့်ချိတ်ဆက်ပြီး Education Loan စီစဉ်ပေးပါသည်။
No.(B), 5th Floor, Room(#506), Pan Chan Tower, Bargayar Road, Myaynigone, Sanchaung Tsp, Yangon, Myanmar. Email: info@riversamon.com, Website: http://www.lincoln.edu.my

Since 1996
ပုလဲ
(သုဓမ်တန်းမှ ၁၀တန်း)
ဆရာဝန်များဦးစီးသော
စံပြဘော်ဒါ နှင့်
ကိုယ်ပိုင်အထက်တန်းကျောင်း
(၀)တန်းအစိုးရစစ် အတွက် သင်ရိုးကုန်သင်ပေးပြီး အထူးလေ့ကျင့်ပေးသည်။
(၉)တန်းအထူး – သင်ရိုးကုန်သင်ပေး၍ နှစ်ဝက်မှစ၍ (၁၀)တန်းစာပါ ထပ်ဆောင်းကြိုသင်ပေးပါသည်။



ပုံရှာမောင်
09 5024774
09 73179228
09 49155515
09 49225338

တက်နေဝန်း
09-442076599
09-400448695
09-33100721

edexcel
Approved Center 95873
EMPS
INTERNATIONAL SCHOOL
Simple way to Brighter Future
PEARSON



■ Pre-School (2 ½ to 5 Yr)
■ edexcel (Primary 1 - 6)
■ KG မှ အလယ်တန်းအထိ
■ Special Needs Classes
■ Weekend Classes
EMPS Inya Myaing: No.10, Inya Myaing Road, Golden Valley (1) Qtr, Bahan Tsp., Yangon. Tel : 01 510 991, 01 527 535, 09 444 64 666 1 ~ 5
EMPS Padonmar: No.15.D, Padonmar Street, (Near Russia Embassy), Dagon Tsp., Yangon. Tel : 09 254 200 234, 01 252 148
EMPS Yadanar: Bld - 5, Room - 11, Malikha Housing, Yadanar Road, Thingangyun Tsp., Yangon. Tel : 09 26 213 0007, 09 26 213 0008

ခင်ုမြို့ဒသ
09-6809893
09-5120620

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွေ တိုက် ကို စိုး

# 4TV ၏ တစ်ပတ်တာ ကြည့်စရာ အစီအစဉ်ကောင်းများ
## (၂၀ - ၅ - ၂၀၁၇ မှ ၂၆ - ၅ - ၂၀၁၇ အထိ)

Vol.2 No-19 အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ် ထုတ်ဝေသည်။

4TV HD Receiver ကို ဝယ်ယူတပ်ဆင်ချင်တယ်ဆိုရင် 01- 230 6166 ကို ဖုန်းလေး ဆက်လိုက်ပါနော်
01-230 6166









4HD

| | |
|---|---|
| Dear Zindagi | 7:00 PM, 21.5.2017 (Sunday) |
| Hidden Figures | 7:00 PM, 24.5.2017 (Wednesday) |
| Taxi 1 | 4:00 PM, 26.5.2017 (Friday) |






## 4HD Skiptrace

(7:10 PM), 25 May, Thursday

[illegible]




## for CINEMA2 တွင် ကြည့်ရှုရမည့် မြန်မာဇာတ်ကားကောင်းများ

CINEMA2

| 7:29 PM,20.5.2017 | 7:34 PM,21.5.2017 | 6:53 PM,26.5.2017 |
|---|---|---|
| ရွှေခြေနင်းတစ်ရံရဲ့ရှင်ခုန်သံ | အိမ်ထောင်တစ်ခုဇာတ်ရှိခြင်း | ပန်းချင်းသူမျိုးမောင်တွေးငယ် |
| မင်းဖော်ကွန်းမယ်လိုဒီ၊နေဆန်း | လှမင်း၊ထွန်းအိဖြူ | နေမင်း၊စိုးမြတ်သူဇာ၊ဖြိုးငည်မျိုး |







4tv Facebook page www.facebook.com/4tvmyanmar ကို လိုက်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။

4TV [illegible]

(၂၀ - ၅ - ၂၀၁၇ မှ ၂၆ - ၅ - ၂၀၁၇ အထိ)

ဖျော်ဖြေရေး ရုပ်ရှင်၊ သတင်းနှင့်ဗဟုသုတ ရုပ်သံလိုင်းများ

For Cinema 5:57 PM The Magnificent Seven




AXN 6:30 PM The Apartment : Rising Stars Edition




For CINEMA 2
8:05 AM [illegible]
5:48 PM [illegible]
7:29 PM [illegible]
9:07 PM [illegible]


WakuWaku 3:00 PM Ultraman X



Fox Movies 1:40 PM The Tuxedo





5:30 PM None of The Above : Power of Attraction





For CINEMA 2
12:28 PM [illegible]
2:20 PM [illegible]
5:42 PM [illegible]
7:34 PM [illegible]

TLC 6:35 PM Jamie's Super Food Family Classics



AXN 9:05 PM Team Ninja Warrior (Finale)




"Team Ninja Warrior" ဟာ "American Ninja Warrior" [illegible] "Sasuke / Ninja Warrior" [illegible] "Team Ninja Warrior" [illegible]

For CINEMA 2
8:04 AM [illegible]
7:24 PM [illegible]
9:10 PM [illegible]

Fox Family Movies 2:50 PM Standing Ovation




Animal Planet 7:30 PM Wild India



Nat Geo Wild 9:00 PM Wild Survivor : Frozen Odyssey





For CINEMA 2
10:50 AM [illegible]
7:11 PM [illegible]
8:37 PM [illegible]

4 for KIDS 2:25 PM Monster University




History 11:40 AM Outlaw Chronicles: Hells Angels (S1)




fyi, 5:30 PM Taste Of Vietnam (S2)



For CINEMA 2
12:46 PM [illegible]
7:31 PM [illegible]
9:22 PM [illegible]

ANIMAX 8:30 PM Chaos; Child




For Cinema 1:00 PM Honey




FOX CRIME 1:20 PM The Mentalist





For CINEMA 2
2:11 PM [illegible]
5:31 PM [illegible]
7:00 PM [illegible]


Nat Geo Wild 9:00 PM Europe's Last Wilderness




Fox Movies 7:30 PM Salt




Discovery 8:25 PM How Things Work



For CINEMA 2
11:34 AM [illegible]
6:53 PM [illegible]
8:30 PM [illegible]

4tv Facebook page www.facebook.com/4tvmyanmar ကို လိုက်ခ်လုပ်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။

THANLWIN EDUCATION SERVICES

# သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက်

၁။ သံလွင်ပညာရေးဝန်ဆောင်မှုလုပ်ငန်း၏ ဒုတိယမြောက်ခြေလှမ်းဖြစ်သည့် သံလွင်ဆရာအတတ်သင်သိပ္ပံ (Thanlwin Teacher Education Institute) တည်ထောင်ရန်အတွက် လိုအပ်သော အကြံပေးပုဂ္ဂိုလ်များကို ဖိတ်ခေါ်လိုပါသည်။ အကြံပေးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသူများအနေဖြင့် ဥာဏ်ပူဇော်ခအား တစ်လလျှင် ၁,၀၀၀,၀၀၀ိ/-(တစ်ဆယ်သိန်း)ကျပ် ခံစားရမည်ဖြစ်ပါသည်။ တာဝန်အရ ပြည်ပနိုင်ငံများသို့ သွားရောက်ရန် ကိစ္စများရှိပါက သင့်တင့်သော စားစရိတ်နှင့် ချီးမြှင့်ငွေများကိုပါ ခံစားရမည် ဖြစ်ပါသည်။

၂။ အကြံပေးအဖြစ်ဆောင်ရွက်လိုသည့်ပုဂ္ဂိုလ်များအနေနှင့် အောက်ပါအချက်များကို ပေးပို့ရပါမည်-

(က) ကိုယ်ရေးအချက်အလက်များ။
(ခ) ပညာရေးဆိုင်ရာများကို ဆောင်ရွက်မှုမှတ်တမ်း။
(ဂ) ဆရာအတတ်သင်ဆိုင်ရာကိစ္စရပ်များကို မည်သို့သင်ကြားပေးသင့်သည်။
(ဃ) ၂၁-ရာစုပညာရေးအတွက် လေ့ကျင့်ပေးလိုသည့် ကိစ္စရပ်များ။
(င) သင်ရိုးမာတိကာရေးဆွဲမှုအတွက် စံပြုရမည့်အချက်များ။

၃။ အကြံပေးအဖြစ် ကမ်းလှမ်းလိုသည့်ပုဂ္ဂိုလ်များအနေနှင့် အသက် (၃၀) ပြည့်ပြီးသူများမှ စတင်လျှောက်ထားနိုင်ပါသည်။

၄။ လျှောက်လွှာများနှင့် ပူးတွဲပါစာရွက်စာတမ်းများကို ၂၀၁၇ ခုနှစ်၊ မေလ (၁၅)ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

**Program Management Office**

အမှတ် (၆/၁-၂)၊ မြေညီထပ်၊ ရန်အောင်လမ်းသွယ်(၃)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၅၅၈ ၀၈၄၊ ၀၉-၇၇၈ ၇၇၉ ၇၃၉
Email : thanlwin.hrd@gmail.com

THANLWIN PRIVATE SCHOOL

# THANLWIN PRIVATE SCHOOL

## သံလွင်ပုဂ္ဂလိက အလယ်တန်းကျောင်း

# ကျောင်းအပ်လက်ခံနေပါပြီ

MENTAL DEVELOPMENT



PHYSICAL DEVELOPMENT



သံလွင်ပုဂ္ဂလိက အလယ်တန်းကျောင်းအနေဖြင့် ကျောင်းသူ/ သားများ၏ ကာယနှင့် ဉာဏဘက်စုံ ဖွံ့ဖြိုးစေရန်အတွက် ပညာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော နိုင်ငံတော်သင်ရိုးကို သင်ကြားမည် ဖြစ်ပြီး STEM ၊ English 4 Skills ၊ Life Skills ၊ မြန်မာမှုရေးရာပညာ၊ ပန်းချီ၊ ဂီတ၊ သဘင်၊ စိုက်ပျိုးရေးနှင့် အားကစားဘာသာရပ်များကို (ဖြည့်စွက်) ထည့်သွင်းသင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်၊

ကျောင်းအပ်နှံမှုဆိုင်ရာ အချက်အလက်များအား အသေးစိတ်သိရှိလိုပါက
နေ့စဉ်(ပိတ်ရက်မရှိ) နံနက် ၉ : ၀၀ နာရီမှ ည ၇ : ၀၀ နာရီ အထိ အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်စုံစမ်း၍ ကျောင်းအပ်နှံနိုင်ပါသည်။

**Thanlwin Private School**

အမှတ်(၂၀၃)၊ (၅)လမ်း၊ ကုံကော်အိမ်ရာ(၂)၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၁ ၆၃၉၃ ၉၇၊ ၀၁ ၆၃၉၃ ၉၉၊ ၀၉-၇၇၈ ၇၇၉ ၇၃၉၊ ၀၉ ၂၄ ၂၄ ၂၂၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကလေးငယ်များအား လောကတွင် အမြင့်ဆုံးရှင်သန်စွင့်ရရှိနိုင်ရန် လေ့ကျင့်ပေးသည်။




## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V VIKING CHANCE V.5 သင်္ဘောသည် ၂၄-၅-၂၀၁၇ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဗိုတ်ကြားလွှာ

(CSCCI)

## "ကုန်ကျစရိတ် အသက်သာဆုံး၊ အချိန်အတိုဆုံးဖြင့် အင်ဂျင်နီယာ ဖြစ်နိုင်မည့် အခွင့်အလမ်း"

**Diploma in Engineering (UK NQF Level 2,3, 4, 5) သင်တန်းများ**

- Electrical & Electronic Eng (L-3,4,5)
- Electrical Installation (L-2,3)
- Mechanical Engineering (L-3,4,5)
- Refrigeration & Air Conditioning (L-2,3)
- Construction Engineering (L-3,4,5)

ရုံးချိန်တွင်း / ရုံးချိန်ပြင်ပ တက်နိုင်ပါပြီ

GLORY 09-73121717,09-5197817

## "ဗေဒင်ရဲ့အနှစ်သာရဟာ - ယတြာပါ"

(၇)ရက်သားသမီးများ
အောင်မြင်ကြီးပွားတိုးတက်ဖို့အတွက် -

ပြန်ဟသာတွဲရာ ၁၃၇၉ - ခုနှစ်

# ဝ-ဂဏဿ

**မြန်မာ့ရိုးရာအဋ္ဌဗေဒကိန်း**

City Mart, Ocean, Capital, Orange, Sein Gay Har
ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

ထွက်ပြီ

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ထ(ခွဲ)အေးမွန်ကျောင်း၊ ဆဋ္ဌမတန်းမှ မဝေဝေနွယ်၊ နဝမတန်းမှ မဝင်းယုနွယ်တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းကြိုင်

## ဖခင်အမည်မှန်

တောင်ဥက္ကလာပမြို့နယ်၊ အလက(၆)မှ မောင်အောင်ဟိန်းဆက်၏ဖခင်အမည်မှန်မှာ ဇော်ထွန်းဝင်း(ခ)မောင်ဇော် [၁၂/ ဥကတ(နိုင်)၀၃၇၉၅၅]

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 3M/4700 ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်စုစုဝင်း [၇/ပခန(နိုင်)၁၆၇၃၃၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

## ဥယျာဉ်ခြံမြေရောင်းရန်ရှိသည်

လှည်းကူးမြို့နယ်၊ပဲခူး-ရန်ကုန်လမ်းမကြီးအနီး
(ဥယျာဉ်ခြံမြေ) (40'x60')-(35)သိန်း
Ph:09-796797258,09-448012251

## ဒဂုံနဝဒေးကွန်ဒိုငှားမည်

2050SF, 2MB, 1BR, 5AC, 3F ပါကေးခင်း၊ Fully-furnished, Lift ကားပါကင်
**ph-09-5162238,**

## Business opportunity in UREA & SULPHUR

We can Supply UREA and SULPHUR on the long term basis in bulk.
We have all grade of UREA and SULPHUR;
-:Contact:-
**Vardaan Steel & Agro Science Limited**
No.437/(6/E),44th Street, 6 Ward,Botataung Tsp,
Yangon,Myanmar.
Phone:01-393448,Email:tina651507@yahoo.com

## သတင်းကောင်းလေးတစ်ခု

အိမ်ပြိုင်ပြိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။



# ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၇ ခုနှစ်၊ မေလ(၁၁)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာ စက်မှုဇုန်တွင် ကျင်းပပြုလုပ်သော Myanmar Synergy Co., Ltd. ၏ ရုံးချုပ်နှင့် Showroom ဖွင့်ပွဲ အခမ်းအနားအား ကြွရောက်ချီးမြှင့်ပေးကြပါသော ရန်ကုန်တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်း ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲထွဋ် ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ထွန်းနိုင် ၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး H.E. Mr. Pier Giorgio Aliberti ၊ CNH Industrial မှ Managing Director Mr. Mark Brinn ၊ IVECO မှ Business Director Mr. Koray Kursungly ၊ CASE Construction မှ Business Director Mr. Alvin Lim ၊ Singapore နိုင်ငံ အခြေစိုက် TA Corporation မှ CEO Mr. Neo နှင့် တကွ BOD အဖွဲ့ဝင်များ၊ OCBC Bank၊ Bangkok Bank ၊ May Bank ၊ YOMA Bank ၊ CB Bank နှင့် Ayeyarwady Bank မှ ကိုယ်စားလှယ်တော်ကြီးများ ၊ ကြွရောက် ချီးမြှင့်ပေးကြပါသော လုပ်ငန်းရှင် Customer ကြီးများ၊ ဖွင့်ပွဲအခမ်းအနားသို့ ဂုဏ်ပြုပန်းခြင်းများ ပေးပို့ပါသော Customer များနှင့် လုပ်ငန်းရှင်ကြီးများ၊ ဖွင့်ပွဲအခမ်းအနားအစီအစဉ်အောင်မြင်ဖြစ်မြောက် ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသူများအားလုံးကို အထူးပင်ကျေးဇူးတင် ဝမ်းမြောက် ပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဥက္ကဋ္ဌ

ဒါရိုက်တာများနှင့် ဝန်ထမ်းများ

Myanmar Synergy Co., Ltd.

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ . . .

## ရခိုင်ပြည်နယ်၏ စီးပွားရေးအခွင့်အလမ်းများ

မောင်မောင်မြင့်ဆွေ



ရခိုင်ပြည်နယ်သည် သဘာဝသယံဇာတပေါများသည်။ မြစ်ချောင်းအင်းအိုင်များရှိပြီး ပင်လယ်ပြင်နှင့်လည်း ထိစပ်နေသည်။ ဆိပ်ကမ်းကောင်းများရှိသကဲ့သို့ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်အောင်ဆောင်ရွက်လျက်ရှိရာ ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများတိုးတက်လာခဲ့ပြီဖြစ်သည်။

ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ၏ စိုက်ပျိုးထုတ်လုပ်သော ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် ပြည်တွင်းကူးသန်းရောင်းဝယ်မှုသာမက ပြည်ပနိုင်ငံများနှင့် ဆက်သွယ်၍ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဆက်သွယ်ဆောင်ရွက်နိုင်စေရန်၊ ရခိုင်ပြည်နယ်အတွင်း ဒေသခံတိုင်းရင်းသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာစေရန် လက်ရှိအစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရန် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

**စစ်တွေဆိပ်ကမ်း**

စစ်တွေမြို့၌ အိန္ဒိယနိုင်ငံက ရင်းနှီးမြှုပ်နှံမှုဖြင့် တာဝန်ယူဆောက်လုပ်နေသည့် စစ်တွေဆိပ်ကမ်းသည် ယခု ၂၀၁၇ ခုနှစ်၌ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။ စစ်တွေဆိပ်ကမ်းလုပ်ငန်းများ စတင်လည်ပတ်ပါက စစ်တွေ-ပလက်ဝသို့ ကုန်တန်ချိန် ၃၅၀၀ မှ ၄၀၀၀ အထိ သယ်ယူပို့ဆောင်နိုင်ပြီး စစ်တွေမှ ကိုးလ်ကတ္တားသို့ ကုန်တန်ချိန် ၂၀၀၀၀ ထိ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည်။

**ကုလားတန်ဘက်စုံစီမံကိန်း**

ကုလားတန်မြစ်ကြောင်းတစ်လျှောက် စစ်တွေမှ ပလက်ဝအထိ သောင်များကိုလည်း တူးထားပြီးဖြစ်ရာ ကုလားတန်ဘက်စုံစီမံကိန်း၏ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးမှာ ၂၀၁၇ ခုနှစ်၌ စတင်လုပ်ငန်းအကောင်အထည်ဖော်တော့မည်ဖြစ်သည်။

ကုလားတန်ဘက်စုံစီမံကိန်းသည် အိန္ဒိယနိုင်ငံ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် ကိုးလ်ကတ္တားမြို့နှင့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ် စစ်တွေမြို့တို့ကို ပင်လယ်ရေကြောင်းမှတစ်ဆင့် တိုက်ရိုက်ဆက်သွယ်မည်ဖြစ်သည်။

**စစ်တွေမှ မီဇိုရမ်ပြည်နယ်သို့**

စစ်တွေမှတစ်ဆင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ကို ကုလားတန်မြစ်ကြောင်းလမ်းနှင့် မော်တော်ကားလမ်းတို့ကိုအသုံးပြု၍ သယ်ယူပို့ဆောင်ရေးလမ်းကြောင်း ဖွင့်လှစ်သွားမည်ဖြစ်သည်။

ကုလားတန် ဘက်စုံစီမံကိန်းကြောင့် ကိုးလ်ကတ္တားမြို့နှင့် စစ်တွေမြို့အကြား ခရီးအကွာအဝေးသည် နဂိုမူလကုန်းကြောင်းလမ်းမှတစ်ဆင့် ဆက်သွယ်မှုနှင့်နှိုင်းယှဉ်ပါက ၁၃၂၈ ကီလိုမီတာ လျော့နည်းသွားမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှု တိုးတက်စေမည်ဖြစ်သည်။

**မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံဖြတ်ကျော်စီမံကိန်း**

ပလက်ဝမှတစ်ဆင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အထိ မော်တော်ကားလမ်း ဖောက်လုပ်မည်ဖြစ်ရာ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကုန်သွယ်မှုတို့အတွက်လည်း များစွာအထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

ကုလားတန် ဘက်စုံစီမံကိန်းကြောင့် အိန္ဒိယနိုင်ငံ မိုရေးမြို့မှ မြန်မာနိုင်ငံ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့ကိုဖြတ်၍ ထိုင်းနိုင်ငံ မဲဆောက်မြို့ကို ဆက်စပ်မည့် သုံးနိုင်ငံဖြတ်ကျော် စီမံကိန်းနှင့်ပေါင်းစပ်ပါက ရခိုင်ပြည်နယ်သည် ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်သည်။

**ပုဏ္ဏားကျွန်းစက်မှုဇုန်**

စစ်တွေမြို့နှင့် အနီးကပ်ဆုံးမြို့မှာ ပုဏ္ဏားကျွန်းမြို့ဖြစ်သည်။ ကားလမ်းဖြင့် ရာသီမရွေး သွားလာနိုင်သည့်အပြင် မိနစ် ၄၀ ခန့်သာကြာသည်။ ပုဏ္ဏားကျွန်းမြို့တွင် ယခုအခါ စက်မှုဇုန်တည်ဆောက်ရန် လုပ်ငန်းများစတင်နေပြီဖြစ်သည်။ ပုဏ္ဏားကျွန်းစက်မှုဇုန်သည် ရန်ကုန်-စစ်တွေ ကားလမ်းဘေးတွင် တည်ရှိပြီး မြေဧရိယာ ၁၈၃၃ ဒသမ ၁၅ ဧကကျယ်ဝန်းသည်ဖြစ်ရာ အရွယ်အစားကြီးမားသည့် စက်မှုဇုန်ဖြစ်သည်။

**စီးပွားရေးလုပ်ငန်းမျိုးစုံပါဝင်**

ပုဏ္ဏားကျွန်းစက်မှုဇုန်အတွင်း စီးပွားရေးလုပ်ငန်းမျိုးစုံပါဝင်ပြီး စက်ရုံ၊ အလုပ်ရုံများလည်း ပါဝင်မည်ဖြစ်သည်။

အထည်အလိပ်စက်ရုံ၊ အထည်ချုပ်စက်ရုံ၊ လျှပ်စစ်ပစ္စည်းစက်ရုံ၊ လူမှုဘဝအခြေခံ အသုံးအဆောင်ထုတ်လုပ်သည့် စက်ရုံများအပြင် ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များက အပြည့်အဝလာရောက်ရင်းနှီးမြှုပ်နှံကြရန် စိတ်ဝင်စားလျက်ရှိသည်။

ပုဏ္ဏားကျွန်းစက်မှုဇုန်သည် ကားလမ်း၊ ရထားလမ်းနှင့်နီးကပ်စွာတည်ရှိပြီး ကုလားတန်မြစ်နှင့်လည်း နီးသဖြင့် ရေလမ်း၊ ကုန်းလမ်းများမှ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရေးအဆင်ပြေသည်ဖြစ်ရာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည့် စက်မှုဇုန်ဖြစ်သည်။

**အလုပ်အကိုင်အခွင့်အလမ်းသစ်များ**

ပုဏ္ဏားကျွန်းစက်မှုဇုန်ကို စက်ယန္တရားများဖြင့် အကောင်အထည်ဖော်နေသဖြင့် တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပြီး စက်မှုဇုန်လည်ပတ်ချိန်တွင် ဒေသခံလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များရရှိနိုင်ပြီး အလုပ်လက်မဲ့ လျော့ကျစေမည်ဖြစ်သည်။ စက်မှုဇုန်ကြောင့် ပုဏ္ဏားကျွန်းမြို့နှင့် ထိစပ်နေသော မြောက်ဦးမြို့နယ်နှင့် ကျောက်တော်မြို့နယ်တို့သည်လည်း တိုးတက်ဖွံ့ဖြိုးမှုများ ရရှိလာစေမည်ဖြစ်သည်။



စစ်တွေဆိပ်ကမ်းကို တွေ့ရစဉ်။

အချပ်ပို (ခ) သို့ »»

အချပ်ပို (က) မှ »»

## ပုစွန်၊ ကဏန်းမွေးမြူရေး

ပုဏ္ဏားကျွန်းမြို့အနီး စစ်တွေ-ပုဏ္ဏားကျွန်း ကားလမ်းဘေးတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ပုစွန်မွေးမြူရေးလုပ်ငန်းနှင့် ကဏန်းမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။

ငါးပုစွန်မွေးမြူရေးလုပ်ငန်းမှာ ရခိုင်ပြည်နယ်တွင် ဖြစ်ထွန်းအောင်မြင်လျက်ရှိရာ ပြည်တွင်းပြည်ပကုမ္ပဏီများ လာရောက်လုပ်ကိုင်လျက်ရှိသည်။ မွေးမြူရေးထွက်ကုန်များကို ပြည်ပသို့တင်ပို့ရောင်းချပြီး ပြည်တွင်းသို့လည်း ဖြန့်ဖြူးကြသည်။ ကျောက်ဖြူတွင် ကဏန်းမွေးမြူရေးလုပ်ငန်းကို ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် လာရောက်လုပ်ကိုင်လျက်ရှိရာ ဒေသခံလူငယ်များ အလုပ်အကိုင်ရရှိလျက်ရှိသည်။

## ရေငန်ကျားပုစွန်

ရခိုင်ပြည်နယ်တွင် လက်ရှိအချိန်၌ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် ဦးရေမှာ ၉၆၃၅ ဦးရှိပြီး မွေးမြူသည့်ဧရိယာ အကျယ်အဝန်းမှာ ၁၅၆၅၃၈ ဒသမ ၆၄ ဧက ရှိသည်။ ပုစွန်မွေးမြူဧက အများဆုံးဖြစ်ပြီး ရေငန်ကျားပုစွန်ကို အများဆုံးမွေးမြူကြသည်။

ထိုသို့မွေးမြူရာတွင် မြန်မာနိုင်ငံ၏ ရေနေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးအစီအစဉ် (MYSAP)စီမံကိန်းကို EU-GIZ နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ ငွေကြေးထောက်ပံ့ရယူမှုတို့ဖြင့် ဆောင်ရွက်ရန်စီစဉ်လျက်ရှိသည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးဇုန်များ

ကျောက်တော်မြို့နယ်တွင်လည်း စိုက်ပျိုးရေးဇုန်၊ မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ရန် အစီအစဉ်ရှိနေသည်။ ကျောက်တော်မြို့နယ်၏ ပထဝီအနေအထားမှာ မြေပြန့်လွင်ပြင်များရှိပြီး စိုက်ပျိုးမြေကောင်းမွန်ကာ ကစ္ဆပနဒီမြစ်ကလည်း စီးဆင်းနေသဖြင့် ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်သည်။

ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များက မြေဧကအရွယ်အစားကြီးမားသော စိုက်ပျိုးခင်းများပါဝင်သည့် စိုက်ပျိုးဇုန်နှင့် ပြည်တွင်းပြည်ပဈေးကွက်များ အဓိကတင်ပို့နိုင်သော အသား၊ ငါး၊ နို့နှင့် ဥများထုတ်လုပ်နိုင်သည့် မွေးမြူရေးဇုန်ကြီးထူထောင်ရန် ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရေး စိတ်ဝင်စားလျက်ရှိသည်။

ကျောက်တော်မြို့နယ်တွင် စိုက်ပျိုးရေးဇုန်နှင့် မွေးမြူရေးဇုန်များ အကောင်အထည်ဖော်နိုင်ပါက ဒေသခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်း များစွာပေါ်ထွက်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို ကြီးမားစွာ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

## စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)

စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)မှ ကျောင်းပြီးသွားသည့် လူငယ်များအတွက် မိမိတို့တတ်ကျွမ်းသည့်ပညာဖြင့် ထိရောက်စွာ အသုံးပြုကာ ဒေသအကျိုးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ကျောက်တော်စိုက်ပျိုးရေးဇုန်နှင့် မွေးမြူရေးဇုန်များ ဖော်ဆောင်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ထားပြီးဖြစ်သည်။ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိရာ အောင်မြင်လျှင် စီးပွားဖြစ်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများထွန်းကားလာပြီး ရခိုင်ပြည်နယ်၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးမည်ဖြစ်သည်။



ကျောက်ဖြူအထူးစီးပွားရေးဇုန်ပုံစံငယ်ကို တွေ့ရစဉ်။

## ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်း

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်အတွင်း ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းများ ဆောင်ရွက်နေသည်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို ကျောက်ဖြူမြို့နယ် သိုင်းချောင်းလမ်းဆုံအနီး ဝန်းကျင်တွင် အကောင်အထည်ဖော်မည်ဖြစ်သည်။

ယခုအခါ မြေပြင်လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ရာ အထူးစီးပွားရေးဇုန်ကြောင့် ရခိုင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများမြင့်တက်လာပြီး စီးပွားရေးလည်း အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်သည်။



သံတွဲမြို့ရှိ အအေးခန်းစက်ရုံတစ်ရုံ။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းတင်ဒါအောင်မြင်ထားသော CITIC Group နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီသို့ လုပ်ငန်းများအကောင်အထည်ဖော်ရန် ဆွေးနွေးလျက်ရှိရာ မကြာမီကာလအတွင်း စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

## ဒေသခံပြည်သူ နှစ်သိန်းခန့်ကို အလုပ်အကိုင်ပေးနိုင်မည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်

ကျောက်ဖြူအထူးစီးပွားရေးဇုန်လုပ်ငန်းများ အကောင်အထည်ဖော်ပါက ဒေသခံပြည်သူ ၂၀၀၀၀၀ ခန့်ကို အလုပ်အကိုင်များ ပေးစွမ်းနိုင်မည်ဖြစ်သည်။ ရခိုင်ပြည်နယ်၏ ကုန်သွယ်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း တိုးတက်လာမည်ဖြစ်ရာ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်။

## ဒေသခံလူငယ် တစ်သိန်းခန့်ကို အလုပ်အကိုင်အခွင့်အလမ်းရရှိစေမည့် ကျောက်ဖြူရေနက်ဆိပ်ကမ်း

ကျောက်ဖြူမြို့နယ် မဒေးကျွန်းတွင်လည်း ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် ရေနက်ဆိပ်ကမ်းတည်ဆောက်မှုများ ယခုနှစ်တွင် စတင်မည်ဖြစ်သည်။ စီမံကိန်းပြီးစီးပါက ရခိုင်ပြည်နယ်တစ်ခုလုံးအတွက် ကုန်သွယ်မှုနှင့် စီးပွားရေးတိုးတက်ရန် တွန်းအားတစ်ရပ်ပင်ဖြစ်သည်။ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းပြီးစီးပြီး လုပ်ငန်းများလည်ပတ်ပါက ဒေသခံလူငယ် ၁၀၀၀၀၀ ခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည်ဖြစ်သည်။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်းများသည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောလုပ်ငန်းများဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

လက်ရှိအစိုးရတစ်နှစ်တာကာလအတွင်း ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းများကို လုပ်ငန်းများစတင်နိုင်ရန် တင်ဒါအောင်မြင်ထားသော ကုမ္ပဏီနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

## ပြည်တွင်းပြည်ပကုန်သွယ်ရေး

ရခိုင်ပြည်နယ်သည် ပြည်တွင်းပြည်ပကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းကုန်သွယ်ရေးဖြင့် မြန်မာနိုင်ငံတစ်ဝန်း ကားလမ်းဖြင့် ချိတ်ဆက်ဆောင်ရွက်ကာ နေ့ညမရွေး ကုန်စည်စီးဆင်းမှုအရှိန်မပျက်အောင် ဆောင်ရွက်နိုင်လျက်ရှိသည်။

ပြည်ပကုန်သွယ်ရေးအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်သွယ်လျက်ရှိသည်။ နှစ်နိုင်ငံကုန်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကုန်သွယ်မှုဟန်ချက်ညီစေရန် ရခိုင်ပြည်နယ်မှထွက်ကုန်များဖြစ်သည့် စိုက်ပျိုးရေးထွက်ကုန်နှင့် ငါးအစို၊ ငါးခြောက်များ အပါအဝင် အခြားစားသုံးထွက်ကုန်များကိုလည်း ပိုမိုတင်ပို့နိုင်ရန်လည်း ကြိုးစားဆောင်ရွက်လျက်ရှိသည်။

## ကုန်သွယ်မှုပမာဏ

နယ်နိမိတ်ဆက်စပ်နေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏကိုကြည့်လျှင် ၂၀၁၆-၂၀၁၇ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၆၉ သန်းဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၇၂ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

## အမေရိကန်ဒေါ်လာ သုံးသန်းကျော် ရေထွက်ကုန်များတင်ပို့

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မောင်တောကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ အများဆုံးတင်ပို့

အချပ်ပို (ဂ) သို့ »»



ရွှေရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးစင်ကို တွေ့ရစဉ်။



စစ်တွေကုန်သွယ်ရေးစခန်း မင်းဂံဆိပ်ကမ်းတွင် ကုန်သွယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

အချပ်ပို (ခ) မှ »»

သည့် ကုန်ပစ္စည်းများမှာ ငါးခြောက်မျိုးစုံ၊ ရေငန်ပုစွန်နှင့် ငါးအစိုတို့ဖြစ်ပြီး တန်ချိန် စုစုပေါင်း ၃၅၃၉ ဒသမ ၁၈၀ တန် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၄၆ သန်း တင်ပို့နိုင်ခဲ့သည်။

**စစ်တွေကုန်သွယ်ရေးစခန်း**

စစ်တွေကုန်သွယ်ရေးစခန်းမှလည်း ငါးအစိုနှင့် ငါးခြောက်စုစုပေါင်း တန်ချိန် ၂၀၀၁ ဒသမ ၅၀ တန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၇၈ သန်းတင်ပို့နိုင်ခဲ့ရာ မောင်တောနှင့် စစ်တွေနယ်စပ်ကုန်သွယ်ရေးတို့မှ စုစုပေါင်း ငါးအစို၊ ငါးခြောက် တင်ပို့မှု တန်ချိန် ၅၆၄၀ ဒသမ ၆၈ တန် အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၂၄ သန်းဖိုး တင်ပို့နိုင်ခဲ့သည်။

**မင်းဂံဆိပ်ကမ်း**

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် မင်းဂံဆိပ်ကမ်းနှင့် ဆတ်ရိုးကျချောင်းမှ ကုန်ပစ္စည်းတင်ပို့တင်သွင်းမှုများ ပြုလုပ်ခြင်းဖြစ်သည်။ စစ်တွေကုန်သွယ်ရေးစခန်း မင်းဂံဆိပ်ကမ်းသည် ကုန်ပစ္စည်းများထားရှိရန်နှင့် ကုန်တင်ရေယာဉ်များဆိုက်ကပ်ရန် အဆင်ပြေရာ ကုန်သွယ်မှုဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့သည်။

**မောင်တောကုန်သွယ်ရေးစခန်း**

နံ့စားပြောင်းကိုလည်း မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဘိလပ်မြေ၊ လက်နှိပ်တုံကင်၊ အဝတ်အထည်နှင့် ပလတ်စတစ်ပစ္စည်းများတင်သွင်းခဲ့သည်။

ရခိုင်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ကုန်သွယ်မှုဆောင်ရွက်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ် ၁၃ ရက်အထိ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၅၂ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ပြီး တစ်နှစ်တာကာလ လအလိုက်ကုန်သွယ်မှုလျာထားချက်အပေါ် စုစုပေါင်း ပျမ်းမျှ ၅၄ ဒသမ ၁၉၆ ရာခိုင်နှုန်း တင်ပို့ဆောင်ရွက်နိုင်ခဲ့သည်။

မောင်တောကုန်သွယ်ရေးစခန်းမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ် ၁၃ ရက်အထိ လအလိုက်လျာထားချက်ကုန်သွယ်မှုအပေါ် ၆၆ ဒသမ ၅၄၂ ရာခိုင်နှုန်း တင်ပို့ဆောင်ရွက်နိုင်ခဲ့သည်။

မောင်တော ကုန်သွယ်ရေးစခန်း၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကုန်သွယ်မှု ပို့ကုန်သွင်းကုန်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပို့ကုန်သွင်းကုန်က သုည ဒသမ ၂၇၁ ရာခိုင်နှုန်း ပိုမိုခဲ့သည်။

**သဇင်မြေကုန်သွယ်မှုဗဟိုဌာန**

ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်အတွက် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်တွင်းမှလုပ်ငန်းရှင်များ ချိတ်ဆက်၍ သတင်းအချက်အလက်များ ဖြန့်ဝေပေးရန်နှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ရည်ရွယ်ပြီး သဇင်မြေကုန်သွယ်မှုဗဟိုဌာနကို စစ်တွေမြို့၌ ၈-၈-၂၀၁၆ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။

**စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များမေးမြန်းစုံစမ်းနိုင်**

သဇင်မြေ ကုန်သွယ်မှုဗဟိုဌာနသည် စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ မေးမြန်းစုံစမ်းမှုများကို ဖြေကြားပေးခြင်း၊ စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးတိုင်ပင်နိုင်ရန်စီစဉ်ပေးခြင်း၊ စီးပွားရေးပညာပေးဆွေးနွေးပွဲများ စီစဉ်ပေးခြင်း၊ စီးပွားရေးတွေ့ဆုံညှိနှိုင်းပွဲများ စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

သဇင်မြေကုန်သွယ်မှုဗဟိုဌာန ထူထောင်ပေးခြင်းဖြင့် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရခိုင်ပြည်နယ်ရှိ စီးပွားရေးလုပ်ငန်းရှင်များ အလုပ်သဘောအရ တွေ့ဆုံဆွေးနွေးမှုများရှိလာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လာရောက်ဆောင်ရွက်နိုင်ရန် တွန်းအားပေးနိုင်ခဲ့သည်။ တချို့စီးပွားရေးလုပ်ငန်းရှင်များက ရခိုင်ပြည်နယ်တွင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် စတင်နေကြပြီဖြစ်သည်။

**ဟိုတယ်၊ စွမ်းအင်နှင့် သတ္တုလုပ်ငန်းများတွင် ရင်းနှီးရန်စိတ်ဝင်စားနေ**

ပြည်ပစီးပွားရေး လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအနေဖြင့်လည်း ရခိုင်ပြည်နယ်တွင် ဟိုတယ်လုပ်ငန်း၊ စွမ်းအင်လုပ်ငန်းနှင့် သတ္တုလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ပြီး စိတ်ဝင်စားစွာဆွေးနွေးနေကြပြီဖြစ်သည်။

**ကညင်ချောင်းကုန်သွယ်ရေးဇုန်**

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်စေရန် စီးပွားရေးဇုန်နှင့် ကုန်သွယ်ရေးဇုန်များက အရေးပါလျက်ရှိရာ ကညင်ချောင်းကုန်သွယ်ရေးဇုန်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအစိုးရလက်ထက်တွင် မောင်တောခရိုင်အတွင်းတည်ရှိသည့် ကညင်ချောင်းကုန်သွယ်ရေးဇုန်ကို အရှိန်အဟုန်မပျက်တည်ဆောက်နိုင်ရန် တွန်းအားပေးလျက်ရှိသည်။

**အဆင့်မြင့်ဈေးတည်ဆောက်ရေးလုပ်ငန်း**

မောင်တောခရိုင် ကညင်ချောင်းဒေသတွင် ကညင်ချောင်းကုန်သွယ်ရေးဇုန်နှင့် အဆင့်မြင့်ဈေးတည်ဆောက်ရေးလုပ်ငန်းများကို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခဲ့ရာ မောင်တောကုန်သွယ်ရေးဇုန်တွင် အအေးခန်းစက်ရုံ၊ ကုန်သိုလှောင်ရုံ၊ စက်သုံးဆီဆိုင်၊ တည်းခိုခန်း၊ စားသောက်ဆိုင် စသည့် အဆောက်အအုံများကို တည်ဆောက်လျက်ရှိရာ အချို့အဆောက်အအုံများ ပြီးစီးနေပြီဖြစ်သည်။

**ကွန်ကရစ်ဆိပ်ခံတံတား နှစ်စင်း**

ကညင်ချောင်း ကုန်သွယ်ရေးဇုန်တွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ကွန်ကရစ်ဆိပ်ခံတံတားနှစ်စင်းမှာ ရာနှုန်းပြည့်ပြီးစီးနေပြီး ကျပ်သန်း ၁၆ ဒသမ ၄၄ အကုန်အကျခံတည်ဆောက်ထားသည့် အရှည်ပေ ၄၂၀ ရှိသော မြေသားချဉ်းကပ်လမ်းမှာလည်း အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

ကညင်ချောင်း စီးပွားရေးဇုန်တွင် ကုန်စည်သိုလှောင်ရုံနှင့် အရောင်းပြခန်းများမှာ တည်ဆောက်မှုများပြီးစီးနေပြီဖြစ်သည်။ ကညင်ချောင်းကုန်သွယ်ရေးဇုန် ပြီးစီးပါက လုပ်ငန်းများ စတင်လည်ပတ်သည်နှင့် မောင်တောခရိုင်၏ စီးပွားရေး၊ ကုန်သွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အောင်မြင်မှုရရှိလာမည်ဖြစ်သည်။

**နယ်စပ်ကုန်သွယ်ရေး**

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး ဆောင်ရွက်ရာတွင် စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့မှ အဓိကကုန်သွယ်မှုပြုလုပ်လျက်ရှိရာ ကုန်သွယ်မှုမြှင့်တင်နိုင်ရေးနှင့် လွယ်ကူချောမောစေရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေးကို မကြာခဏကျင်းပပြီး နှစ်နိုင်ငံကုန်သွယ်ရေး တိုးတက်စေရန် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မောင်တောခရိုင် ကညင်ချောင်းကုန်သွယ်ရေးဇုန်နှင့် အဆင့်မြင့်ဈေးတည်ဆောက်ရေးလုပ်ငန်းများကလည်း အပြန်အလှန်ကုန်သွယ်ရေးကို တိုးတက်လာစေရန် အထောက်အကူပေးမည်ဖြစ်သည်။

**ကုန်သွယ်မှုအချက်အလက်များဖလှယ်**

ရခိုင်ပြည်နယ်သည် သဘာဝဓာတ်ငွေ့၊ ရေနံ၊ သတ္တု၊ ငါးလုပ်ငန်းနှင့် စိုက်ပျိုးရေးထုတ်ကုန်များထွက်ရှိရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း ဝယ်ယူတင်သွင်းရန် လိုလားလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်ဆိပ်ကမ်းများတွင်

အချပ်ပို (ဃ) သို့ »»



ပြည်တွင်းပြည်ပကုမ္ပဏီများက ဟိုတယ်များတည်ဆောက်နိုင်ရေး ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားလျက်ရှိသည့် ငပလီကမ်းခြေအလှကို တွေ့ရစဉ်။



ကညင်ချောင်းကုန်သွယ်ရေးဇုန်ရှိ ကွန်ကရစ်ဆိပ်ခံတံတား။

**အချပ်ပို (၇) မှ »»**

ကုန်စည်များ ကုန်တင်ကုန်ချလွယ်ကူစေရန် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်လည်း ဆွေးနွေးလျက်ရှိသည်။ နှစ်နိုင်ငံ ကုန်သွယ်ရေးကွာဟမှုမရှိစေရန် နှစ်နိုင်ငံ ကုန်သွယ်မှုအချက်အလက်များ ပုံမှန်ဖလှယ်ရန် ဆောင်ရွက်လျက်ရှိသည်။

**ကမ်းလွန်သဘာဝဓာတ်ငွေ့သိုက်**

ရခိုင်ပြည်နယ်သည် ကမ်းရိုးတန်းဒေသတစ်ခုဖြစ်ရာ မြန်မာ့ရေပိုင်နက်အတွင်း ကမ်းလွန်သဘာဝဓာတ်ငွေ့သိုက်များ ခိုအောင်းလျက်ရှိသည်။ သဘာဝဓာတ်ငွေ့သိုက်များ ပေါများသည့်အပြင် ကမ်းလွန်ရေနံလုပ်ကွက်များလည်း တည်ရှိနေသဖြင့် သဘာဝဓာတ်ငွေ့နှင့် ရေနံသယံဇာတများသည် ရခိုင်ပြည်နယ်၏ သဘာဝလက်ဆောင်များဖြစ်သည်။

**ပြည်ပကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံ**

ထိုသဘာဝဓာတ်ငွေ့နှင့် ရေနံများကို ပြည်ပကုမ္ပဏီများက လာရောက်ရင်းနှီးမြှုပ်နှံထုတ်လုပ်လျက်ရှိပြီး လက်ရှိအစိုးလက်ထက်တွင် ပြင်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိစေရန် ဖိတ်ခေါ်လျက်ရှိသည်။ လက်ရှိလုပ်ကိုင်နေသော ကုမ္ပဏီများကိုလည်း လုပ်ငန်းအခက်အခဲများ ကူညီဖြေရှင်းပေးလျက်ရှိသည်။

**မာဘယ်ကျောက်ထုတ်လုပ်ရေးလုပ်ငန်း**

ရခိုင်ပြည်နယ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအရ ခွင့်ပြုမိန့်ဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသောလုပ်ငန်းများမှာ သတ္တုတူးဖော်ရေးလုပ်ငန်းတွင် Myanmar Simco Song Da Joint Stock Co.,Ltd. က မာဘယ်ကျောက်ထုတ်လုပ်ရေးလုပ်ငန်းအတွက် ရခိုင်ပြည်နယ်နေပူတောင်တွင် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၁၄၇ သန်းဖြင့် လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။

**ရှာဖွေတူးဖော်**

ရခိုင်ပြည်နယ် စွမ်းအင်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသည့် Statoil Myanmar Private Limited & Conocophillips Myanmar E&P Pte. Ltd.က ရခိုင်ကမ်းလွန်ဒေသ ရေနက်ပိုင်းလုပ်ကွက်အမှတ် AD-10 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၃၂၃ ဒသမ ၆၅၀ သန်းဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသည်။

Woodside Energy (Myanmar) Pte. Ltd. & BG Exploration & Production Myanmar Pte.Ltd. က ရခိုင်ကမ်းလွန်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာသန်း ၂၉၀ ဒသမ ၁၀၀ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည်။

**အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၀၀၀၀ ကျော် ရင်းနှီးမြှုပ်နှံ**

ရခိုင်ပြည်နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စွမ်းအင်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၇ ခု၊ သတ္တုတူးဖော်ရေးလုပ်ငန်းတွင် တစ်ခုနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် လုပ်ငန်းတစ်ခုအပါအဝင် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၉ ခုတွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၀၂၅၉ ဒသမ ၄၈၃ ဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည်။

**ဟိုတယ်ကဏ္ဍ**

၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ်လကုန်ထိ ဟိုတယ်နှင့် တည်းခိုရိပ်သာ ငါးလုံးနှင့် အိပ်ခန်းပေါင်း ၁၉၃ ခန်းကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်ပေးခဲ့သဖြင့် ရခိုင်ပြည်နယ်တွင် ယခုအခါ ဟိုတယ်နှင့် တည်းခိုရိပ်သာ စုစုပေါင်း ၄၉ လုံးနှင့် အိပ်ခန်းပေါင်း ၁၅၄၀ အထိ တိုးမြှင့်လာခဲ့သည်။

အသစ်ထပ်မံခွင့်ပြုခဲ့သည့် ဟိုတယ်နှင့် တည်းခိုရိပ်သာများမှာ စစ်တွေမြို့တွင် တည်းခိုရိပ်သာ နှစ်လုံးနှင့် အိပ်ခန်း ၃၁ ခန်း၊ ကျောက်ဖြူမြို့တွင် ဟိုတယ်နှင့် တည်းခိုရိပ်သာ သုံးလုံးနှင့် အိပ်ခန်း ၉၃ ခန်း အသစ်ပေါ်ထွက်လာခဲ့သည်။

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်**

ရခိုင်ပြည်နယ်တွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် မူလလုပ်ငန်းလိုင်စင်ရှိပြီးသား ဟိုတယ်နှင့် တည်းခိုရိပ်သာအချို့ကလည်း အိပ်ခန်းများတိုးချဲ့လာကြပြီး စစ်တွေမြို့တွင် အိပ်ခန်း ၁၆ ခန်းနှင့် ငပလီမြို့တွင် အိပ်ခန်း ၅၃ ခန်းကိုလည်း တိုးမြှင့်ခွင့်ပြုပေးနိုင်ခဲ့သည်။



နိုင်ငံခြားသား ခရီးသွားဧည့်သည်များ စမ်းချောင်းတစ်လျှောက် ဆင်စီး၍ သဘာဝတောတောင်ရှုခင်းများကို လိုက်လံကြည့်ရှုနေစဉ်။


**ငပလီကမ်းခြေ**

ငပလီကမ်းခြေတွင် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ်လကုန်အထိ ဟိုတယ်တစ်လုံးနှင့် အိပ်ခန်း ၁၂ ခန်းပါ အဆင့်မြင့်တည်းခိုရိပ်သာတစ်လုံးအတွက် တည်ဆောက်မှုခွင့်ပြုပေးခဲ့သည်။

ငပလီကမ်းခြေသည် ကမ္ဘာကျော်ကမ်းခြေတစ်ခုဖြစ်ရာ ပြည်တွင်းပြည်ပကုမ္ပဏီများက ဟိုတယ်များတည်ဆောက်နိုင်ရေး ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားလျက်ရှိသည်။

**အလယ်သံကျော်ကမ်းခြေနှင့် ကျောက်ပန္နူကမ်းခြေ**

ဟိုတယ်လုပ်ငန်းရှင်များက ရခိုင်ပြည်နယ်ရှိ အလယ်သံကျော်ကမ်းခြေနှင့် ကျောက်ပန္နူကမ်းခြေတို့ကိုလည်း အပန်းဖြေကမ်းခြေများအဖြစ် ဖော်ဆောင်ပြီး ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားလျက်ရှိသည်။



မွေးမြူရေးကန်တစ်ကန်ကို တွေ့ရစဉ်။



နယူးဧရာ(၁) စပါးမျိုး မှိုသီးရောဂါစမ်းသပ်ကွက်တစ်ကွက်ကို တွေ့ရစဉ်။

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသတစ်ခုဖြစ်သော မြောက်ဦးဒေသတွင် ခရီးသွားများ တိုးတက်လာသည်နှင့်အမျှ ဟိုတယ်လုပ်ငန်းများဖွံ့ဖြိုးလာစေရန် ပြည်တွင်းပြည်ပအဖွဲ့အစည်းများဖြင့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့ရာ ဟိုတယ်တည်ဆောက်နိုင်ရေး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ခဲ့သည်။

ယခုအခါ မြောက်ဦးဒေသတွင် ဟိုတယ်သစ်များ တည်ဆောက်ရန် ပြည်ပကုမ္ပဏီများက စိတ်ဝင်စားလျက်ရှိသည်။

**ဗင်လန်နိုင်ငံနှင့် ဆွီဒင်နိုင်ငံမှ ကုမ္ပဏီများ**

ဗင်လန်နိုင်ငံမှ Ha Nam CMC Co.,Ltd. က ဟိုတယ်ဝန်ဆောင်လုပ်ငန်းများကို ဆောင်ရွက်ရန် အစီအစဉ်ရှိနေပြီး ဆွီဒင်နိုင်ငံမှ Ziba Hotels And Resorts Co.,Ltd. ကလည်း ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်ဖြစ်သည်။ နောက်ထပ် ဆွီဒင်နိုင်ငံမှ D n A Hotels And Resorts Co.,Ltd. ကလည်း ဟိုတယ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စီစဉ်နေပြီဖြစ်သည်။

ခရီးသွားလုပ်ငန်းတိုးတက်စေရန် ခရီးစဉ်သစ်များ ထပ်မံဖော်ထုတ်နိုင်ရေးအတွက် ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ်လကုန်အထိ တစ်နှစ်တာကာလအတွင်း ရခိုင်ပြည်နယ်မြောက်ခြမ်းရှိ ရသေ့တောင်မြို့နယ်နှင့် ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ်တောင်ဘက်ခြမ်းရှိ ဂွမြို့နယ်နှင့် မာန်အောင်မြို့နယ်တို့သို့ ကွင်းဆင်းသုတေသနပြုခဲ့သည်။ ခရီးသွားလုပ်ငန်းတွင် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံရှင်များ လာရောက်လုပ်ကိုင်နိုင်သည့် အစီအမံများရေးဆွဲနိုင်ခဲ့သည်ဖြစ်ရာ ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုများ တိုးတက်များပြားလာမည်ဖြစ်သည်။

**ရင်းနှီးမြှုပ်နှံသည့် ကဏ္ဍများစွာ**

ယခုအခါ ပြည်တွင်းပြည်ပစီးပွားရေးကုမ္ပဏီများက ဟိုတယ်လုပ်ငန်း ၁၀ ခု၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် လုပ်ငန်း ငါးခု၊ ဆောက်လုပ်ရေးကဏ္ဍတွင် လုပ်ငန်း နှစ်ခု၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် လုပ်ငန်း တစ်ခု၊ အခြားကဏ္ဍတွင် လုပ်ငန်းတစ်ခုတို့အပါအဝင် စုစုပေါင်းလုပ်ငန်း ၁၉ ခု ၌ ကျပ်သန်းပေါင်း ၁၁၁၃၁ ဒသမ ၆ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည်။

ရခိုင်ပြည်နယ်တွင် ယခုအစိုးရ၏ တစ်နှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ခဲ့မှုကိုကြည့်လျှင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအထိ နိုင်ငံခြားကုမ္ပဏီ သုံးခုနှင့် မြန်မာကုမ္ပဏီ ၁၃၆ ခုတို့မှတ်ပုံတင်ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

**ပြည်တွင်းကုမ္ပဏီများ**

ပြည်တွင်းကုမ္ပဏီများလည်း ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်ဆောင်ရွက်ရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က ပြည်တွင်းကုမ္ပဏီ ၁၂၆ ခုရှိခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ကုမ္ပဏီပေါင်း ၁၃၆ ခု ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခဲ့ရာ ယခင်နှစ်ကထက် ကုမ္ပဏီ ၁၀ ခု တိုးမြှင့်ပါဝင်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘက်စုံစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာမည်သာမက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။

■■■